
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# စောညို

မင်းသားတစ်ခါ၊ မင်းသမီးတစ်လှည့်

စာမူခွင့်ပြုချက်အမှတ် – ၅၁၁၈၉၉၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၂၂၀၁၀၉

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

တန်ဖိုး – ၁၀၀/-

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# စောညို

## မင်းသားတစ်ခါမင်းသမီးတစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com







သင်သိပါစေ

လေပုဝ်လေချွေ (က)

ဝေဝေနံ့နေသော

သင်သိပါစေ၊

ယနေ့ငါသည်

ငါ့တစ်သက်မှာ

အားသည့်သာငါ

ငါ့အာဝေ့ကိုး

ငါ့ဇာဝါရေး

၉၀ထနှ၁၀၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



ငါတွေးငါဆို၊

မလိုအတ္တ၊

လေပိုမကြွား။

ပလွှားမရှိ၊

မြတ်ကောင်းစကားဆိုနေသူ။ ။

စောညို



BURMESE CLASSIC .com



ကျွန်တော်သည်

(၁) ရတနာသုံးပါးကိုဦးညွှတ်၏။ (စ)

(၂) နိုင်ငံတော်ကိုဦးညွှတ်၏။

(၃) မိဘဆရာကိုဦးညွှတ်၏။

(၄) တဗတ်ပရိသတ်ကိုဦးညွှတ်၏။

(၅) ကျွန်ုပ်တို့မွေးဖွားပေးသော တရေးသူကိုဦးညွှတ်၏။

စနေထွန်း (စ) ဂျက်စနေ



www.burmeseclassic.com

www.burmeseclassic.com









## ∫❃ ဇာတ်လမ်းစဉ် (၁) ❃∫

ဖေဖေနှင့်မပြောရဘဲ မေမေနှင့်သာပြောရသည်။ ပြောဖို့တာဝန်က မိဘနှစ်ပါးတွင်ရှိသော်လည်း ခုကိစ္စမှာ မေမေက သာ ဦးစီးဦးဆောင်လုပ်နေသည်။

"သားရှေ့ရေးအတွက် ကောင်းစေချင်လို့ပါသားရယ် ... ခုကိစ္စသာအောင်မြင်သွားရင် ဖေဖေ့အတွက်လည်းကောင်းတယ် ... အနာဂတ်မှာ သားရောဖေဖေပါ မျက်နှာပွင့်စရာပဲ ... "

"သားမှ သူ့ကိုမချစ်တာဘဲမေမေရာ ... သုံ့နဲ့သိဖူးကျွမ်းဖူးရှိလောက်သာရှိတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"သားမှာရည်းစားမရှိဘူး ... ချစ်သူမရှိသေးဘူးဆိုတာ မေမေ သိတယ် ... ဒါကြောင့် လွတ်လွတ်လပ်လပ်နဲ့ ပြောရဲဆိုရဲ စီမံရဲတာပေါ့ ... "

"မိန်းကလေးတစ်ယောက်ကို ကိုယ်ကမချစ်ဘဲလက်ထပ်ရ တယ်ဆိုတာ ထမင်းပွဲတစ်ခုမှာ ကိုယ်မကြိုက်တဲ့ဟင်းကို စားရတာနဲ့ဘာထူးမှာလဲ ... အောင့်သိအောင့်သက်နဲ့အောင့် ပြီးဗားရတာပဲမေမေ ... အရသာလည်းမရှိဘူး ... အနံ့ အသက်လည်း မကြိုက်ဘူး ... စားချင်စိတ်မရှိဘူးမေမေ"

"ဗိုက်ပြည့်သွားတာတော့ လိုရင်းပဲမဟုတ်လား ... သင်းပျံ့ နှယ်ကို သားလက်ထပ်လိုက်ရင် သားအေအမ်(မ်)(A.M) ကနေဂျီအမ်(G.M)ဖြစ်သွားမယ် ... ပြီးတော့ အင်(မ်)ဒီတစ် ယောက်လည်းဖြစ်လာနိုင်တယ်၊ ဖေဖေ့ကလည်း ပီအမ်(မ်) (P.M) ကနေ သည်ထက်အဆင့်တိုးသွားနိုင်တယ် ... သားနဲ့ သင်းပျံ့နှယ်နေဖို့ တိုက်အိမ်ကြီးတစ်လုံးကောင်းကောင်းရ မယ် ... ခေတ်မီကားတစ်စီးရမယ် ... ဘဏ်မှာသိန်းသုံး ထောင်ကို သားတို့အတွက် ထည့်ပေးဦးမယ် ... သန်းချီနေ တဲ့စိန်ထည်လက်ဝတ်လက်စားတွေကို ဦးမင်းနှယ်တို့က





မင်္ဂလာလက်ဖွဲ့အဖြစ် သားတို့မင်္ဂလာဆောင်မှာ လက်ဖွဲ့ဦး မယ် ... ဒါတွေဟာ မကြိုက်တဲ့ဟင်းစားပေမဲ့ ဗိုက်ပြည့်တာ နဲ့ အတူပဲမဟုတ်လား ... "

"မေမေတို့က ရုပ်ဝတ္ထုဘက်ကချည်း ထည့်တွက်နေတာ ကိုး၊ သားရဲ့ စိတ်ချမ်းမြေ့မှုကိုကော ထည့်မတွက်တော့ဘူး လား၊ အဲဒီလိုပဲ သင်းပျံ့နှယ်ဘက်ကကော သားကို ယူလိုက် ရလို့ စိတ်ကစိုပြည်မယ် မေမေတို့ထင်သလား ... သူ့မိဘက ကော ထင်သလား ... "

"ဟဲ့ ... ဒါက သူ့မိဘတွေနဲ့ သင်းပျံ့နှယ်သဘောတူ စီစဉ် ကြတာပဲဟာ ... သားကို ယူလိုက်ရလို့ သူကော သူ့ဘဝပါ မနစ်မွန်းပါဘူးဟယ် ... "

"ဟုတ်တယ် ... ကျွန်တော်က နစ်မွန်းတယ် ... ချစ်သူ ရည်းစားတောင်မထားခဲ့ဘူးတဲ့ ကျွန်တော်က ဗိုက်တစ်လုံး နဲ့မိန်းမတစ်ယောက်ကို ယူရတယ်ဆိုတာ ဘယ်လောက် နစ်နာသွားလဲ ... "

"ဘိုဘို ... ငါငိုလိုက်တော့မယ်နော် ... "

စနေထွန်းရဲ့ငယ်နာမည်က ဘိုဘို။



www.burmeseclassic.com

www.burmeseclassic.com



မေမေက နိုင်ပေါက်ကိုင်သည်။ ဖေဖေနှင့်မေမေ စကားစစ်ပွဲထိုးလို့ မေမေရှုံးလျှင် မေမေကငိုသည်။

သူမ၏မျက်ရည်လက်နက်အောက်တွင် ဖေဖေအညံ့ခံရ၏။ ထိုနည်းအတူ စနေထွန်းခေါ် ဘိုဘိုကိုပြောမရဆိုမရဘူးဆိုလျှင် မေမေ့နိုင်ကွက်ကအငို။

စနေထွန်းခေါ် ဘိုဘိုသိတတ်လာသည့်အရွယ်မှစ၍ ဘိုဘိုအရှုံးပေးရလေရဲ့။

ခုလည်း မေမေ့မျက်နှာလှလှကလေးက ငိုတော့မလို မဲ့တဲ့တဲ့။

အသံကလည်း ဝမ်းနည်းသံပါလာသည်။

"မေမေရယ် ... သားက အပေါစားဖြစ်သွားမယ့်အရေးတွေးပြီးပြောမိတာပါ ... မငိုလိုက်ပါနဲ့ ... မိဘတို့မျက်ရည်မြေဝယ်မကျကောင်းဘူးဆိုတာ သားသိပါတယ် ... နာဂစ်မုန်တိုင်းထက်ဆိုးတဲ့အဖြစ်မျိုးလည်း သားမခံပါရစေနဲ့ ... "

စနေက အရှုံးပေးသည့်လေသံ။

ဖေဖေက သည်အချိန်မှာဝင်လာသည်။ ဖေဖေသည် မေမေ့မျက်နှာကိုရှုးစမ်းသည့်အကြည့်နှင့် ...





"ဘယ်လိုလဲမျိုးမျိုး ညှိနှိုင်းလို့ရပလား ... "

မေမေ့အမည်က ဒေါ်ခင်မျိုး၊ ဖေဖေကအစ ရင်းနှီးသူတွေက မေမေ့ကို မျိုးမျိုးလို့ပဲခေါ်ကြသည်။

"ကဲ ... သား ... ဖေဖေကလည်း မေးနေပြီ ... ဘယ်လိုလဲ"

စနေ သက်ပြင်းချသည်။ မေးလိုက်သောမေမေ့ကို မကြည့်ဘဲ ...

"မေမေတို့သဘောပဲ ... "

"အကြပ်အတည်းရှိလို့ပါသားရယ် ... ဦးမင်းနွယ် ... ဒေါ်လှစိန်ဆိုတာ ဖေဖေတို့အလုပ်ရှင်ပဲ ... ဖေဖေက သူ့လက်အောက်မှာလုပ်နေရပေမယ့် သူတို့နဲ့ရင်းနှီးတယ် ... သူတို့ရဲ့လက်ဝေခံပုံစံထဲမှာဝင်နေတယ် ... အငြိုအငြင်မခံချင်ဘူးသား ... "

ဖေဖေကပြောတော့ စနေက အောင့်သက်သက်လေသံနှင့် ...

"ဒါနဲ့ပဲ သားကိုအပေါစားကုန်ပစ္စည်းလို သူတို့လက်ထဲ ထိုးအပ်လိုက်တယ်ပေါ့ဖေဖေ ... ရပါတယ် ... သားက မိနိုင်ဘနိုင်သားပါ ... မိဘတွေစိတ်ချမ်းသာဖို့မွေးလာတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မှတ်လိုက်ပါဖေဖေ … ကျေးဇူးကန်းတတ်သူမဟုတ်ပါဘူး”

“ဖေဖေတို့လည်း စိတ်ချမ်းမြေ့တယ်မထင်လိုက်ပါနဲ့ … ဘယ်သူ့မဆို ကိုယ့်သားသမီးကိုပန်းကောင်းအညွန့်ကျိုး မဖြစ်စေချင်ပါဘူး … ”

ဖေဖေကပြောပြီး သက်ပြင်းကိုလေးတွဲစွာချသည်။ ပြီးမှဆက်၍ …

“ခုဟာက ဦးမင်းနွယ်တို့အတွက် အရှက်ကွဲမယ့်ကိန်းဆိုက်နေတယ် … သင်းပုံ့နွယ်မှာ မဖုံးနိုင်မဖိနိုင်ဖြစ်လာတော့ တိုင်ပင်စရာဆိုလို့ ဖေဖေတို့ပဲရှိတယ် … တကယ်မိုးဦးဆိုတဲ့ကောင်ကလည်း သူမယားကြီးက သင်းပုံ့နွယ်နဲ့ ထက်မိုးဦးအကြောင်းကိုသိလာတော့ ယူမှာမဟုတ်ဘူး၊ တကယ်လို့ ထက်မိုးဦးကိုယူခဲ့ရင်လည်း ဒီကောင့်မိန်းမက သတင်းစာကနေ ရှေ့နေနဲ့ကြေညာအရှက်ခွဲပစ်မယ်ပြောတယ်၊ အဲဒီလိုဆိုရင် သင်းပုံ့နွယ်သာမက သူ့မိဘတွေ သူတို့လုပ်ငန်းတွေကိုပါ ထိခိုက်ကုန်မယ် … သင်းပုံ့နွယ်ကိုလည်း သူ့အကောင် ထက်မိုးဦးက ခပ်ရှောင်ရှောင်လုပ်နေတော့ ဒီအချိန်မှာ တွယ်မိတွယ်ရာဆိုလို့ ဦးမင်းနွယ်တို့အဖို့ ဖေဖေ





တို့ပဲရှိနေတယ်လေ … ဒါကြောင့် သူက အကူအညီတောင်းတဲ့အနေနဲ့ သူတို့အရှက်မကွဲရအောင် သားကပဲ သူ့သမီးကိုလက်ထပ်ဖို့နဲ့ သားရဲ့ရှေ့ရေးကိုသူတို့ကြည့်မယ့်အကြောင်း”

“တော်ပါဖေဖေရယ် … ဖေဖေတို့အတွက်ကော မပါဘူးလား”

“မင်းဒီလိုမပြောနဲ့စနေ … ငါတို့က ငါတို့အတွက်ရှေ့ရေးကိုလည်းမတွက်ဘူး … မင်းရဲ့ရှေ့ရေးတိုးတက်မှု၊ အားလုံးစိတ်ချမ်းသာမှုအတွက်ပါ ဟာ … မင်း တို့ကို ဒီတစ်ခု ကျေးဇူးဆပ်လိုက်ပါ … ”

“သားပြောခဲ့ပြီမဟုတ်လား … ဖေဖေတို့သဘောပါလို့”

ပြောပြီးစနေက ဖေဖေတို့ရှေ့မှထွက်လာခဲ့သည်။

ဖေဖေနှင့်မေမေကတော့ တစ်ယောက်ကို တစ်ယောက်ကြည့်ကျန်ရစ်ခဲ့၏။

စနေက အိမ်နံရံတွင်ချိတ်ထားသော အက်ဒီးဒပ်(စ်)သွာထိုးဦးထုပ်ကိုကောက်ဆောင်းသည်။

မိုးရိပ်မိုးသားတို့ကင်းမဲ့သည့်ကောင်းကင်အောက်နေပူထူထူထဲတွင်လျှောက်လာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူ့ဘဝကိုတော့ နှမြောမိသည်။ သူ့ဘဝသည် အချုပ်အချယ်ကင်းမဲ့သော လွတ်လွတ်လပ်လပ်ဘဝ။

သူ့ကိုလိုချင်သဖြင့် လာရောက်စပ်ဟပ်ကြသော အဆင့်မြင့် အဆင့်တူတွေတစ်ပုံတစ်ပင်။

ဒါပေမဲ့ မိန်းမဆို စိတ်မဝင်စားခဲ့သော အလှအပတွင် မရင့်ကျူးခဲ့သော သူသည် မသိလိုက်မသိဘာသာပင်နေလိုက်သည်။ ကောင်မလေးတွေက သူ့ကို ကြိုက်ချင်သော်လည်း ဟော့ဟော့ရမ်းရမ်းမရှိသော မကလက်သော သူ့အနေအထိုင်တွေကြောင့် ဘဝင်မြင့်သည်၊ မာနကြီးသည်ဟု ပြောတတ်ကြ၏။

သူ၏တည်ကြည်မှုကြောင့် ‘လူ့ဘုန်းကြီး’ဟု မကြားသည်လည်းရှိ၊ ကြားသည်လည်းရှိ ခေါ်တတ်ကြ၏။

စနေမမှုပါ။

သူက ကိုညဏ်လင်းဖွင့်သည့် ညဏ်နီ၊ ညဏ်နက် လက်ဖက်ရည်ဆိုင်သို့လာသည်။

‘ညဏ်နီ၊ ညဏ်နက်’လက်ဖက်ရည်ဆိုင်ထဲတွင် လက်ဖက်ရည်ထိုင်သောက်ရင်း ‘ရွှေမေတ္တာ’ကုမ္ပဏီကားကိုစောင့်နေ၏။ ရွှေမေတ္တာကုမ္ပဏီက ဦးမင်းနွယ်ကုမ္ပဏီဖြစ်သည်။





သူ့ကုမ္ပဏီတွင် ကုမ္ပဏီခြောက်များစွာရှိ၏။

အိမ်ဆောက်ပစ္စည်းကုမ္ပဏီ၊ အလှကုန်ကုမ္ပဏီ၊ ရေထွက်နှင့် နို့ထွက်ပစ္စည်းကုမ္ပဏီ၊ ရေသန့်နှင့်ဆေးရောင်းချသည့် လုပ်ငန်းကုမ္ပဏီ၊ အခြားကိုထုတ်လုပ်ရေးကုမ္ပဏီ စတာတွေဖြစ်သည်။

ထိုကုမ္ပဏီများအနက် အိမ်ဆောက်ပစ္စည်းကုမ္ပဏီနှင့် ရေထွက်နို့ထွက်ပစ္စည်းကုမ္ပဏီကို အုပ်ချုပ်ရသောမန်နေဂျာအဖြစ် စနေလုပ်ကိုင်ရသည်။

သူ ယခုထမင်းစားပြီးထွက်အလာတွင် ... အိမ်ဆောက်ပစ္စည်းများ နိုင်ငံခြားမှဝင်လာမှုစာရင်းကိုကြည့်ပြီး ပစ္စည်းထိန်းသိမ်းရေးဂိုဒေါင်မှာ သွားစစ်ဆေးရမည်ဖြစ်၏။

ကားလာသည်။ စိမ်းစိမ်းကားမဟုတ်။

အလုံပိတ်ကားဖြစ်သည်။ ညဏ်နီညဏ်နက်တွင် လာကြိုကြကားဖြစ်သည်။ စနေ ထိုကားနှင့် အလုံမှစ်ရှင်လမ်းတစ်နေရာတွင် ရှိသောအဆောက်အဦးများ ဆောက်လုပ်ရာတွင် အသုံးပြုသောပစ္စည်းတွေကိုသွားကြည့်၏။

ဂိုဒေါင်မှ ပစ္စည်းတာဝန်ခံနှင့် တွေ့ဆုံသည်။ စာရင်း



www.burmeseclassic.com

www.burmeseclassic.com



ချိန်ကိုက်သည်။

ပစ္စည်းအဝင်နည်းတာတွေကို မှတ်သည်။ အလုပ်သမားများအား သူက ညွှန်ကြားပြောဆိုစရာရှိတာတွေကို ပြောဆိုမှာကြားစဉ် မိုးတွေရွာလာသည်။

ကုမ္ပဏီသည် သူ့အတွက် ကားသက်သက်မပေးထားသော်လည်း ကြုံရာကား၊ တွေ့ရာကား၊ ကြိုက်ရာကားကို သုံးခွင့်ပေးထားသည်။ မိုးတိတ်သည်အထိ စောင့်လိုက်၏။

ဂိုဒေါင်မှာပဲ အချိန်ကုန်သွားသည်။

လက်ပတ်နာရီက ညနေလေးနာရီထိုးရန် ဆယ့်ငါးမိနစ်ကို ညွှန်ပြနေသည်။

သူ့ဂျီအက်(စ်)အမ်(မ်)ကိုထုတ်သည်။ သူလိုသောနံပါတ်ကိုခေါ်သည်။ နားတွင်ကပ်လိုက်သည်။

လက်တစ်ဝါးမရှိတရှိလက်ကိုင်ဖုန်းထဲသို့ အသံဝင်လာသည်။

"ဟလို ..."

"ဟေး ... သင်းပျံ့"

"ကိုစနေလား ..."





"ဟုတ်တယ်ကိုယ်ပဲ ..."

"ပြောစရာရှိလား ..."

သင်းပျံ့အသံမှာ မှန်မှန်ပဲဖြစ်သည်။ သူမသည် လောကတွင် အထင်ကြီးစရာနှစ်ဦးပဲရှိ၏။

သူမကိုယ်သူမနှင့် သူမချစ်ခဲ့ပါသည်ဆိုသော ထက်မိုးဦး။

"ခုနစ်နာရီပိုင်းလောက်က စိတ်ညစ်စရာတွေ့ခဲ့တယ် ... အဲဒီစိတ်ညစ်စရာကိုပြောချင်တယ် ..."

"ကိုစနေ ... သင်းပျံ့တို့တွေ့ဆုံဆွေးနွေးကြရင်မကောင်းဘူးလား ..."

"ဒါအစကတည်းက ဖြစ်သင့်တယ် ... တွေ့ချင်တွေ့လေ... ကိုယ်ကတော့ အဲဗားရယ်ဒီပဲ ..."

"အဲဗားရယ်ဒီထက်ပါဝါကလည်း ပိုကောင်းပါတယ်"

"အဲဒီပါဝါဟာ ကိုယ်ဖြစ်ချင်ဖြစ်မှာပေါ့ ..."

"ညွှန်းမနေနဲ့ ... ချိန်းရာကိုသာလာခဲ့ပါ ..."

သူတို့ချိန်းရာ သည်မြို့တွင် စားသောက်ဆိုင်တစ်ခုဖြစ်သည်။ ထိုဆိုင်တွင် အသားကင်ပေါင်းစုံရသည်။ အသားကင်



www.burmeseclassic.com

www.burmeseclassic.com



အချို့ကိုမှာယူစားသောက်ကြသည်။ အချို့ရည်သောက်ကြသည်။

စားသောက်ရင်း သင်းပုံ့နွယ်နှင့် စကားပြောဖြစ်သည်။

သင်းပုံ့နွယ်သည် အလှကြီးလှသူမဟုတ်ပါ။ အသားက ညိုလွန်းသဖြင့် မည်းသည့်အရောင်ဘက်လုနေ၏။

အရပ်အမောင်မဆိုးသော်လည် လူကနည်းနည်းမသဖြင့် ခန္ဓာကိုယ်ကြောင့် ပုနေသလိုထင်ရသည်။

မျက်နှာက အရုပ်မဆိုးသော်လည်း ဝတာကြောင့် မျက်နှာမှာ ပုအိုင့်အိုင့်နှင့်ပြနေသည်။

ပြင်ဆင်နိုင်လွန်း၍သာ သို့မဟုတ် ခေတ်မီအလှကိရိယာတို့၏စွမ်းဆောင်ချက်ကြောင့် လှသလိုထင်ရသော်လည်း သေသေချာချာကြည့်လျှင်မလှပါ။

သူမက လက်ရှိအခြေအနေတွင် ထက်မိုးဦးကို မကျေနပ်သလို စနေနှင့်လက်ထပ်ရမှာကိုလည်း နှစ်သိမ့်နိုင်သည် မဟုတ်ပါ။

သို့သော် သူမဘဝက အကျဉ်းအကြပ်ထဲကျနေတာမို့ မိဘစကားကို လက်ခံသည့်သဘောသာရှိသည်။





စနေကလည်း သူမသဘောကဲ့သို့ပင်ဖြစ်ကြောင်း ပြောင်ပြောင်တင်းတင်းပင်ပြောသည်။ ဒါတင်မက ...

"လှည်းကျိုးထမ်းတဲ့နွားဟာနွားသိုးပဲ ... နွားသိုးနဲ့လှည်းကျိုးလို့ ဆိုရိုးစကားရှိတယ်မဟုတ်လား ... တို့နွားသိုးတော့ အဖြစ်မခံနိုင်ဘူး ... "

"လွယ်ပါတယ်ကိုစနေ ... ရှင်နွားသိုးအဖြစ်မခံဖို့ ကျွန်မနဲ့လက်ထပ်ပြီးရင် တစ်လအကြာမှာ ရှင့်ကို ကျွန်မကွာပေးလိုက်ပါ့မယ် ... ဒီတော့ ရှင်လည်း တံပိုးလွတ်ရောပေ့ါ"

သူမအမူအရာက ပမာမခန့်ရှိ၏။

"အေး ... ကိုယ်ကလည်း ဒီစကားပဲစောင့်နေတာပဲ ... "

"ကိုထက်ကပြောတော့ နွားသိုးရှာဖို့ပဲလိုတယ် ... စနေထွန်းဟာ နွားသိုးဖြစ်ထိုက်တယ်လို့ပြောတယ် ... "

"သူက ဒီလိုပြောသလား ... "

စနေထွန်းရင်ထဲ ဆောင်းခနဲထသွား၏။ မျက်နှာကလည်း တင်းခနဲ။

"ဟုတ်တယ် ... ဒီလိုပဲပြောတယ် ... "

"သင်းပုံ့ ဒီစကားက မင်းပါးစပ်ကထွက်တာနော် ... ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထက်မိုးဦးနဲ့တွေ့ပြီးရှင်းမယ် ... ”

“အံမယ် ... သင်းပုံ့ဘာလို့လိမ်ရမှာလဲ ... ပိုင်အိုးနီးယား မှာကော ဂျေဂျေမှာကော ဒီလိုပဲ ကျွန်မကိုပြောခဲ့တာပဲ ကိုစနေ ... ”

“ကိုယ်နွားသိုးမဟုတ်ဘူး ... လူမှုရေးအရ မင်းရဲ့အရှက်နဲ့ သိက္ခာကို ကာကွယ်ဖို့လက်ခံလိုက်တာ ... မိဘစကားနားထောင်တာလည်းပါတာပေါ့ ... ”

“ကျွန်မကတော့ သူပြောသလိုပြောရတာပဲလေ ... အားနာပါတယ် ... ”

စနေကိုကြည့်လိုက်သောအကြည့်က လှောင်သလိုလို၊ အထင်သေးသလိုလို။

သူမအဖေလက်အောက်မှာ အလုပ်လုပ်နေသော စနေကို ဂရုစိုက်စရာမလိုကြောင်းထင်ရှားသည်။

စနေခံပြင်းသည်။ ထရပ်သည်။

“ထိုင်လေ ... ဘာလုပ်တာလဲ ... ”

“မထိုင်ဘူး ... ထက်မိုးဦးဆိုတဲ့ကောင်နဲ့တွေ့မယ် ... သူပြောတဲ့စကားကိုရှင်းမယ် ... ”





“ရှင်ကလည်း ဒေါသချည်းပဲ ... သူ့စကားကို ကျွန်မလက်မခံရင်ပြီးတာပဲ ... ”

“မင်းလက်ခံတာ လက်မခံတာအရေးမဟုတ်ဘူး ... လက်တလောမှာ ငါ့ဂုဏ်နဲ့သိက္ခာကိုထိခိုက်တယ် ... ငါကနွားသိုးဆိုတော့ နွားမရှုံ့ပိတ်ပြီး ... နွားသိုးကိုနွားမနဲ့ပေးစားတဲ့ ဘိုဘောသက်ရောက်နေတာကိုလည်း မင်းစဉ်းစားဦး”

ဒေါသကြောင့် စကားပြောနည်းနည်းရင့်သီးသွားသည်။ စနေက အဲဒါကိုစဉ်းစားမိပြီး ...

“မင်းရှေ့မှာ ငါစကားကြမ်းကြမ်းပြောမိတယ် ဆောရီး ...”

“ရှင်ပြောတာမလွန်ပါဘူး ... ရှင့်ကိုနွားသိုးလို့ပြောတော့ နွားသိုးနဲ့ပေါင်းရမယ့်ကျွန်မလည်း အလိုလိုနေရင်း နွားမဖြစ်သွားတာပေါ့ ... ဟုတ်တယ် ... ဒါလည်း ကျွန်မကိုတစ်ဖက်တစ်လမ်းကစော်ကားတာပဲ ... လူကိုသူကအသုံးချ ... ဟင်း ... ”

သူမသည်လည်း မခံချင်စိတ်ဖြစ်လာပုံပဲ။ စကားကို ဆုံးအောင်တောင်မပြော။

မျက်နှာကလေးတင်းခန့်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒီကိစ္စသွားရှင်းမယ် ... မင်းပါလိုက်ခဲ့ ... "

မဆိုင်းမတွပင် သူမခေါင်းညိတ်သည်။

စားသောက်ဆိုင်မှထွက်ပြီး သူမမောင်းသော မစ်ဆူဘစ်ရှီဆလွန်းကားပေါ်တွင် စနေလိုက်လာ၏။

ကားပေါ်တွင် သူမကစနေအား ထက်မင်းဦး၏ ယုတ်မာသောစိတ်နှင့် သူ၏ဖြစ်ပျက်ပုံတစိတ်တဒေသကို ပြောပြသည်။

ထက်မင်းဦး မိန်းမပွေသည်။ သူ့တွင် မယားကြီးရှိပြားသော်လည်း မိမိကိုမြှူဆွယ်ခဲ့လို့ မိမိမှားခဲ့ကြောင်း၊ သို့သော် သူမက သူ့ကို ယနေ့အထိသံယောဇဉ်ရှိခဲ့ကြောင်းပြောခဲ့ရုံမက ထက်မင်းဦးတွင် ညီမတစ်ယောက်ရှိကြောင်း၊ ထိုညီမသည် မဟာဝိဇ္ဇာဘွဲ့ရယူပြီး အကြိုမူလတန်းကျောင်းတစ်ကျောင်းကိုဖွင့်ကာ ကျောင်းအုပ်ဆရာမလုပ်နေခဲ့ကြောင်း။ သူမသည် ကျောင်းကြိုကားမောင်းသူ ဒရိုင်ဘာတစ်ယောက်နှင့် ချစ်ကြိုက်ပြီး လိုက်ပြေးသဖြင့် ထက်မိုးဦးအရှက်ရကာ သူ့ညီမကိုယ်ပစ်ထားခဲ့ကြောင်း။ သူ့ညီမနာမည်မှာ ထက်အာကာဇော်ဟုခေါ်ကြောင်းတွေပြောပြ၏။

တကယ်တော့ သင်းပျံ့နွယ်သည် ထက်မိုးဦးကို





ကျေးမနပ်နှင့်အပုပ်ချနေခြင်းဖြစ်ကြောင်း စနေသိသည်။ စနေစိတ်ဝင်စားပါ။

ဘယ်အချိန်ဘယ်နေရာတွင် ထက်မိုးဦးရှိတတ်ကြောင်းသင်းပျံ့နွယ်ကသိသည်။

သူမ၏ပြောပြချက်အရ ကမ္ဘာအေးစေတီလမ်းမှဖွဲဆင်းသော လမ်းတစ်လမ်းအတိုင်း သူဝင်လိုက်ခဲ့၏။

လမ်းထဲတွင် ခြံတွေအိမ်ကြီးအိမ်ကောင်းတွေရှိ၏။ တိုက်အိမ်ကြီးတစ်လုံးက ခြံကျယ်ကြီးထဲတွင်ရှိသည်။

ထိုတိုက်အိမ်ကြီး၏ပတ်ဝန်းကျင်တွင် လှပသောတိုက်တွေရှိသည်။ သင်းပျံ့နွယ်က တိုက်တစ်တိုက်ကို လက်ညှိုးထိုးပြီ ထိုတိုက်တစ်တိုက်တွင် နာမည်ကြီးရုပ်ရှင်မင်းသမီးဘယ်သူနေကြောင်းပြောပြ၏။

စနေစိတ်မဝင်စားပါ။

ခြံထဲသို့အလွယ်တကူဝင်မရပါ။

ယူနီဖောင်းဝတ်လူတစ်ယောက်က သူတို့ကို ဆီးတား၏။ ခြံဝင်းတံခါးကြီးကိုဖွင့်မပေးသေးဘဲ ...

"မမလေးလာရင်ဖွင့်မပေးပါနဲ့လို့ ဆရာကပြောထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျ ...”

သည်စကားကြောင့် သင်းပျံ့နွယ်မျက်နှာပျက်သွ

၏။

“ဟဲ့ ... ဘာဖြစ်လို့ မဖွင့်ရမှာလဲ ... ငါအမြဲတမ်းလာ

တာ ...”

“ဒါတော့ ကျွန်တော်မသိဘူး ...”

သင်းပျံ့နွယ်၏ပျက်နေသောမျက်နှာတွင် ဒေါသ

တွေ လူးလာသည်။ သူမက သူမလွယ်ထားသောလက်ပွေ့အိ

ကြီးထဲမှ ဆယ်လူလာစကားပြောဖုန်းကို ထုတ်သည်။ ခေါ်သ

ချက်ချင်းပင် နားထဲသို့ ယောကျ်ားသံတစ်သံ

လာသည်။ ထက်မိုးဦးရဲ့အသံ။

“ကိုထက် ... ဒါဘာသဘောလဲ ... သင်းပျံ့လာတာ အိ

ဝင်းထဲမဝင်ရဘူးဆို ... ဘာအပေါက်ချိုးတာလဲ ...”

“သင်းပျံ့ ... မင်းနဲ့တို့မဆိုင်တော့ဘူးလေကွာ ... မင်းဟ

မင်းနေစမ်းပါ ... မလာပါနဲ့ ...”

“အို ... ဘာလို့မလာရမှာလဲ ... သင်းပျံ့ ကိုထက်နဲ့စကာ

ပြောစရာရှိတယ် ...”





“မင်းနဲ့မတွေ့ချင်လို့ပေါ့ကွာ ... မင်းက ပိုင်သူဆိုင်သူရှိတော့

မယ်မဟုတ်လား ...”

“အို ... ကိုထက်ဒီစကားမပြောနဲ့ ... ပိုင်သူဆိုင်သူဖြစ်လာရ

အောင် ဘယ်သူလုပ်သလဲ ... အမှန်ကိုအမှန်ပြောပါ ...

သင်းပျံ့ကိုမစော်ကားပါနဲ့ ...”

“မင်းကို တို့အခုစကားပြောနေတာအချိန်ကုန်တယ် ...

တို့နားမှာ အသစ်တစ်ယောက်လတ်လတ်ဆတ်ဆတ်ရှိနေ

တယ်ဆိုရင် မင်းပြန်ဖို့သင့်နေပြီ ... မင်းမလာနဲ့တော့”

“ရှင် ...”

သူမစကားဆက်မပြောနိုင်တော့ပါ။

သူမနားတွင်တေ့ထားသော လက်ကိုင်ဖုန်းကို စနေ

က ဆတ်ခနဲဆွဲယူခဲ့ပြီး ဖြစ်သည်။ စနေက လက်ကိုင်ဖုန်းကို ပါးစပ်

တွင်တေ့၍ ...

“ဟော့ကောင် ထက်မိုးဦး ... ငါစကားပြောနေတယ် ...

စနေထွန်းဆိုတဲ့ငါပါလာတယ် ...”

တစ်ဘက်မှ ခဏတိတ်သွားပြီးမှ အသံမာမာထွက်

လာ၏။



www.burmeseclassic.com

www.burmeseclassic.com



“စနေထွန်း ... ဟော့ကောင် ... မင်းကဘာဆိုင်လို့ ငါ့ဆီလာရတာလဲ ... ”

“ရှင်းစရာရှိလို့ပေါ့ကွ ... မင်းက ငါ့ကိုနွားသိုးလို့ပြောတယ်ဆို ... လှည်းကျိုးထမ်းတဲ့နွားသိုးလို့ပြောတယ် ... မင်းရှေ့စကားပြောတာလား ... ”

တစ်ဘက်မှ ငြိမ်သွား၏။ ပြီးမှ ဒေါသသံနှင့် ...

“မင်းကို ဘယ်သူပြောလဲ ... ”

“သင်းပျံ့ပြောတာ ... မင်းဘာလုပ်ပါးဝတာလဲ ... ”

သည်တော့ တစ်ဘက်မှရယ်သံထွက်လာ၏။ ထိုရယ်သံသည် မလေးမစားလှောင်ရယ်သံပင်ဖြစ်သည်။

“ခွေးလေးဂျပိုးအဆင့်ရှိတဲ့ လူတစ်ယောက်ကိုငါပြောတာဘာဖြစ်လဲ ... မင်းငါ့အတွက် လှည်းကျိုးဝင်ထမ်းလို့ ဂုဏ်ပြုတဲ့စကားပဲကွ ... ”

“မင်း ... တောက်”

စနေဒေါသထွက်နေသည်။ သူက ဒေါကိုချုပ်တည်း၍ စကားကိုဆက်ပြောသည်။

“မင်း အဲဒီပြောတဲ့အတွက် သက်ရောက်တဲ့တန်ပြန်မှုတစ်ခု





ရမယ်ဆိုတာကော မသိဘူးလား ... ”

တစ်ဘက်မှ စကားမတုံ့ပြန်။

တစ်ဘက်ဖုန်းလိုင်းပိတ်လိုက်ပြီ။

စနေထပ်ခေါ်သည်။ တစ်ဘက်မှအသံမထွက်လာတော့ပါ။

စနေက ဖုန်းကို သင်းပျံ့လက်ထဲပြန်အပ်ရင်း ...

“ဒီကောင် ကိုယ့်အကြောင်းကိုသိအောင်တော့ တစ်ခုခုလုပ်မှဖြစ်မယ် ... ”

“အပြင်ကနေ အော်ဆဲမလား ... ဒါကြီးတော့မလုပ်ချင်ပါဘူး ကိုစနေထွန်းရယ် ... ရှက်စရာကြီး ... ”

“ဟာ ... ဒီအောက်တန်းကျတဲ့အလုပ်ကို ဘယ်လုပ်မလဲ ... သူနဲ့တွေ့ပြီး သူ့စကားအတွက်တောင်းပန်ခိုင်းမယ် ... မရရင်တော့ ယောက်ျားချင်းစီးချင်းထိုးရုံပဲ ... ”

ပြောပြီး ခြံတွင်းမှ အစောင့်လူအား လက်ယပ်ခေါ်လိုက်သည်။ သံဇန်းတံခါးနားသို့ အစောင့်ကကပ်လာ၏။

“ကိုယ့်ဆရာ ... မင်းဘော့(စ်)ကပြောနေတယ် ... ခြံထဲကို ဝင်ခွင့်ပြုတယ်တဲ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါမလား ..."

မယုံသင်္ကာစိတ်နှင့် ထိုကပြန်ပြောပြီး ခါးတွင်ချိတ်ထားသော ဆက်သွယ်ရေးလက်ကိုင်ဖုန်းကိုထုတ်သည်။ သူက ဖုန်းကိုဖွင့်ပြီး နံပါတ်နှိပ်နေစဉ် စနေ၏လျှင်မြန်လွန်းလှသောလက်တစ်ဖက်က ဆတ်ခနဲ သံပန်းတံခါးအပေါက်ထဲဝင်သွားသည်။

ဖုန်းကို အာရုံသွင်းနေမိသော ခြံစောင့်လူ၏လည်မျိုကို သူ့လက်ချောင်းတွေက ညှစ်လိုက်ပြီးဖြစ်သည်။

သံညှပ်တစ်ခုလိုပင် စနေ၏ လေ့ကျင့်ထားသော လက်ချောင်းတွေက တောင့်တင်းသန်မာလှ၏။

"အဟွတ် ... အဟွတ်"

လည်မျိုအသက်ရှူကြပ်ပြီး ခြံစောင့်ချောင်းဆိုးသံထွက်လာ၏။ စနေက သူ့လက်ချောင်းတွေထဲမှ မေးအောက်မေ့ကြောသို့ အသာအားထည့်ပေးသည်။

ပထမတွင် ငနဲသားက ရုန်းကန်ပါသေးသည်။ ရုန်းကန်၍မရဘဲ တစ်ခဏအကြာတွင် မျက်ဖြူဆိုက်ကာ ငေါက်ကြီးသွားသည်။

"အမယ်လေး ..."





သင်းပုံ့နွယ်က မတိုးမကျယ်အော်လိုက်၏။

"မကြောက်ပါနဲ့ မသေပါဘူး ... မေ့သွားရုံလောက်ပါ သင်းပုံ့"

ခပ်တိုးတိုးလေးစနေပြောသည်။

သံတံခါးပေါက်ထဲ လက်လျှိုထည့်၍ ထိုကျန်လက်တစ်ဖက်ဖြင့် ခြံစောင့်၏ဘောင်းဘီအိတ်ထဲတွင် သော့ကိုစမ်းသည်။ မျက်နှာတွင် အပြုံးကလေးပေါ်လာ၏။

သော့ကိုယူသည်

မေ့နေသူကို လွှတ်ချလိုက်သည်။ ခွေခနဲလဲကျသွားသည်။

အတွင်းမှ သော့ခလောက်ကိုလက်နှစ်ဖက်လျှိုပြီး သော့နှင့်ဖွင့်သည်။

မျောက်လက်ကိုဆွဲ၍ သံပန်းတံခါးကို တွန်းဖွင့်လိုက်၏။

သူ အံ့အားသင့်သွား၏။

ခြံဝထဲတွင် ဖြစ်အပျက်သမျှကို တွေ့မြင်နိုင်သော မြင်သံကြားအသံဖမ်းစက်ကိုတပ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"သင်းပုံ့မလိုက်နဲ့နေခဲ့ ..."

ရှေ့တွင် ဘယ်သို့ဖြစ်ပျက်ဦးမည်မသိ။

သင်းပုံ့ကိုသတိပေးသည်။ ထားပစ်ခဲ့သည်။ သင်းပုံ့ကလည်း အရှုပ်အထွေးအရုန်းအကန် ပဋိပက္ခတွေကိုကြောက်ပြီး မလိုက်ခဲ့ပါ။

စနေက ကျောက်ခင်းလမ်းအတိုင်း ဣန္ဒြေမပျက် လျှောက်သွားသည်။ သကြားပင်များကြားမှ ... ရှေ့ကိုက်တစ်ရာ လောက်တွင် လှပခန့်ထည်သောတိုက်အိမ်ကြီးရှိနေ၏။

ထိုတိုက်အိမ်ကြီးဆီသို့ စနေထွန်းရောက်သွားသည်။ ဗွီဒီယို၊ ရုပ်ရှင်တွေထဲကလို တိုက်အပေါ်ထပ်လသာဆောင်တွင် တစ်ယောက်နှင့်မိန်းကလေးတစ်ယောက်ရပ်ကာ သူ့ကိုဆီးကြည့် နေသည်။

လူမှာ အဝတ်အစားမသေမသပ်နှင့်ရပ်နေသည်။

ကောင်မလေးမှာလည်း အဝတ်အစားဖရိုဖရဲ။

သူမ၏ဘလောက်(စ်)အင်္ကျီအောက်စတွေက ဘောင်းဘီအပြင်ဘက်တစ်ဝက်တစ်ပျက်ထွက်နေသည်။

"ဟော့ကောင် မလာနဲ့ပြန်ထွက်သွား ..."





အမျိုးသားက ထက်မိုးဦး။ သူက စနေကိုအမိန့်ပေးသံနှင့် အထက်မှဆီးကြိုပြောသည်။

ကြောက်စရာပါလား။



www.burmeseclassic.com

www.burmeseclassic.com









## ခတ်လမ်းစဉ် (၂)

"ငါပြန်ဖို့လာတာ မဟုတ်ဘူး ... တောင်းပန်နိုင်ဖို့လာတာ"

စနေ၏မျက်နှာနှင့်အသံက အခြေအနေအရတင်းမာနေသည်။

အထက်မှ ထက်မိုးဦးကရယ်သည်။

"စကားစစ်တွေမထိုးချင်ပါဘူးကွာ... မင်းပြန်သွားပါ ..."

"စကားစစ်မထိုးချင်ရင် လက်သီးချင်းထိုးချင်တယ်ဟေ့ ထက်မိုးဦး ..."

ဒါက ... အောက်ဘက်မှ စနေ၏ဒေါသနှင့်စိန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သ်။

သိည်ကောင်အကြောင်းကို နဂိုကတည်းကသ

သည်။

စီးပွားရေးမှာကော လူမှုရေးမှာပါ ချမ်းသာကြွယ်

မှုကိုကြည့်ပြီးရှုပ်တဲ့ကောင်။

"ဟား ... ဟား ... ဟား"

ထက်မိုးဦးက ရယ်သံပေးပြီး သူ့ဘောင်းဘီအိတ်ထဲ

မှ စကားပြောဖုန်းကိုထုတ်သည်။

တစ်စုံတစ်ခုကို ပြောနေသည်။

ပြီး သူ့ဘေးမှ ဧယ်မကလေး၏ခါးကျစ်ကျစ်ကလေး

ကိုဖက်လိုက်၏။

"အခုပဲ ပွဲပြီးသွားမှာပါ လိုင် ... "

သူ့စကားအဆုံးတွင် တိုက်ခန်းထဲမှ လူသုံးဦးထွက်

လာ၏။

မိုက်တီမိုက်ကန်းမျက်နှာပေးတွေနှင့် ဘယ်သူ့ကိုမှ

လူမထင်သည့်ဒီဇိုင်းရှင်တွေ။

လက်ထဲမှာတော့ ဘာမှမပါ။





ထက်မိုးဦး၏ အစေခံအပါးတွေပဲ။

စနေက မထေမဲ့မြင်နှင့် လက်ညှိုးကလေးကိုကွေး

ဆ ကွေးကာ ...

"လာပါလာပါမကြည့်ရဲ့ ... မျှော်ကာစောင့်တဲ့အချိန် ... ပေါ်လာကြတဲ့ကိုကလိန် ... ဝင်တော်မူပါကိုကလိန် ကိုကလိန် ... "

သူက ရှေးဟောင်းသီချင်းတစ်ပုဒ်ထဲမှ မိရာ သီချင်း

တစ်ပိုဒ်ကိုအသံနေအသံထားနှင့်ဆိုလိုက်သည်။

လူသုံးယောက်သည် တစ်ယောက်ကိုတစ်ယောက်

ကြည့်၍ ...

"ဒီကောင် စိတ်မနှံ့ဘူးထင်တယ် ... "

"ရူးနေပါတယ်ကွာ ... သီချင်းဆိုတာကြည့်ပါလား"

"အရူးပဲဖြစ်ဖြစ် ငမူးပဲဖြစ်ဖြစ် ဆွဲထုတ်ပစ်လိုက်ကွာ ... ဘော့(စ်)က တို့ကိုဖုန်းနဲ့ပြောပြီးပြီ ... "

သူတို့ပြောပြီး စနေဆီသို့ ပေါ့ပေါ့ဆဆချဉ်းကပ်လာ

ကြသည်။

မမျှော်လင့်သော တိုက်ကွက်က ဝင်လာသည်။



www.burmeseclassic.com

စနေ၏ကိုယ်သည် လေထဲခုန်လွှားသွားသည်။

လေးငါးခြောက်ပေတွင်ရှိသော လူတစ်ယောက်၏ မျက်နှာကို လေထဲတွင် ခုန်ကာ ညာခြေနှင့်ဆန့်တန်းကန်ပစ်သည်။

ဘယ်လက်ဝါးစောင်းက လူတစ်ယောက်၏မျက်နှာ အလယ်ကို လက်ပြန်စုတ်ထည့်ပြီးဖြစ်သည်။

"ဘုန်း ... "

"ဒုတ် ... "

ပြင်းထန်သောအသံတွေ။

"အား ... "

"အား ... "

အထိအခုတ်ခံရသူနှစ်ယောက်၏ နာကျင်မှုနှင့်အော်သံ။

နှစ်ယောက်လုံး မြေပေါ်တွင် လဲသွားသည်။

မမျှော်လင့်သော တိုက်ခိုက်မှုကို သူတို့ခံရတော့ ကျန်တစ်ယောက်မှာ ကြောင်သွားသည်။

ရုတ်တရက် ဘာလုပ်ရမှန်းမသိ။





အထက်မှကြည့်နေသော ထက်မိုးဦးပင် ကြောင်သွားသည်။

စနေ ဒါလောက်လျင် ဒါလောက်မြန်တာကို သူ့အသက် သုံးဆယ့်နှစ်နှစ်ရှိနေသည့်အတွင်း ဘယ်သူ့ကိုမှ သူမမြင်ဖူးပေ။

ထိုစဉ် ကြောင်နေသော လူက သတိရသည်။

ပါးစပ်မှ ကြိုးဝါးအော်ဟစ်သည်။ စနေကို ဘယ်ဖြတ်လက်သီးနှင့် ညာဖြတ်လက်သီးသုံး၍ ဝင်ဆော်သည်။

သူ့ဘော်ဒါတွေ၏ဖြစ်ရပ်ကို သူမခံနိုင်။

ပထမဖြတ်လက်သီးကို စနေက ခေါင်းတိမ်းရှောင်၏။

မျက်နှာနားက လက်သီးရိပ်မြင်စဉ် ဒုတိယလက်သီးရိပ်ကဝင်လာသည်။

ညာကျားပုတ်နှင့် ယင်းဝင်လက်သီးကို အတွင်းသို့ ထုတ်ပေးလိုက်သည်။

လွတ်သွားသည်။

စနေ့ဘယ်လက်သီးက ရန်သူ့အရိုက်ထဲသို့ ဒူးအား



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နှင့် ပင့်တင်ပေးသည်။

ဟင့်ခနဲ လေတွေက တစ်ဘက်လှုလည်ချောင်းထဲမှ လျှံထွက်လာသည်။

နောက်ထပ် ညာပင့်လက်သီးတစ်လုံးကိုမူလ နေရာတွင်ပင် ထည့်သွင်းဝှက်ပြလိုက်၏။

ပြီးတော့ အဲဒီလူ၏ကိုယ်ကိုဝင်ထမ်းကာ ကိုယ်ပေါ်မှ ကိုင့်ပေါက်ပစ်ချလိုက်၏။

သုံးယောက်လုံး ဝပ်စင်းကာ ပက်လက်တစ်မျိုး မှောက်ခုံသဖွယ်။

"အိမ်တော်စောင့်ခွေးတွေလာကြဦးလေ ..."

လှောင်တောင်တောင်နှင့် စနေကဆိုပြီး ထက်မိုးဦးကိုငေါ့ကြည့်ကာ ...

"ခင်ဗျားခွေးတွေ မြေပေါ်မှာအိပ်ကုန်ပြီဗျ ... ခွေးခေါင်းဆောင်ကြီးရဲ့ ... ခင်ဗျား ကျုပ်ကိုနှားသိုးလို့ခေါ်တဲ့အတွက် ခင်ဗျားတောင်းပန်ရင်တောင်းပန် ... မတောင်းပန်ရင်တော့ ခင်ဗျားခွေးတွေဂန့်သလို ဂန့်သွားစေမယ် ခွေးခေါင်းဆောင်ကြီးရဲ့ ..."





စနေတစ်သက်တွင် သည်မျှလောက်ကြမ်းတမ်းသောစကားကို မပြောဘူးပါ။ ဒေါသဖြစ်နေသောကြောင့် စကားတွေကို ခပ်ကြမ်းကြမ်းသုံးပြီးမှ သူရှက်သွားသည်။

အဲဒီအတွင်းမှာပဲ နှတ်မှအော်ဟစ်သံနှင့်အတူ ဆယ့်ငါးပေလောက်မြင့်သော ပေါ်တီကိုလသာဆောင်ပေါ်မှ ထက်မိုးဦး ကျော်လွှားခုန်ချလာ၏။

သူ့အထူးစပါယ်ရှယ်ဖိနပ်တွင် စပလိန်တပ်ထားသည်။ အောက်ခြေမြေကြီးနှင့်တွေ့ပြီး သူ့ကိုယ်က ပြန်ခုန်သွားသည်။

မြောက်တက်ကာပြန်ကျလာသည်။

အဲဒီအကျတွင် စနေကိုလက်သီးတွေ တရစပ်ကြမ်းထိုးသည်။ သူသည် သာမန်လူမဟုတ်ဘဲ အသတ်အပုတ်ကျွမ်းကျင်သည်။ အလေ့အကျင့်များပုံရသည်။

သူ့လက်သီးများအနက် တစ်ချက်က စနေ့နဖူးကိုထိသည်။ နဖူးဟက်ခနဲကွဲသွားသည်။ ဒုတိယလက်သီးချက်က ရှောင်နိုင်သော်လည်း ပခုံးကိုပွတ်ထိသွားသည်။

စနေက နောက်ဆုတ်ရှောင်စဉ် လဲနေသူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် ခလုတ်တိုက်မိကာလဲသွား၏။

ထက်မိုးဦးတစ်ကိုယ်လုံး သူ့ကိုယ်ထဲပစ်ဝင်လာသည်။

သူလိမ့်ပေးသည်။

ထရပ်သည်။ အချိန်မီရုံလေးပဲရပ်နိုင်သည်ဆိုပါစို့။

မျက်လုံးထဲ မည်းခနဲမြင်လိုက်တာကြောင့် သူဘေးသို့ ခုန်ရှောင်သည်။

တစ်ဘက်မြေပေါ်သို့ ပိုကောင်ကျသွား၏။ ဖိနပ်အောက်တွင်တပ်ထားသော စပလိန်၏တွန်းကန်အားကြောင့် သူ့ကိုယ်ပြန်မထိန်းနိုင်ဘဲ ပြန်မြောက်တက်သွား၏။

စနေက အကျကိုစောင့်သည်။

သည်တစ်ခါထက်မိုးဦးကိုယ်က ပြန်ကျပြီး မြေကြီးနှင့်ထိခိုက်မှာ စနေကလေထဲခုန်ကာ ထက်မိုးဦးခြေတွေ မြေကြီးအထိ သူ့ခြေထောက်နှစ်ဖက်နှင့် အလျားလိုက်ဘေးစောင်းကန်ပစ်လိုက်သည်။

ထက်မိုးဦးကိုယ်အလယ်ပိုင်းကို ထိထိမိမိကြီးဝင်သွားသည်။





"အား ... အလားလား ... "

ထက်မိုးဦး၏တုတ်ခိုင်ခိုင်ကိုယ်ကြီးမှ ညည်းတွားနာကျင်သံ။

လဲသွားသော ထက်မိုးဦးဆီသို့ စနေပြေးသွားသည်။

မျက်နှာကို ညာလက်သီးနှင့် နှစ်ချက်ဆင့်ထိုးသည်။

နှာခေါင်းရိုးကျိုးသွားသည်။ နှုတ်ခမ်းကွဲသွားသည်။

ထက်မိုးဦး မလှုပ်နိုင်သလို မထနိုင်တော့။

"တော်ပါတော့ ... တော်ပါတော့"

အော်သံလေးကြားရသည်။ အော်သံလေးနှင့်အတူ ပြေးဝင်လာသူက သင်းပုံ့နွယ်ရဲယ်။

သူမက လဲနေသော ထက်မိုးဦးကိုပြေးပွေ့လိုက်သည်။ နှုတ်မှစိုးရိမ်သံကြွင်နှာသံနှင့် ...

"ကိုထက် ... ကိုထက်"

သတိလစ်သလိုဖြစ်နေသော ထက်မိုးဦး၏နှာခေါင်းနှင့်နှုတ်ခမ်းမှထွက်နေသောသွေးတွေကို သူမလက်ဖဝါးနုနုကလေးနှင့်သုတ်၍ သွေးတွေကိုကြည့်သည်။

ပြီးတော့ စနေ့ကိုကြည့်ကာ ဒေါသနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘာလုပ်လိုက်တာလဲဟင် ..."

"ဟော့ဗျာ ... မင်းပဲဓားစောက ထက်မိုးဦးကိုသတ်ချင်ပါတယ် ... ခုဘာယ်လိုဖြစ်သွားတာလဲ ..."

"ရှင်သိပ်ရက်စက်ပါလား ... လူတစ်ယောက်ကို ဒါလောက်လုပ်ရသလား ..."

"ယောက်ျားချင်းသတ္တိဖလှယ်ကြတာပဲ ... ငါ့ကိုနွားသိုးလို နောက်မခေါ်နိုင်အောင် ရှေ့ပြလိုက်တာ ... မင်းက သူ့ဘက်က နာရသလား ... ကျွတ် ... ကျွတ် ... ကျွတ် ... မိန်းမတွေ တော်တော်အံ့ဩစရာကောင်းတာပဲ ..."

အထက်ထပ်မှ မိန်းကလေးပြေးလာသည်။

သူမသည် စိတ်ဆိုးမာန်ဆိုးနှင့်ပွေ့ထားသော သင်းပျံ့နွယ်ကို တွန်းဖယ်လိုက်သည်။

"ဖယ်ပါ ... ဖယ်ပါ ... ရှင်ဘယ်သူလဲ ... ဖယ်"

သင်းပျံ့နွယ်ရင်ခွင်ထဲမှ ထက်မိုးဦးကို သူမရင်ခွင်ထဲ ဆွဲယူလိုက်သည်။ သင်းပျံ့နွယ်အံ့အားသင့်သွားသည်။ နောက် နားလည်သဘောပေါက်သွားသည်။

မေ့သလိုဖြစ်သွားသော ထက်မိုးဦးသတိပြန်လည်





လာသည်။ မိန်းမချောလေးက ထက်မိုးဦးကိုကိုင်လှုပ်၍ ...

"ထက်ထက် ... ထက်ထက် ..."

ငိုသံပါကလေးနှင့် ခေါ်သည်။ ထက်မိုးဦးက စနေကို ဦးစွာမြင်သည်။ ခေါသလှိုင်းပြင်းသော်လည်း သူဘာမှမလုပ်နိုင်တော့ပြီကိုသိသည်။

သင်းပျံ့နွယ်ကိုမြင်သည်။

မြဲဂရုပ်မြင်သံကြားဖမ်းစဉ်တွင် သူမသည် စနေနှင့်ပါလာသည်ကိုသိပြီးဖြစ်သည်။ သူ့အားဖုန်းဆက်သည်ကိုလည်း သိပြီးဖြစ်သည်။

"ခွေးမ ... အယုတ်တမာမ ..."

နှုတ်မှ ဆဲဆိုသံနှင့်အတူ မြဲဘက်သို့အားယူလက်ညှိုးထိုးကာ ...

"ထွက်သွား ... ထွက်သွား ... နင့်မျက်နှာကော ... ဟိုကောင့်မျက်နှာပါ ငါမကြည့်ချင်ဘူး ..."

"ကိုထက် ... သင်းပျံ့ ကိုထက်ကိုချစ်ပါတယ် ... သင်းပျံ့ကိုထက်ကို မခွဲနိုင်ဘူး ..."

"မလိုဘူးသွား ... နင့်ကိုငါမပေါင်းချင်ဘူး ... ငါမယူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သနှင့်ပြောကာ သူ့အားပွေ့ထားသော မိန်းက
လေးအား ...

"လှိုင် ... ဒီကောင်မကို နှင်ထုတ်လိုက်စမ်းပါ ... "

လှိုင်ဆိုသောမိန်းကလေးက သင်းပျံ့အားကြည့်
ကာ ...

"ရှင့်ကို သူကမလိုချင်ဘူးတဲ့ ... ထွက်သွားပါ ... "

သင်းပျံ့အောက်နှုတ်ခမ်းကလေးကိုအပေါ်သွားကလေး
နှင့်ခဲထားသည်။ မျက်ဝန်းတွင် မျက်ရည်လှိုက်တက်လာသည်။

ဝတုတ်တုတ်ကိုယ်လေးမှာ ဒေါသကြောင့်လား
ဝမ်းနည်းမှုကြောင့်လားမသိတုန်နေသည်။

"အပေါစားမ ... ဂလေမ ... နင့်လိုအောက်တန်းစားက
ငါ့ကို ... "

ရိုက်နှက်သံတစ်ချက်ပေါ်လာသည်။ မိန်းမချင်း ရန်
ဖြစ်လျှင် ဘာကစလုပ်သည်ကို မိတ်ဆွေစာရှုသူသိပါလိမ့်မည်။
ထိုထက်ပိုပြီး မရေးလိုတော့ပါ။

ခေါင်းကလေးစောင်းငဲ့သွားသော လှိုင်ကို ထိုရိုက်
ချက်တစ်ချက်တည်းနှင့်ပင် ကျေနပ်သွားရသည်။ သင်းပျံ့ပြေးထွက်





သွား၏။ ငိုရှိုက်သံကြားရသည်။

စနေက သက်ပြင်းချသည်။

ခေါင်းယမ်းသည်။

တစ်ခုတော့ စိတ်ချသွားသည်။

နွားသိုးကြီးလို့ အခေါ်ခံရတော့မည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com









## ဇာတ်လမ်းစဉ် (၃)

သည်အမှုကို စနေက ထက်မိုးဦး ရဲတိုင်မည်လားဟု စောင့်စားနေသည်။

ထက်မိုးဦး ရဲမတိုင်ပါ။

မိမိ၏နဖူးကွဲသောဒဏ်ရာကို ဆေးခန်းတစ်ခန်းတွင် ဝင်ပြသည်။ ကားလက်ကိုင်ဘီးနှင့်ခေါင်းကို တိုက်မိလို့ နဖူးကွဲရတာပါဟု ဆရာဝန်မကိုအကြောင်းပြသည်။

အိမ်ကိုလည်း ထို့အတူအကြောင်းပြသည်။ သူ့အကြောင်းပြချက်ကို အားလုံးက လက်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



သင်းပျံ့ကိုလည်း သည်အဖြစ်ကို ဘယ်သူမှမသိပါ စေနှင့်ဟု ဝိတ်ပင်ထားသည်။

စနေက ဖက်တီးမကို စိတ်မဆိုး၊ စိတ်မကောက်ပါ။

ထက်မိုးဦးကို ချစ်စိတ်တွေမှုန်ပြီး စနေကိုပြောဖိ ပြောရာ ပြောခဲ့တာပဲဟု စနေက ယူဆသည်။

သင်းပျံ့မှာ စနေကိုစိတ်ပြေသွားပုံရသည်။

တောင်းပန်သည်။

စနေက သင်းပျံ့အိမ်သို့ အဝင်အထွက်မပြုသော် လည်း ဖေဖေနှင့်အမေမေက ဝင်ထွက်ပါဟုပြောသဖြင့် သူ ဝင်ထွက် သွားလာရသည်။ ယောက္ခမလောင်းတွေနှင့်လည်း ရင်းနှီးသည်။

သင်းပျံ့နှင့်လည်း ပိုရင်းနှီးလာရ၏။

သူတို့ကို စနေမကြိုက်တာရှိ၏။

သူတို့မိသားစုသုံးယောက်သည် ဘယ်သူ့ကိုမှ လူ မထင်ဘဲ ချမ်းသာကြွယ်ဝမှုကိုအကြောင်းပြု၍ သူတို့ကိုယ်မှ သူတို့ လူထင်တတ်ကြသည်။

ဒါကို စနေအထူးသတိထားရသည်။

စနေကို ပထမတွေ့စက ဒီကောင်ရုပ်ကလေးချော





ပြီး ဘီအက်စီအောင်လို့ ကွန်ပျူတာလေးကိုင်တတ်တာပဲဟု ဦးမင်းနှယ်က အထင်ရှိသော်လည်း စနေ၏ရိုးဖြောင့်မှု၊ အလုပ်ကြိုးစားမှု အလုပ်တွင် အမြင်ကျယ်မှုတွေကြောင့် အလားအလာရှိသူဟုထင် မြင်လာမိ၏။

ဒါကြောင့် သူ့သမီးမှာ ထက်မိုးဦးနှင့်ဖြစ်ကာ လူ့လောကကွင်းလယ်တွင် ဘောလုံးပိုက်မိသော သူ့သမီးကို ကွင်းလယ်ဒိုင်လူကြီးနှင့် ပေးစားရန် စနေကိုဒိုင်လူကြီးအဖြစ်ထားခဲ့ခြင်း ဖြစ်၏။

သူရွေးသော သူ့သမက်သည် မှန်ကန်သောသမက်ဟုထင်ထား၏။

စနေ၏နဖူးမှဒဏ်ရာလည်းပျောက်ကင်းသွား၏။ မြန်မာသမားတော်ကြီးတစ်ဦး၏ တိုင်းရင်းမြန်မာဆေးထဲမှ ဆေးနှင်းကောင်းကြောင့် နဖူးတွင် အမာရွတ်ထင်မည့်ဘေးမှ ကင်းဝေးသော သူ့ရုပကာချောချောလေးက အရင်ကအတိုင်းပဲ အော်ရီဂျင်နယ်ပါဟု ဆိုနိုင်၏။

ထက်မိုးဦးကိုတော့ ထပ်မတွေ့ရတော့ပါ။

သည်ကောင် အလုပ်ကိစ္စနှင့် စင်္ကာပူသွားပြီဟုသိရ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူမိန်းမက စက်ဘပူတွင်နေသည်။

စက်ဘပူသူ တရုတ်အမျိုးသမီးဂျင်နီဖြစ်သည်။ သ
ကောင်က တစ်ရွာတစ်ကျီဆောက်သူဟုဆိုနိုင်၏။

ထိုင်းသွားလျှင် ထိုင်းမှာတစ်ယောက်။

မလေးသွားလျှင် မလေးမှာတစ်ယောက်။

ဂျပန်သွားလျှင် ဂျပန်မှာတစ်ယောက်။

မိန်းမများသူ လူတွေကသိသော်လည်း လက်
လက်ကိုင်မပြနိုင်ပါ။

ဦးမင်းနွယ်သည် သူကြီးပွားလာတာ ထက်မိုးဦး
အကူအညီတွေများစွာရခဲ့၏။

ထက်မိုးဦးကိုတော့ ဦးမင်းနွယ်အထင်ကြီးသ
ဒါကြောင့် သူ့သမီးနှင့်လွှတ်ပေးထားခြင်းဖြစ်၏။

ထက်မိုးဦးက သင်းပုံ့နွယ်ကို ချိတ်တော့ သင
နွယ်ကိုအထင်ကြီးစိတ်နှင့်သဘောကျ၏။ ကိုထက်ကိုထက်နှင့်
ဖျားလေးတွင် အမည်သီပြီး နှလုံးတွင်အချစ်တွေခိုအောင်း
သင်းပုံ့တွင် မလွှတ်မလပ်ရှိလာတော့ ထ
လန့်လာသည်။ သည်အတွင်း သူ့မိန်းမဂျင်နီက စက်ဘပူမှလိုက်





သည်။

ယောက်ျားသားပေပဲဟု လွှတ်တုန်းကလွှတ်ထား
သော်လည်း ဘောလုံးပိုက်မိသော သင်းပုံ့ကိုထက်မိုးဦးအထင်ကရ
သိမ်းပိုက်မှာကိုမလိုလားပါ။

ဒါကြောင့် စက်ဘပူသူက သင်းပုံ့အား ထက်မိုးဦး
အား လက်ထပ်ခဲ့ပါလျှင် သူမသာလျှင် နံပါတ်တစ်နေရာဖြစ်ပြီး
သင်းပုံ့အား အရှက်ခွဲမည်။ သူမ၏မိဘတွေအား စီးပွားရေးအနှောင့်
အယှက်ပေးပြီး အရှက်ခွဲမည်ဟုဆို၏။

ဒါကို သင်းပုံ့ထက် ဦးမင်းနွယ်တို့လင်မယားက
သန့်၏။ သည်အထဲ သင်းပုံ့က ဘောပိုက်သမားဖြစ်လာတော့ စနေ
ကိုပဲသမက်အဖြစ်ရွေးချယ်ခဲ့သည်။

ငြင်းပယ်မည့်သူမဟုတ်သည်မို့ အဖြစ်မှန်ကို စနေ
မှန်း၏ မိဘများမှတစ်ဆင့် စနေကိုသိစေခဲ့၏။

ယခုတော့ မိဘတွေ၏မျက်နှာကိုထောက်ရှုပြီး
နေလက်ခံခဲ့ပါသည်။

သင်းပုံ့နှင့် သူအိမ်ထောင်ကျခြင်းသည် အဝိုင်းထဲ
ထောင့်ထည့်သလို အံမဝင်ခွင်မကျဖြစ်မည်ကိုသိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကြော့နေတတ်သော သင်းပုံ့သည် အိမ်ထောင်ရေးကို နိုင်နင်းစွာကိုင်တွယ်တတ်မည်မဟုတ်ပေ။

သည်အတွက် သူမ၏မိဘတွေက သူတို့၏ထမင်းချက်၊ ဟင်းချက်စားဖို့မှုးဒေါ်မြကို စနေတို့အိမ်ထောင်ကျပြီး ထည့်ပေးဖို့စီမံထားသည်။

စနေတို့အတွက် အိမ်တဆောင်မီးတပြောင်၊ ခြံတစ်ဝင်း၊ ကားတစ်စင်းဖြစ်ရေးအတွက် သူတို့ကပင် တာဝန်ယူကြ၏။

စနေ့သူငယ်ချင်းတွေက အကြောင်းမသိတော့ စနေကို အားကျကြသည်။ ချမ်းသာကြွယ်ဝသော သူဌေးသမက်ဖြစ်ရတာ ကံကောင်းသည်ဟု ပြောဆိုကြသည်။

သင်းပုံ့အဖွဲ့က သင်းပုံ့ကို စနေလိုရုပ်ချောသသောကောင်းရတာ အင်မတန် ကုသိုလ်ကံကောင်းသည်ဟု ဝိုင်းဝန်းပြောဆို ချီးမွမ်းကြသည်။

သူတို့နှစ်ယောက်၏မင်္ဂလာပွဲကားဆီဒိုးနားဟိုတယ်မှာပဲဖြစ်သည်။

ဆီဒိုးနားဟိုတယ်သည် ပလွှားတတ်သောလူကုံထံအထက်လွှာတို့၏ မျက်နှာလုပ်ရာဌာနတစ်ခုဖြစ်တာမို့ ပတ်ဝန်း





ကျင်မှ စနေတို့မင်္ဂလာပွဲကို အင်မတန်အထင်ကြီး၏။

သတို့သားက မုန်တန်းအဝတ်အစားဖြစ်သော်လည်း ရှေးဆံထုံး ထိုင်မသိမ်းအင်္ကျီလှလှကလေးဝတ်ထားသော ဝတုတ်မသတို့သမီးသင်ပုံ့မှာ စိန်တွေသီးနေသည်။ စိန်ဆံထိုး၊ စိန်နားကပ်၊ စိန်ရံဆံထိုး၊ စိန်ဘယက်၊ စိန်လက်ကောက်တွေက သူမကိုယ်တွင် တဖျပ်ဖျပ်အရောင်ထွက်လက်နေသည်။

သူမကပြုံးပြုံးရွှင်ရွှင်ဖြစ်ပေမင့် စနေဆိုတဲ့ သတို့သားကောင်မှာ မျက်နှာမသာလှ။

မျက်နှာသေပင်။

မင်္ဂလာသြဘာစာဖတ်လို့ ထိုင်ခုံပေါ်တွင် ယှဉ်တွဲထိုင်နေကြတာတောင် စနေက သင်းပုံ့မျက်နှာကိုမကြည့်ပေ။

ဝတုတ်တုတ်၊ မျက်နှာပြကြီးနှင့် သင်းပုံ့မှာ စိန်တွေရံနေသော်လည်း အသားကညိုကြာ အမည်းသို့လုနေတော့ စိန်တခြား၊ လူတခြားဖြစ်နေသည်။

ဒါကိုရွှေပွဲလာပရိသတ်တို့က ပြုံးသည်လည်းရှိသည်။ မဲ့သည်လည်းရှိသည်။ ကြိတ်ရယ်သည်လည်းရှိသူတွေရှိကြသည်။

ဦးဘသိုက်ထွန်းနှင့် ဒေါ်ခင်မျိုးမှာ သားမက်လန်း



www.burmeseclassic.com

တာကိုကြည့်ကာ သူတို့လည်း စိတ်မကောင်းကြ။

သားကလေးဘဝတိုးတက်အောင် လုပ်ပေးရပေမင့် သားလေးစိတ်ထဲ ဘယ်လိုခံစားရသည်ကိုခန့်မှန်းမိတော့ မိမိတို့လုပ်တာမှားပင်မှားသလားဟုထင်၏။

မျက်နှာမကောင်းကြတော့။

လာသည့်ပရိသတ်တွေက ရွှေပေါ်မြတင်ပရိသတ်တွေပဲ။ ပုဂ္ဂိုလ်တစ်ဦးနှင့် ဇနီးက စနေတို့စုံတွဲကို လက်စွပ်လဲပေးကြသည်။

သည်လိုနှင့်ပဲ မင်္ဂလာပွဲပြီးသွားကြသည်။

ထို့နောက် သူတို့လင်မယားအား သဃ်န်းကျွန်း၊ ဇဝနရပ်ကွက်၊ သုမင်္ဂလာအိမ်ရာသို့ခေါ်ဆောင်သွားကြ၏။

ထိုအိမ်ရာကား ဖာကယ့်လူချမ်းသာတွေနေသော အိမ်ရာဝင်းကြီးပင်။

သုမင်္ဂလာအိမ်ရာလမ်းမကြီးသည် ကျောက်ခင်းလမ်းမို့ ဖွေးနေသည်။ ကားလေးငါးစီးက ထိုအိမ်ရာလမ်းမကြီးထဲသို့ စီတန်းဝင်လာသည်။

တိုက်အိမ်များနှင့် ခြံဝင်းများသည် တင့်တယ်လှပ





…ည်ရာမှုရှိပါ၏။ တန်ရုံချမ်းသာသည့်လူများ နေနိုင်သည်မဟုတ်…ာ နေရာတစ်ခုဟုဆိုရမည်။

ထိုအိမ်ရာတွေရှိသောလမ်းတစ်လမ်းသို့ စနေတို့နေ…ည့်အိမ်သို့ခေါ်ဆောင်သွားကြသည်။

သတို့သားအပေါင်းအသင်းတွေ၊ ဆွေမျိုးတွေက ရွှေ…မဟုတ်ဘဲ ကြိုးနှင့်တားကြသည်။

အစစ်လားအတုလားဆိုတာ ကာယကံရှင်တွေပဲသိ…မည်။

ကြိုးနှင့်တားတာကို သင်းပျံ့က နှစ်သက်သည်။ …င်းလိုးရှင်းတွေ တစ်ကိုယ်လုံးလူးထားသော သူမမှာ မွှေးကြိုင်…ရာ ကြိုးတားသူတွေက မွှေးမမဟုခေါ်ကြသည်။

ထောင်တန်တွေအုပ်လိုက်ကိုင်ထားသော စနေ…န်းဆီမှ ထောင်တန်တွေကို ဆွဲယူကာ ကြိုးတားသူကိုကို၊ မမ…ကိုပေးသည်။

တစ်ခါတစ်ခါ ကောင်မလေးတွေဆီမှ ဘာကို…က်သည်မသိ ဝိုးခနဲ၊ ဝါးခနဲရယ်သံလေးတွေ အုံလိုက်ထွက်လာ…ည်။



www.burmeseclassic.com

www.burmeseclassic.com



စနေထွန်း၏လက်မောင်းကို ... သူ့ဘော်ဒါတစ် ယောက်ကကိုင်ကြည့်ပြီးသော် ...

"ဟေ့ကောင်ကြီး မင်းနဲ့ငါလက်ပုံလှဲမယ် ... မင်းက ငါ့ကိုအမြဲ တမ်းနိုင်နေကြ ... မနက်ဖြန်ဆို မင်းငါ့ကိုရှုံးပြီ ... လောင်း မလား ..."

"အောင်မာ ... စိန်မျက်ပြူးရာ ... နှစ်လေးတစ်လေး လောင်းလိုက်မယ် ... တူးအင်ဝမ်းစနေထွန်းပါကွ၊ လောင်း မယ် ... မနက်ဖြန်မင်းလက်ကိုငါချိုးပစ်မယ် ..."

"ဟုတ်ရဲ့လား စနေရယ် ... မနက်ဖြန်ငါ့ဆီလာတော့ နှာ ထင်နားရင်းကျ၊ မျက်လုံးကလေးဟော်ကပက်၊ မောသ လေးနဲ့ ကိုကိုစိန်ပြူးရယ် ... နောက်တစ်နေ့မှ ချိန်းတာ လို့ မပြောနဲ့ ..."

"ဟေ့ ... စနေ ... ဒီကောင်က မင်းကိုမင်္ဂလာဦးည ရည်ညွှန်းပြီး အနိုင်တွယ်တာကွ ... ငါ့ဒီည မင်းသော ကြက်ဥတွေ၊ နွားနို့တွေ၊ အားဆေးတွေလာပို့မယ် ... ဖု တာပေါ့ကွာ ..."

"ကိုပေါက်ရာ အားဆေးမလိုပါဘူးကွ ... နွားနို့နဲ့ကြက်





ဖြူကြိုသောက်ရင် ဗိုက်တာမင်တွေ ရောဝတီမြစ်ကြီး လောက် အားတွေထွက်လာလိမ့်မယ် ... ဟား ... ဟား"

လူပျိုတစ်သိုက်က အပျိုတစ်သိုက်နှင့်အတူ ဟားသံ ပေးသည်။ စနေကတော့ မချည့်ပြုံးပြုံးနေသည်။

စနေ့အဖို့ သူများတွေပျော်ရွှင်သော်လည်း တစ်စက် မှ မပျော်ရွှင်ပါ။

မင်္ဂလာသတို့သမီးသတို့သားကို အခန်းအပ်အိမ်အပ် ပြီး ပြန်ကြသည်။

အိမ်ရှေ့တွင် ကားဟွန်းသံတွေ ဆူညံသွား၏။ စနေ နှင့် သင်းပျံ့နွယ်က ခြံရှေ့ထွက်လက်ပြသည်။ မိုးစက်တွေက ကား ဟွန်းသံတွေကြားမှကျလာ၏။

ကားတွေထွက်သွားကြသည်။

မိုးစက်တွေကြားမှ သင်းပျံ့က အိမ်ဆီသို့ဝင်ပြေး သည်။

စနေကတော့ မိုးစက်တွေကြားထဲမှ လျှောက်လာ သည်။

အိမ်ထဲသို့ရောက်တော့ မိုးစက်တွေကို ကိုယ်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ခါချနေသော သင်းပျံ့ကိုလေသံမှန်မှန်နှင့် ...

"ဟေး ... ငါ့အဝတ်လဲဖို့ပေးဦးလေကွာ ... တိုက်ပုံတွေရော လုံချည်တွေရော ရွှဲရွှဲစိုကုန်ပြီ ..."

သည်တော့ သင်းပျံ့က အေးစက်စက်အကြည့်နှင့် ...

"ရှင့်မှာလက်ရှိတာပဲ ... ရှင့်ဘာသာရှင်သွားယူပေါ့ ... တကတည်းနေတောင်မနေရသေးဘူး ... အသားယူလိုက်တာ"

ပြောပြီး အထက်ထပ်တက်သောလှေကားအတိုင်း တက်သွားသည်။ စနေ အူကြောင်ကြောင်ဖြစ်ကျန်ခဲ့ပြီးမှ ပခုံးကို မသိမသာတွန့်ကာ အထက်ထပ်သို့ သူ့မနောက်မှ လိုက်တက်သွားသည်။

လူဆိုတာ အတူတူနေရမှ တစ်ယောက်အကြောင်း တစ်ယောက်သိရသည်။

သင်းပျံ့မှာ ညအိပ်ခါနီးတွင် စနေလိုသွားမတိုက်ချေ။ စနေက ရေချိုးခန်းတွင် ကိုယ်လက်ခြေဆေးပြီး အိပ်ခန်းထဲတွင် အိပ်မည့်ဟန်ပြင်နေသော သင်းပျံ့အား ...

"သင်းပျံ့ ခြေလက်ဆေးပြီး သွားတိုက်ချေဦးလေ ..."





"အမယ်လေး ... တစ်နေ့လုံးပင်ပန်းညောင်းညာလာရတဲ့ အထဲ ခြေလက်ဆေးသွားတိုက်ရဦးမယ် ... ဟုတ်လား ... သွားစမ်းပါ ... တစ်နေ့လုံး မြေပေါ်ခြေမချနေခဲ့တာ ဘာ ခြေလက်ဆေးစရာလိုလဲ ... ကိုယ့်အိမ်မှာနေတာတောင် သွားကိုတစ်မနက်ပဲ သေသေချာချာတိုက်ခဲ့တာ ... ဘာ သွားထပ်တိုက်စရာလိုသလဲ ... ဟွန်း ... အလုပ်ပိုတွေ"

"ပါးစပ်က နံတယ်ကွ ..."

"ရှင့်ပါးစပ်က နံချင်နံမယ် ... ကျွန်မပါးစပ်က မနံဘူး ... ခံတွင်းသန့်သကြားလုံး ငုံ[illegible]ားတာ ..."

"စားထားတဲ့အစာက သွားချေးတွေဖြစ်ကုန်ပြီ ..."

"ဟာ ... ရွံစရာတွေဘာလာပြောနေတာလဲ၊ ဒီမှာ ဦးစနေ ထွန်း ကျွန်မက ငယ်ငယ်ကလေးကတည်းက ဒီလိုနေခဲ့ တာရှင့် ... ရှင့်ကျမှ ကျွန်မအလုပ်ပိုတွေမလုပ်တော့ဘူး"

ပြောပြီး ခုတင်ပေါ်လှဲအိပ်ချလိုက်သည်။ အထက် မျက်နှာကျက်တွင် မီးချောင်းတွေထွန်းထားရာ ဆယ့်နှစ်ပေပတ် လည်အခန်းမှာ အလင်းရောင်ပြန့်ပြူးနေသည်။

သင်းပျံ့၏ဝတုတ်တုတ်ကိုယ်လုံးကို စနေက မသိ



www.burmeseclassic.com

www.burmeseclassic.com



မသာနှာခေါင်းရှုံ့ကြည့်သည်။ ချွေးထွက်ရင် ဘယ်လောက်ချွေးစော်နံလိုက်မလဲဟုလည်း မဆီမဆိုင်တွေးနေသည်။

ဝသည့်ကိုယ်သည် ပိန်သူထက်ချွေးထွက်အားပို၏။ ဒီကောင်မတစ်ကိုယ်လုံး စကင်းလိုးရှင်း (Skin Lotion) တွေလူးထားလို့ပဲ၊ မလူးဘဲချွေးထွက်တဲ့အချိန် ဘယ်လောက်နံသလဲလို့ ငါအနံ့ခံကြည့်ဦးမှပဲဟု သုတေသနတွေးတွေးသည်။

"ဘာကြည့်နေတာလဲ ... သွားအိပ်တော့လေ ... "

စနေကို ဟောက်သံနှင့် သူမကဆိုသည်။

"မနက်ကျရင် အလုပ်သွားရမှာဆိုတော့ ဘာတွေအချက်နိုင်းရကောင်းမလဲလို့ ... "

ဒါတော့ စနေက တမင်သက်သက်ရွဲ့ပြောလိုက်ခြင်းပါပဲ။

သည်ကောင်မလေး ထမင်းဟင်းမချက်တတ်မှန်းသိသည်။

"ဒါတော့ ရှင်ရွဲ့ပြောတာပဲ ... ကျွန်မက တစ်သက်လုံး ဒေါ်မြချက်သရွေ့ စားနေခဲ့ရတာ ... "

"ဒေါ်မြဟိုဟာချက်ကျွေးကော စားမှာပဲလား ... "





"ရှင်ဘာစကားပြောတာလဲ ... မမိုက်ရိုင်းနဲ့ ... "

"အိမ်ထောင်ပြုလာရင် ယောက်ျားဝတ်၊ မိန်းမဝတ်ရှိတယ်"

"ယောက်ျားဝတ်ဆိုတာ နှစ်ကိုက်ခွဲ ... မိန်းမဝတ်ဆိုတာ တစ်ကိုက်ခွဲ ... ဒါပဲကျွန်မနားလည်တယ် ကိုတတ်သိကြီးရဲ့"

"အေး ... မိန်းမဝတ်ငါးပါးကိုပြောတာ ... လင်သားရှာဖွေပေးတာကိုစုဆောင်းတတ်ရတယ် ... ချက်ပြုတ်ကျွေးမွေးရတယ် ... စာဆိုရှိတယ်လေ ... မိန္တာကြည်ရှောင် လျှော်အောင်ဖြန့်ချို ... ဖူဌ်းရှိမယ့်ဝတ်ငါးသူ အိမ်သူကျင့်အပ်စွာတဲ့ ရှေးကဆရာတော်ကြီးတစ်ပါး ဆုံးမစာရေးခဲ့တာ"

စနေမှာ မယားဝတ်ငါးပါးကို မေ့နေသဖြင့် ပါးစပ်ထဲတွေ့ရာ ကောက်ရွတ်သည်။

ဆရာကြီးလုပ်သည်။

"ဒါတွေလာပြောမနေနဲ့ ခေတ်မမီတော့ဘူး ... အန်းတိတ် (Antiaue) က စကားတွေ ခုခေတ်မိန်းမတွေဟာ မီးဖိုချောင်ထဲက မိန်းမတွေမဟုတ်တော့ဘူး ... အင်တာနက်မိန်းမတွေ ... "

"အင်တာနက်တွေ ... ထဘီနက်တွေလုပ်မနေနဲ့ လင်ယူရင်



www.burmeseclassic.com

လင့်ကိစ္စကိုတော့ လုပ်ရမှာပဲကွ ... ”

“ရှင်က ပိုင်စိုးပိုင်နင်းမပြောပါနဲ့ ... ”

“မင်းက ငါ့မယားပဲ ... ”

စိတ်ပေါက်ပေါက်နှင့် သင်းပျံ့ကို စနေအရွဲ့တိုက်ပြ
သွားဖက်ပစ်လိုက်သည်။

ဖက်ရတာ အိစက်စက်ရှိသလို သူမ၏လက်မောင်း
သားတွေမှာ နွေး၍ချောမွတ်အိထွေးနေသည်။

အတွေ့အထိကိုမကြုံခဲ့သော စနေမှာ စိတ်ထဲတ
မျိုးကြီးဖြစ်သွားသည်။

“သွားစမ်းပါ ... ”

သူမက စိတ်နှင့်မာန်နှင့် သူ့ကိုတအားတွန်းထုတ်
လိုက်သည်။

စနေယိုင်သွား၏။

“ရှင်ကျွန်မကို မထိနဲ့ ... ရှင့်ကို မချစ်ဘူး ... ”

“အေးပါဘူးသီးမ ... ဘဲဥမရယ် ... ငါသိပါတယ် ... ငါ
လည်း ချစ်လို့မဟုတ်ဘူး ... ရွဲ့ချင်လို့ဟော့ ... သွားမ
မညားခင် ... လက်မထပ်ခင်ကတည်းက ... သူ





သဘောတူညီမှုတစ်ခုပြုလုပ်ခဲ့သည်။ ဒါက တစ်ခန်းစီအိပ်ဖို့။

စနေက ကြိုတင်ပြင်ဆင်ထားသော သူ့အခန်းသို့
သွားသည်။ ဂျပန်တာတာမီလို ဖဲမွေ့ရာတစ်ခုခင်းပေးထားသည်။

www.burmeseclassic.com









## ဇာတ်လမ်းစဉ် (၄)

စောင်ခေါင်းအုံးအဆင်သင့်။

အဲယားကွန်းကလည်းဖွင့်ပြီးသား။

ခြင်လုံသံစကာတွေအိမ်မှာရှိတာမို့ ခြင်အန္တရာယ်ကို
မကြောက်ရ။

စနေအိပ်ရာပေးလှဲရင်း သူ့စိတ်ထဲခံစားမှုကိုတွေးနေ
၏။ သင်းပျံ့၏ဝတုတ်တုတ်ခါးနှင့် အိစက်စက်လက်မောင်းသား
လေးကိုင်ရတာနှင့်ပဲ စိတ်ထဲသာယာသလိုရှိခဲ့၏။

ယခုပြန်တွေးမိတော့ အရသာတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမနှင့်ပတ်သက်၍ မာန်မာနကြီးသောစနေက ဒါလောက်ကလေးဖြစ်ရမလားဟု သူ့ကိုယ်သူ အပြစ်တင်မိ၏။

ခြေလက်မဆေးသော သွားမတိုက်သော မိန်းမမျိုးကို ဘာဂရုစိုက်ရမှာလဲ။

စနေအိပ်ပျော်အောင်အိပ်သည်။

မနက်မိုးလင်းတော့ တံခါးခေါက်သံကြောင့် လန့်နိုးသည်။ မွေ့ရာထက်ကထမိသည်။

သင်းပျံ့သည် သူ့အတွက် သွားတိုက်ဆေး၊ သွားပွတ်တံ၊ မျက်နှာသုတ်ပဝါစတာတွေလာပေးနေပြီ။

သည်တော့လည်း အလိမ္မာသားနော်။

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံ ထပ်မံထွက်ပေါ်လာသည်။

"လာပြီ ... လာပြီ"

စနေကပြောသည်။ မွေ့ရာထက်မှထရပ်မိ၏။ တံခါးကို သွားဖွင့်လိုက်သည်။

တွေးထင်မိသည့်အတိုင်း သင်းပျံ့သည် မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံလာပေးသည်ဟု ထင်မှတ်...





သော်လည်း တွေ့ရတာက မည်းမည်းထမျက်နှာကြီး။

"ဒေါ်မည်း ... အဲ ... ဒေါ်မြ"

စနေအလန့်တကြားဆိုသည်။ ပြီးမှ ...

"ခင်ဗျား အခုရောက်နေပြီ ... "

"ကျွန်မကို ဆရာတို့လင်မယားကိုခေါ်ခိုင်းလိုက်တာ ... အောက်ထပ်က ထမင်းစားခန်းမှာသူတို့ရှိတယ် ... "

စနေက သူ့အိမ်မှာတွင် ရှစ်နာရီမှထ၏။ ယခု ရှစ်နာရီထိုးရောပေါ့။

ထမင်းစားခန်းတွင်ထိုင်နေကြသော ဦးမင်းနွယ်သည်။ ဒေါ်လှစိန်တို့လင်မယားကိုတွေ့ရ၏။

"ဟာ ... မင်္ဂလာပါအန်ကယ်(လ်)အပေါင်း အန်တီ"

မသစ်မစင်ရသေးသောမျက်နှာကို သွားဖြဲပြီး စနေက နှစ်ယောက်လုံးကို စုပေါင်းကာ နှုတ်ဆက်သည်။

"မင်းအိပ်ရာထနောက်ကျလှချည်လား ... ယောက်ျားဆိုတာ စောစောထရတယ်ကွ ... "

"ဟုတ်ကဲ့ ... စောစောထကြတာပါပဲ ... ဒါမှယောက်ျားပဲ ခင်ဗျ ... "



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက တွေ့တွေ့ချင်း ခပ်ဖိဖိပြောတော့ ယောက္ခမကြီးကို စနေကပြန်တုံ့ပြန်သည်။ သူ့အဓိပ္ပာယ်က ခပ်ညစ်ညစ်အဓိပ္ပာယ်နှင့်ပြောလိုက်တာကို အဘိုးကြီးမရိပ်မိဘဲ ရိုမင်နိုက်(စ်)လက်ပတ်နာရီကြီးကိုထောင်ပြကာ ...

"အခု ရှစ်နာရီကျော်ပြီ ..."

"ဟုတ်လား ... အန်ကယ်(လ်)နာရီကြီးက သိပ်ကောင်းတာပဲ ... အခုမှ ရှစ်နာရီအမှန်ကိုပြတယ် ... ပလိ(စ်)ခေတ နော် ကျွန်တော်ပြန်လာခဲ့မယ် ..."

သူပြောပြီး ရေချိုးခန်းသို့လစ်လာသည်။ ဦးမင်းနွယ်က ဒေါ်လှစိန်အား ...

"သမက်ဆိုတာ ခုကတည်းကတုံးဖိသလိုဖိထားရမှာကွ ..."

"သိပ်ဖိရင် ဗိုက်ထဲကထွက်ကျကုန်ပါဦးမယ် ..."

"ဂရုစိုက်စရာမလိုပါဘူး ... ထွက်ကျကုန်တော့လည်း သူ့ကို ပြန်ကြုံးခိုင်းရမှာပေါ့ ... သမီးကလေးကို ဒီကောင်မဖိနိုင်ဖို့ အရေးကြီးတယ် ..."

"သမီးကလေးကိုလည်းမှာပြီးသား ... သမီးကလေးအတွက် ဒီကောင်ကို အစားထိုးထားတာ အောက်ကျခံစရာဂရုစိုက်





စရာမလိုဘူးလို့ ..."

သူတို့ပြောစကားတွေကို စနေမကြားပါ။

စနေမှာသာ ရေချိုးခန်းတွင် သင်းပုံ့နှင့်စုံရသည်။

သင်းပုံ့က ထဘီရင်လျားနှင့် ရေချိုးခန်းတွင်သွားတိုက်နေသည်။ စနေက ကိုယ်လက်သန့်စင်ပြီး ပြန်ထွက်အလာတွင် သွားတိုက်မျက်နှာသန့်စင်ပြီးသော သင်းပုံ့က နံရံတွင်ချိတ်ထားသော ချိတ်မှမျက်နှာသုတ်ပဝါကို လက်နှစ်ဖက်နှင့်လှမ်းယူသည်။

"ဟာ ... ချိုင်းမွေးတွေ"

စနေက အလန့်တကြားနှင့် အသံထွက်သွားသည်။ သင်းပုံ့၏လက်မောင်းရင်းအထက် ချိုင်းနှစ်ဖက်အောက်တွင် ရှည်လျားနက်မှောင်သော ချိုင်းမွေးတွေကိုတွေ့ရသည်။

"ချိုင်းမွေးတွေ ဘာဖြစ်လဲ ..."

သင်းပုံ့က မထေလေးစားပြန်ပြောတော့ ...

"ဟာ ... ချိုင်းမွေးထားတာ ညစ်ပတ်တာပေါ့ ... မိန်းကလေးနဲ့ ချိုင်းမွေး တခြားစီ ... နံတယ် ... အမြင်ဆိုးတယ်"

သူမကိုယ်ပေါ်မျက်နှာသုတ်ပဝါကြီးကို လွှမ်းခြုံလျက် မဲ့မဲ့ရွဲ့ရွဲ့နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အခု တချို့နိုင်ငံတွေမှာ အမျိုးသမီးတချို့ ချိုင်းမွေးထားပြီး ချိုင်းမွေးပြိုင်ပွဲလုပ်တာကော ရှင်သိလား ..."

"မကြားဘူးပေါင် ... မမြင်ဘူးပေါင် ... တို့သိတာယောကျ်ား တွေမုတ်ဆိတ်ရှည်ပြိုင်ပွဲ ... မိန်းမတွေဆံပင်ရှည်ပြိုင်ပွဲလုပ် တာပဲကြားဖူးမြင်ဖူးတယ် ... မြင်ဖူးတာဓာတ်ပုံတွေထဲမှာ"

"ကျွန်မ ချိုင်းမွေးထားတာ ရှင်နဲ့မဆိုင်ပါဘူး ..."

"အင်း ... ဆန်းတော့ဆန်းသား ... မြန်မာမိန်းကလေးတွေ ဟာ သန့်ရှင်းတယ် ... ချိုင်းမွေးဆိုနုံကြတာပဲ ... မင်းကျမှ ချိုင်းမွေးကိုအရိုင်းသွေးပေါက်အောင်ထားရတယ်လို့တွေ"

စနေက တစ်ဘက်သို့မျက်နှာလှည့်တဲ်တွေးတွေး သည်။ ဟိုမိန်းကလေးမျက်နှာ ရဲခနဲဖြစ်သွား၏။

"ရှင် ... ကျွန်မကိုမစော်ကားနဲ့ ..."

"မင်းက ငါ့မိန်းမပဲလေ ... မိန်းမက မိန်းမပီသအောင် သန့် သန့်ရှင်းရှင်းမှမနေဘဲ ... ရွံစရာကြီးကွာ"

"အံမယ် ... ရှင့်မှာကောချိုင်းမွေးမရှိလို့လား"

"ဒီမှာကြည့် ..."

စနေက ပြောင်နေသော သူ့ချိုင်းနှစ်ဖက်ကိုမြှောက်





ပြသည်။

"မင်းကြာဖံသုပ်စားသလို ချိုင်းမွေးသုပ်စားချင်တယ်ဆိုတာ တောင်မရှိဘူးမှတ် ... တောတော်ညစ်ပတ်တဲ့ကောင်မ လေးပဲ ... ထက်မိုးဦးဆိုတဲ့ကောင်က မင်းကိုပဲချစ်သလား၊ ချိုင်းမွေးကိုပဲချစ်သလားမသိဘူး ... မင်း ငါနဲ့နေရင် အဲဒီ အမွေးရိုတ်ဝစ်၊ နှုတ်ပစ်၊ ဒါမှမဟုတ် အလှပြင်ဆိုင်တွေသွား၊ တချို့ဆိုင်တွေမှာ ချိုင်းမွေးစပယ်ရှယ်ရှင်းပေးတာရှိတယ်၊ မင်းဟာတောဖြစ်နေပြီ တော်ကော်ကြာသန်းသွက်လိမ့် မယ် ... အဟင်း ..."

ရယ်သံကလေးပါ စကားနှင့်ထွက်လာသည်။

သူက ရေချိုးခန်းထဲဝင်သွားသည်။ သင်းပုံ့ညစ်ပတ် ာကိုကြည့်ပြီး အတော်စိတ်ညစ်သွား၏။

သင်းပုံ့မျက်နှာကလေးရဲကာ မျက်ရည်တွေဝိုင်းနေ ည်။

"တောက် ... ခွေး"

ဒါလောက်ပဲ သူမဆိုပြီး လှည့်ထွက်လာသည်။ စနေ မကြားတကြားရယ်သံနှင့် ရေလောင်းသံတွေ ရေပိုက်ဖွင့်၍ ရေ



www.burmeseclassic.com

www.burmeseclassic.com



ဝန်းတွေတရှုံရှုံကျသံကြားရသည်။

သူနှင့်သင်းပုံ့ကား စကတည်းက ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲလား။

သင်းပုံ့ကလည်း သူမကိုယ်သူမ ဘဝင်ခေါင်ခိုက် ကာ ဘယ်သူ့ကိုမှလူမထင်။

စနေ့စကားတွေက သူမနံဘေးကို တူနှင့်ထုသလို နာသည်။ အောင့်သည်။

ဒါကို မာမီ့အားပြန်ပြောတော့ မာမီကရယ်၍ ...

"သူပြောတာလည်းဟုတ်တာပဲ ... သမီးက ဒီအမွေးအမျှင် တွေကို ရိတ်ပစ်ဖို့ကောင်းတယ် ... အဖို့ကတည်းက ရှင်းယ ပါလို့ပြောတာ ... "

"နာတယ်မာမီရဲ့ ... ပြီးတော့ ဒါမျိုးက ရိတ်လေထွက်လေ ကြာတော့ မလုပ်ချင်ဘူး"

"ဆေးရှိတာပဲ ... ချိုင်းလူဆေးလိမ်းပြီး နုတ်ပစ်ပါဆိုတော့ လည်းသမီးက ... "

"နာတယ်မာမီရဲ့ ... "

"ဒါဆို ဆိုင်ကိုသွားပေါ့ ... မိန်းမဆိုတာ နုတ်ခမ်းမွေးတို့





မုတ်ဆိတ်မွေးတို့ ချိုင်းမွေးတို့ ခြေသလုံးမွေးတို့ရှိရင် မိန်းမ မပီသဘူး ... မတင့်တယ်ဘူး ... "

"ဗွီဒီယိုတွေထဲမှာ မင်းသမီးတွေ နုတ်ခမ်းမွေးထွက်နေတာ ကျတော့ကော ... "

"မိတ်ကပ်ကြောင့်ထွက်တာပါ ... ထွက်တဲ့လူလည်းထွက်၊ မထွက်တဲ့လူလည်းမထွက်ပါဘူး ... ဒါပေမဲ့ နုတ်ခမ်းမွေးနဲ့ ဆို ကြည့်မကောင်းဘူး ... "

စနေ၏ပြောစကားကြောင့်လား ... မာမီ့စကား ကြောင့်လားမသိ၊ စနေအဖို့ သင်းပုံ့ချိုင်းမွေးကိုမမြင်ရတော့။

ဒါပေမဲ့ သူတို့နှစ်ယောက် အစေးမကပ်။ သင်းပုံ့က စနေအလုပ်သွားပြီဆို ဒေစီတို့ မေမီတို့ သဇင်တို့ မေခင်တို့ အိမ်တွေ ကိုလည်းတတ်၏။

သူမနှင့်ခင်မင်သူယောက်ျားလေးများနှင့် တွဲသွား တွဲလာလုပ်၏။

အစားအသောက်ဆိုင်တွေသွားတတ်၏။ သည် သောအခါ ကောင်လေးတွေသာမဟုတ်ဘဲ ဒေစီတို့ သဇင်တို့ မေခင် တို့ပါတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို စနေကလည်း သွားရင်းလာရင်း မြင်ရ၏။ သင်းပျံ့၏သွားလာမှုကို ဂရုမစိုက်။

ခေတ်မိန်းကလေးဆိုတော့ သူ့ဘာသာသူထိန်းပေါ့။

ဒါပေမဲ့ ဒီအဖြစ်ကိုဖေဖေနှင့်မေမေကသိ၏။ အိမ်ထောင်ရေးအဆင်ပြေကြလိမ့်မည်မဟုတ်သည်ကို စဉ်းစားမိ၏။ စနေအား သင်းပျံ့ကိုထိန်းသိမ်းဖို့ သတိပေးသည်။

"သူ့စိတ်နဲ့ သူ့ကိုယ်နေပါစေ မေမေရာ ... သူလည်း အပျိုဘဝကနေလာတာ ဒါကလေးတွေကို ဘယ်စွန့်နိုင်မလဲ"

စနေက ဂရုမစိုက်ခဲ့ပေမင့် သင်းပျံ့က တစ်ဆင့်ကဲတက်လာသည်။

သူမ၏အိမ်တွင် ပိုကာဝိုင်းဖွဲ့ခြင်းပဲ ဖြစ်၏။

သတင်းကြားသော ဖေဖေနှင့်မေမေစိတ်မချမ်းသာကြ။ ချွေးမလုပ်ပုံက အိမ်ဦးခန်း မစင်စွန့်သလို မလျော်ပါလား။ စနေကို သတိပေးစကားပြောဖြစ်သည်။ စနေက သည်တစ်ခါတော့ သည်းမခံနိုင်။

သူမတို့ဖဲရိုက်ချိန်တွင် အမိဖမ်းကာ ဝုန်းပစ်သည်။ သင်းပျံ့ကိုလည်း တော်တော်ဆူပစ်လိုက်သည်။





သူမကို အရှက်ကွဲအောင်လုပ်သည်လို့ သင်းပျံ့ယူဆပြီး စနေကို ပါးပြင်အလျားထင်အောင် လက်ဝါးတံဆိပ်ပေးမိ၏။

နောက် ဒက်ဒီနှင့်မာမီကို တယ်လီဖုန်းနှင့်တိုင်၏။

ပြောလိုက်လျှင် သူမကအကောင်းချည်း။ စနေထွန်းလွန်တာချည်း။ အဘိုးကြီး အဘွားကြီးလိုက်လာကြသည်။

စနေကို အားမနာလျှာမကျိုး ပြူးပြဲဟောက်ကြသည်။ ထို့ပြင် အဘိုးကြီးက စကားပိုတွေထည့်လိုက်သေး။

"မင်းလုပ်ပုံနဲ့မင်းမိဘတွေပါ ထိခိုက်ရင်မကောင်းဘူးစနေထွန်း ... ဒီတော့ လင်နဲ့မယားဆိုတာ လင်ကအမြဲသည်းခံရတယ်ကွ ... နောက်ထပ် ငါမကြားချင်ဘူး ... "

စနေ အတော်စိတ်ညစ်နေသည်။

လူကြီးမပီသသော သည်မောင်နှံလင်မယား အဘိုးကြီး၊ အဘွားကြီးတွေကို ဘုတောပစ်လိုက်ချင်ပေမယ့် အဖေ့ကိုထိခိုက်မှာစိုးသည့်အတွက် အတော်အံကြိတ်ခံနေရသည်။

ဒါပေမဲ့ သည်အကြောင်းတွေကို အဖေနှင့်အမေအား မပြောပါ။

တစ်ရက်တွင် အဖေနှင့်အမေလာလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



စားစရာတွေယူလာသည်။ အဖေနှင့်အမေက ဈေးမတို့ စကားတွေပြောဆိုနှုတ်ဆက်သော်လည်း သင်းပုံ့က ပြောချင်သလိုလို မပြောချင်သလိုလိုလုပ်ပြီး အထက်ထပ်သို့ တက်သွားသည်။

ပြန်ဆင်းမလာတော့။

အဖေကတော့မေးသည်။

အဆင်ပြေရဲ့လားတဲ့။

စနေက ဟန်လုပ်၍ပြုံးကာ အဆင်ပြေပါတယ်လို့ပဲ ပြန်ပြောသည်။ ဒါပေမဲ့ လှုကြီးဗီဗီ အသက်မပါသောအပြုံးကို မြင်၍ လှုကြီးဗီဗီ ရိပ်မိသည်။

"မနေက မင်းကိုပြောနေတယ်သား ..."

"ဘယ်သူကဘာပြောတာလဲ ..."

"ဦးမင်းနွယ်က ..."

"ဘာတွေများပြောလို့လဲ ..."

"စကားကောင်းပါ ... ဒီလကုန်ရင် မင်းကို ပရိုမိုးရှင်းပေးမယ်တဲ့ ... မင်းအခု အေအမ်(မ်)ကနေ အမ်(မ်)ဒီဖြစ်ပြီပေါ့ကွာ ... ဒါမှလည်း သူ့သမီးဂုဏ်မြောက်မှာတဲ့ ..."





ထိုသောအခါ စနေက မဲ့ပြုံး ပြုံးသည်။

"လှည်းကျိုးထိုးပြီး လှည်းကျိုးထမ်းခံရတဲ့နွားတစ်ကောင်အားရှိစေဖို့ ကောက်ရိုးနဲ့မြက်ပိုကျွေးတဲ့သဘောရှိမှာပေါ့ ဖေဖေရာ ..."

"ဟယ်သား ... အဲဒီလိုမပြောနဲ့လေ ... ဦးမင်းနွယ်တို့ လင်မယားက သဘောကောင်းပါတယ် ... မင်းအကျိုးကို ကြည့်တာပါ ..."

မေမေကဆိုသည်။

ဟိုတစ်နေ့က သူ့သမီးနှင့်ပတ်သက်၍ ကြိမ်းမောင်းသွားတာတွေပြောလိုက်ချင်သည်။ ငွေဂုဏ်၊ ပစ္စည်းဂုဏ်၊ နေဂုဏ်၊ အလုပ်ရှင်ဂုဏ်နှင့် အနိုင်ယူချင်သော သည်သားအမိသားအဖသုံးယောက်ကို ရင်ဖွင့်လိုက်ချင်သော်လည်း စနေက မိဘတွေစိတ်ချမ်းသာမှာစိုးလို့ မျိုသိပ်လိုက်ရသည်။

"မင်းမိန်းမကို ဆရာဝန်နဲ့ပြရဲ့လား ..."

"ကောင်းပေ့ဆိုတဲ့ဆေးရုံက ကောင်းပေ့ဆိုတဲ့အိုဂျီနဲ့အပ်ထားပါတယ် ... ဆရာဝန်က တစ်ပတ်တစ်ခါလာစစ်ပါတယ် ... သူ့ဘောလုံးက သုံးလထဲဝင်နေပြီလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝန်သည်ဆိုတော့ ကောင်းကောင်းဂရုစိုက်ပါကွာ ... အထဲက ကလေးက အရေးကြီးတယ်သား ... "

ပြောရက်လိုက်တာအဖေရယ်။

သူများကန်တဲ့ဘောလုံးကို ကိုယ်ကဂရုစိုက်ရမယ်တဲ့ အင်း ဝေက်ကကျွန်ခံပေါ့လေ။

"ဟိုကောင်လည်းပြန်လာပြီ ..."

"ဘယ်သူလဲဖေဖေ ..."

"ထက်မိုးဦးဆိုတဲ့ကောင် ... ကြည့်ရတာ ဒီကောင်က မင်းတို့ မင်္ဂလာပွဲမှာ သူဒီမှာရှိနေတာ မျက်နှာပူလို့ စင်္ကာပူကို သွားရှောင်နေတယ်ထင်တာပဲ ..."

"သူတို့အဖို့ကတော့နော် နိုင်ငံခြားနဲ့ မြန်မာနိုင်ငံဟာ အိမ်ဦးနဲ့ ကြမ်းပြင်ဖြစ်နေပြီ ..."

"ဒါကတော့မေမေရာ ... အထင်ကြီးစရာမလိုပါဘူး ... လုပ်ငန်းရှင်ငွေရှင်ဖြစ်ရင် သွားနိုင်တာပဲ ... သားတို့လည်း ငွေတွေသိန်းထောင်နဲ့ချီရှိပါလား သွားနိုင်တာပဲ ..."

"ငါကတော့ဟေ နိုင်ငံခြားသွားလို့ အထင်မကြီးဘူး ... ဟိုမှာလည်း ... တို့လိုလူတွေပဲ ... တို့နိုင်ငံလို လမ်းဘေး





အဆောက်အဦတွေရှိတာပဲ ... တို့ထက်ပိုတာက စက်မှုနဲ့ ပျော်စရာပိုမယ် ... တောသားရန်ကုန်တက်တော့ ရန်ကုန်က မြင်ကွင်းကိုမြင်ရသလိုပေါ့ကွာ၊ နိုင်ငံခြားသွားလို့ အထင်ကြီးစရာမရှိပါဘူး ... ပြီးတော့ သူတို့နိုင်ငံခြားသားတွေက တစ်ဘက်နိုင်ငံခြားသားတွေကို အထင်ကြီးမှာမဟုတ်ဘူး... ရှေးကတည်းက ကိုယ့်နိုင်ငံကိုယ်နေလာကြတာ ..."

"ရှင်က ကြီးပွားချင်စိတ်မှမရှိဘဲ ..."

"အေး ... ငါကတော့မျိုးမျိုးရာ အေးဆေးစားပြီး အေးအေးနေချင်တယ် ... လောကကြီးမှာ ရောယိမ်းလိုက် ဘသားယိမ်းလိုက်လုပ်ရင် အကောင်းဆုံးပဲ ... စိတ်ချမ်းသာတယ်"

သူတို့အဖေစကားကိုနားထောင်၍ စနေမှာရယ်ရမလို ငိုရမလိုဖြစ်နေသည်။

သူကတော့ အဖေ့လို ရောယိမ်းလိုက် ဘသားယိမ်းလိုက် မလုပ်နိုင်ပါ။ လူငယ်ပီပီ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်းဖော်ချင်သည်။

သူလက်ထပ်ထားရသော မိန်းမတစ်ယောက်သည် ယဉ်ကျေးမှုကင်းသော၊ နေထိုင်သွားလာမှု ညစ်ပတ်သော၊ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ဦးစားပေးပြီး လင်မနိုင်မင်းသမီးဖြစ်နေတာကိုတော့ ပြောပစ်လိုက်ချင်၏။

သို့တစေ ရောယိမ်းလိုက်၊ ဘာသားယိမ်းလိုက် မင်းသားကြီး ဦးဘသိုက်ထွန်းကို ရင်မဖွင့်ရက်ပေ။

ဖေဖေ စိတ်မချမ်းသာမှာစိုးတယ်လေ။





## ခတ်လမ်းစဉ် (၅)

ကံကောင်းတာကို ဘယ်သူမှ ကြိုတင်မသိနိုင်။ ကြိုတင်လို့မမြင်ရ။

ထိုနည်းအတူ ...

ကုသိုလ်ကံဆိုးတာကိုလည်း ဘယ်သူမှ ကြိုတင်မသိ။ ကြိုတင်လို့မှန်းဆမရ။

စနေကုသိုလ်ကံဆိုးပါသည်။

သူ သင်းပျံ့နွယ်နှင့် လက်ထပ်အပြီး သုံးပတ်အကြာတွင် ဦးမင်းနွယ်ဆီမှ ဖုန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီး သင်းပျံ့နွယ်နှင့် ဦးမင်းနွယ်စကားပြော
သည်။

မင်္ဂလာဆောင်စဉ်က သင်းပျံ့နွယ်ဝတ်ဆင်ခဲ့သော
စိန်လက်ဝတ်လက်စားတွေကို ပြန်ပေးပါဟုဆိုသည်။

သင်းပျံ့နွယ်က ပြန်ပေးပါမည်ဟုပြောသည်။ သူ
မင်္ဂလာပွဲတွင်ဝတ်ဆင်ခဲ့သော စိန်ဆံထိုး၊ စိန်ဘယက်၊ စိန်နားကပ်
စိန်လက်ကောက်စသည့် စိန်ဝတ်စားတန်ဆာတို့ကို စတီးကြုတ်
တွင် စနေ့မျက်စိအောက်၌ အသေအချာထည့်သည်။

စနေ့စိတ်ထင်က အဆင်တန်ဆာစိန်များ၏ တန်ဖိုး
သည် သိန်းသုံးထောင်လောက်ရှိမည်ဟုထင်သည်။

စိန်တွေက နမ်မီးဘီးယား (NAMIBIA) စိန်တွေချည်း
ဟု သူမကဆိုသည်။ နမ်မီးဘီးယားဆိုတာ အာဖရိကတိုက်၏ နိုင်ငံ
တစ်နိုင်ငံဖြစ်ပြီး အဘိုးတန်စိန်များထွက်သောနိုင်ငံဟုဆိုကြသည်။

စနေလည်း ကြားဖူးသည်။

ဒါပေမဲ့ စနေက စိန်ဝေးလို့ ရွှေကိုတောင် စိတ်ဝင်
စားတဲ့လူမဟုတ်ပါ။

"အဲဒီစိန်တွေက အဖိုးတန်တွေ ဒက်ဒီတို့ဆီကို ရှင်အသေ





အချာယူပြီး အသေအချာအပ်ပါ … ဒက်ဒီတို့ရဲ့ ချွေးနည်းစာ
တွေပဲကိုစနေလွန်း … ဟိုရောက်ရင် ကျွန်မဆီကို ရှင် စိန်
တွေလာအပ်ကြောင်း ဒက်ဒီတို့ကို ဖုန်းဆက်ခိုင်းပါ … ဒါဆို
ရှင် ရှင့်ကိစ္စပြီးပြီ … "

အလုပ်ရှင်က အလုပ်သမားတစ်ယောက်ကို ခိုင်း
လိုပင် သူမယောက်ျားကိုပြောသည်။

"မင်းဟာမင်းသွားပေးလိုက်ပါလားကွာ … ဒါကြီးကို ယူ
သွားရတာ တာဝန်ကြီးတယ် … "

"ရှင်ဟာ ကျွန်မယောက်ျားပဲ … ဒါကလေးမှ အားမကိုးရ
ဘူးလား … ကျွန်မ ဒီနေ့ဒေစီနဲ့ချိန်းထားတယ် … သူက
ယူဇနပုလာဇာသွားချင်လို့တဲ့ … "

"ဒါကလေးမဟုတ်ဘူးကွ … ဒါကြီး"

"ရှင်ရိုးဖြောင့်တယ်ဆိုတာ ကျွန်မသိတယ် … ရှင်သားပါ…
ရှင်ကိုအားကိုးလို့ပေးခိုင်းလိုက်တာ … တခြားလူဆိုရင်
ကျွန်မမခိုင်းဘူး … "

မျက်စိမျက်နှာလေးချီပြောလိုက်သူ သင်းပျံ့၏
မျက်နှာပြုံပြုံလေးကိုကြည့်ကာ စနေက ခေါင်းကိုညိတ်လိုက်၏။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



တွင် သူမလူးသောလိုးရှင်းအမွှေးရေတွေကုန်သွားသဖြင့် သူမ မဝယ် ဖြစ်သည်မှာ ငါးရက်ခြောက်ရက်လောက်ရှိပြီ။

သုံးလေးရက်တော့ လိုးရှင်းမလူးပေမင့် သုံးလေး ရက်ကျော်တော့ လိုးရှင်းအနံ့ကကုန်ပြီ။ သည်တော့ သဘာဝအနံ့ တွေ ထွက်လာ၏။

သူမ၏ကိုယ်မှ ညှီစို့စို့အနံ့တွေထွက်လာ၏။ ထိုအနံ့ ကို စနေမခံနိုင်ပါ။

စနေ့တွင် ထိုအနံ့မျိုးမရှိ။

ဒါကတော့ စနေကုသိုလ်ကောင်းပါသည်။

စနေအလုပ်သွားတော့ ထိုပစ္စည်းတွေကို ယူသွား သည်။ ကုမ္ပဏီအဆောက်အဦသို့ စနေထက်နောက်ကျပြီးမှ ဦးမင်း နွယ်ရောက်တတ်သည်။ ရန်ကုန်မြို့ထဲမှာ ကိစ္စမရှိ။

စနေဦးမင်းနွယ်နှင့် တွေ့ရအောင် အိမ်သို့ အလျှ သွားသည်။

အဘိုးကြီးကိုတွေ့သည်။ အဘွားကြီးလည်းရှိ သူတို့လက်ထဲသို့ ပစ္စည်းတွေကို သေချာစွာပြောဆိုအပ်နှံသည် အဘိုးကြီးက မင်္ဂလာဆောင်တွင် ဆင်ခဲ့သောသတို့သမီးစိန်ထ





အထည်တွေကို စာရင်းနှင့်တိုက်ကြည့်သည်။

ပြီးပြည့်စုံမှ လက်ခံလိုက်၏။

စနေရင်ပေါ့သွား၏။ လမ်းတွင် ထိုစိန်ထည်များကို သတိနှင့်ကားမောင်းပြီး ယူဆောင်လာရ၏။ ရန်ကုန်ထဲတွင် နေ့ ကြောင်တောင် အမေရိကန် ရုပ်ရှင်ကားတွေထဲကလို ဘယ်သူမှ မလုယက်နိုင်ပါ။

အဘိုးကြီးက စနေ့ပြောကြားချက်အရ သူ့သမီးဆီ ပစ္စည်းတွေ ပြည့်ပြည့်စုံစုံရကြောင်းဖုန်းဆက်၏။

စနေကို သမက်ဆိုပြီး လက်ဖက်ရည်တစ်ခွက်၊ အချိုရည်တစ်ခွက်တောင်မတိုက်ပါ။

သွားနိုင်ပြီဖြစ်ကြောင်း စနေကိုပြောသည်။ သူတို့ ရှေ့မှာ ကြာကြာမနေလိုသောစနေကထွက်လာသည်။

ကုမ္ပဏီတွင် အောက်ဒိုးထွက်တော့မည့်အဖေနှင့် တွေ့သည်။

ကုမ္ပဏီတွင်လုပ်ကြသော်လည်း အဖေက တစ် နေရာ၊ သားကတစ်နေရာဖြစ်၏။

မေမေနေမကောင်းဟု သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့တွင် သွေးအားနည်းရောဂါရှိသည်။

ခေါင်းမူးခြင်း၊ မောပန်းခြင်း မကြာခဏဖြစ်တတ်သဖြင့် သွေးပေါင်ချိန်မကျအောင် ဆရာဝန်နှင့်ဂရုစိုက်ပေးရသည်။

ယခုလည်း အဆောက်အဦဆောက်လုပ်ရေးဘက်ခြေဦးလှည့်သည်။ လိုအပ်သော ထပ်မံပြင်ဆင်မှုတွေအတွက် သက်ဆိုင်ရာမှ စာရွက်စာတမ်းမပြည့်စုံဟုဆိုသဖြင့် အဆောက်အဦတာဝန်ခံနှင့် တွေ့သည်။

တာဝန်ခံက သူ့ကိုရှင်းပြ၏။

သူက တာဝန်ခံစကားကိုနားထောင်ပြီး ဌာနဆိုင်ရာသို့ ဖုန်းဆက်၏။ မိမိလုပ်ပေးရမည့်များကိုမေး၏။ စာရွက်တစ်ရွက်တွင် ရေးမှတ်သည်။

ထိုသည့်နောက်တာဝန်ခံ၏ ထိုအဆောက်အအုံ၏ မူရင်းပိုင်ရှင်ထံ ဂရန်မြေလက်မှတ်အစစ်ကိုပြန်ယူဖို့ တာဝန်ပေးသည်။

ဘိလပ်မြေနှင့် သံကိုဂိုဒေါင်တွင်ထုတ်ယူဖို့ ယူခွင့်ခွင့်ပြုလက်မှတ်လည်းပေးလိုက်သည်။

ယင်းစဉ်မှာ လက်ကိုင်ဖုန်းတွင်ခေါ်သံမြည်လာ





သည်။ လက်ကိုင်ဖုန်းကိုနားထောင်သည်။

ဦးမင်းနွယ်ဆီမှဖြစ်သည်။

ကုမ္ပဏီရုံးခန်းမှဖြစ်သော်လည်း မိမိအား လေးနာရီတွင် အိမ်သို့လာခဲ့ပါဦးဟုဆိုသည်။

စနေက သူ့လက်ပတ်နာရီကိုကြည့်၏။ နှစ်နာရီထိုးနေပြီ။

သည်နေ့တွင် သူလုပ်သောကုမ္ပဏီသို့ ထမင်းချိုင့်လာသော်လည်း မစားဖြစ်။

ထမင်းချိုင့်မှာ သင်းပို့လာပို့သည်မဟုတ်။ အိမ်မှအိမ်ဖော်မလေးတစ်ယောက် အိမ်မှကားနှင့်လာပို့ခြင်းဖြစ်၏။

ဦးမင်းနွယ်တို့လက်ဖွဲ့သောကားမှာ ပါရာဒိုကားဖြစ်သော်လည်း ထိုကားကို စနေသုံးတာထက် သင်းပို့သုံးတာများသည်။

စနေက အိမ်မှကားကိုမသုံးရလျှင် တက္ကစီသော်လည်းကောင်း ကုမ္ပဏီကားကိုသော်လည်းကောင်း တစ်ခါတလေလူစီးခရီးသည်တင်ကားကိုသော်လည်းကောင်း စီးရသည်။

သူက သူ့ဆိုက်ထဲမှထွက်ကာ သူ့ကုမ္ပဏီသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရုံးချုပ် ကုမ္ပဏီတွင် ဦးမင်းနွယ်ရှိသော်လည်း အိမ်ကိုပဲလာခဲ့ပါဟု မှာသဖြင့် ရသမျှအချိန်ကလေးတွင် မေမေ့အတွက် လိုအပ်သောဆေးတွေ၊ အစားအသောက်တွေယူသွား၏။

မေမေသည် အိပ်ရာထဲမှာပင် လဲလျောင်းနေသည်။ အိမ်ရှင်မဝတ္တရားကို မေမေက ပီပီသသလုပ်ခဲ့၏။ မဖိတ်စင်တန် မဖိတ်စင်ရအောင်၊ ချွေတာနိုင်တာကို ချွေတာရအောင် မေမေလုပ်ခဲ့သည်။

အိမ်တွင် အိမ်ဖော် မထားနိုင်ပါ။

အိမ်ဖော်တွေမှာဆိုးသည်။ ခိုင်းလျှင် လုပ်ချင်မှလုပ်သည်။ ဆူမိပြန်တော့လည်း ရွံ့သည်။ သူတို့အပေါ် ဖေဖေနှင့်မေမေက ကောင်းပါသည်။ ကိုယ့်သားသမီးလိုသဘောထား၏။

ပေးတန်တာပေးသည်ထက်ပိုပေး၏။

ကျွေးတန်တာကျွေးသည်ထက် ပိုကျွေး၏။

ဒါပေမဲ့ သူတို့က မလိမ္မာ။

ရသောအခွင့်အရေးထက် ပိုလိုချင်၏။ ဒါစနေအိမ်မှာရှိစဉ်ကတည်းကပါပဲ။

ပြီးတော့ နှစ်လသုံးလနေပြီး တစ်နေရာသို့ထွက်





သွားကြသည်။

စနေတို့လင်မယားအိမ်မှာတော့ အစေအပါးတွေက ပြားပြားဝပ်နေ၏။ သင်းပျံ့က သူတို့ကိုခေါင်းမထောင်နိုင်အောင် နှိမ်ထားသည်။ ကိုယ်ချင်းစာစိတ်မထား။

သင်းပျံ့နှင့်ကြာရှည်စွာနေခဲ့သော ဒေါ်မြသည်ပင် သင်းပျံ့ကို မော့လို့တောင်မကြည့်ရဲ။

သူမ၏တူမအရွယ်ရှိပေမင့် ဒေါ်တာတောင် မမလေးတဲ့။

သင်းပျံ့ကလည်း ဒေါ်မြကို "မမြ"လို့ပဲခေါ်၏။ အသက်ကြီးတာတွေ ဝယဝုဒ္ဓိတွေနားမလည်။ ပြောလျှင်လည်း အဒေါ်အရွယ်ကြီးကိုတောင် ရှင်နဲ့ကျုပ်နဲ့။

အုံ့ပြဖို့တော့ ကောင်း၏။

သင်းပျံ့တို့အိမ်မှာ သူတို့အားလုံး မြဲ၏။

မေမေသည် အိမ်အလုပ်ကြောင့် ပင်ပန်း၏။

မေမေ့အသက်အရွယ်နှင့် သက်သက်သာသာနေဖို့ ကောင်းသော်လည်း အိမ်ထောင့်တာဝန်ကို ကျေပွန်လိုသောမေမေသည် အပါးမခိုခဲ့ပါ။



www.burmeseclassic.com

ဒါကြောင့် မေမေ သွေးပေါင်မကြာခဏကျသော ရောဂါဖြစ်လာ၏။

ဆရာဝန်အပြောကတော့ သွေးပေါင်ကျရောဂါသည် ကြာလျှင်မကောင်းပါ။ နှလုံးနှင့်ကျောက်ကပ်၊ အဆုပ်သို့ရောဂါဖြစ်အောင် ဖန်တီးနိုင်သည်ဟုဆို၏။

မေမေ့ကိုအိပ်ရာထဲတွင် လဲလျောင်းနေသည်ကို တွေ့ရ၏။ အလုပ်မပိတ်သေးသဖြင့် ဖေဖေပြန်မလာနိုင်သေး။

တံခါးကို အိပ်ခန်းအိပ်ရာမှထကာ မေမေပဲလာဖွင့်ပေးသည်။ သွေးပေါင်ကျသူပီပီ မေမေသည် ချည့်ချည့်နဲ့နဲ့ရှိ၏။

"မေမေ … ဆရာဝန်ဆီကဆေးမှန်မှန်မသောက်ဘူးလား"

"သောက်ပါတယ်သားရယ် … အက်စတိုင်မင်က ကုန်သွားပြီ … ဖျူရာမင်ဘီစီကလည်း ကုန်သွားပြီ … "

"သားဝယ်လာတာနဲ့အတော်ပဲ … တခြားအားဆေးတွေလည်းပါတယ် … ဆရာဝန်နဲ့ညဘက်ရောက်ရင် သွားပြလိုက်ဦးနော် … မောလား … "

"မမောဘူး … "

"ခေါင်းမူးလား … "





"မနက်ကတော့ ဈေးကအပြန်မှာမူးတယ် … "

"မေမေရယ် … ကားစီးစမ်းပါ … မရလည်း ဆိုက်ကားပေါ့ဗျာ … "

မေမေ့ကို အိပ်ရာထဲတွဲပို့ပြီးနောက် ချွေတာရေးလုပ်လွန်းသောမေမေ့ကို ကရုဏာဒေါသောပြောမိ၏။ မေမေ့အတွက် အစားအသောက်တွေဆေးတွေနှင့်အတူ ငွေနှစ်သောင်းထုတ်ပေး၏။

"မပေးနဲ့သား … "

"မဟုတ်သေးဘူးလေ … ဟိုစစဒီစစတော့ ကုန်မှာရှိတယ်၊ ဆရာဝန်လည်း ညဘက်မှာပြရဦးမယ် … "

"သားအခုလိုပေးတာ သင်းပုံ့နှယ်သိလား … သူ မကြည်ဖြူရင် မေမေ မလိုချင်ဘူးကွယ် … "

"သားနဲ့သူနဲ့က ကိုယ့်ပိုက်ဆံကိုယ်သုံးကြတာပါ … သူသိလည်း ကြည်ဖြူပါတယ် … တလောကတောင် မေမေတို့ကို ထောက်ပံ့ရဲ့လားလို့ သားကိုမေးနေသေးတယ် … "

ဒါက လနဲ့ကြွတ်၊ လုပ်ကြံစကားတွေ။

သင်းပုံ့သာသိလျှင် ဘယ်လိုနည်းနှင့်မှ ကြည်ဖြူမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေတော့တယ်။

မေမေ့ကိုလိုအပ်တာလုပ်ပေးပြီး တိုက်ခန်းတံခါးကို သေချာစွာပိတ်ရန်မှာကြားခဲ့သည်။

တက္ကစီကားကို အသုံးပြု၍ ဦးမင်းနွယ်ဆီသို့ လာခဲ့၏။ သူရောက်ချိန်က လေးနာရီထိုးရန်ငါးမိနစ်။

ဧည့်ခန်းထဲသို့ရောက်တော့ လင်ရောမယားပါတွေ့ရ၏။ ဒေါ်လှစိန်၏မျက်နှာက သုန်မှုန်နေ၏။ ဦးမင်းနွယ်မျက်နှာက တင်းမာနေသည်။

သူတို့တွင်မက စိတ်ဆိုးသောမျက်နှာနှင့်ထိုင်နေသော သင်းပုံ့နွယ်ပါရှိနေသည်။

"အချိန်တော့မှန်သား ... ငါက မင်းလစ်ပြေးပြီထင်နေတာ စနေထွန်း ... "

"ခင်ဗျာ ... "

"ကဲပါရှင် ... ပြောစရာရှိတာကိုသာပြောချလိုက် ... စကားချီးတွေဘာတွေလုပ်မနေနဲ့ ... "

ဒေါ်လှစိန်က စိတ်ရှည်ဟန်မတူ။

ကြောင်စီစီမျက်နှာကလေးနှင့်စနေက သူတို့ကို





ကြည့်နေမိ၏။

ဦးမင်းနွယ်က စနေကိုလက်ညှိုးငေါက်ငေါက်ထိုးရင်း ...

"မင်းကလိန်ပဲ စနေထွန်း ... "

"ခင်ဗျာ ... "

"မင်းလာပေးတဲ့စိန်ထည်တွေအားလုံးဟာ အတုတွေချည်းပဲ ... "

"မြတ်စွာဘုရား ... "



www.burmeseclassic.com

www.burmeseclassic.com









## ဇာတ်လမ်းစဉ် (၆)

စနေအုံ့သြသွားရသည်။ ထိတ်လန့်သွားရသည်။

"ပြန်ပြောပါဦး ... "

"မင်းကွာ ... ထပ်ပြောရဦးမလား ... "

"ပြောလိုက်ပါ ... ပြောလိုက်ပါ ... ဒါမှသူလုပ်ခဲ့တာတွေ သူပြန်ကြားချင်လို့ဖြစ်မှာပေါ့ ... "

ဒါက ဒေါ်လှစိန်၏ သူမယောက်ျားစကားနောက်မှ လိုက်လာသောနောက်ဆက်တွဲသံ။

"ရှင် ... ဘာတွေလုပ်ခဲ့တယ်ဆိုတာ ရှင်သိမှာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



သင်းပျံ့ကလည်း ငြိမ်မနေပါ။

စနေ ခေါင်းကိုခါယမ်း၍ ...

"ကျွန်တော် နားမရှင်းဘူး ..."

"အေး ... ကုလိန်ခြံ ... သူခိုးကိုထပ်ပြောမယ် ... မင်းဒီမနက်လာပေးတဲ့စိန်တွေဟာ တို့ရဲ့စိန်မဟုတ်ဘူး ... စိန်အတုတွေ ... မင်းလုပ်ရက်တယ်ကွာ ..."

"ဟာ ... ဒါတော့ မဖြစ်နိုင်ဘူး ... ကျွန်တော်လာပေးတာ သင်းပျံ့ပေးတဲ့အတိုင်း လာပေးတာပဲ ... စိန်အစစ်တွေ အတုတွေဆိုတာ ကျွန်တော်နားမလည်ဘူး ... ဘယ်လိုလုပ်အတုဖြစ်ရမှာလဲ ... သင်းပျံ့ပေးတဲ့အတိုင်း ကျွန်တော်ယူလာတာ ..."

"အစစ်မဟုတ်လို့ ပြောရတာပေါ့ကွ ..."

"အန်ကယ်(လ်) ဘယ်လိုလုပ်သိသလဲ ..."

"ဒီကနေ့ စိန်ပွဲစားဒေါ်အေးဖြူလာတယ် ... ဒေါ်အေးဖြူက စိန်လိုချင်ကြောင်းပြောတော့ မျိုးမျိုးက ဈေးရတယ်ဆိုပြီး မင်းဆီကပေးခဲ့တဲ့စိန်တွေကို ထုတ်ပြတယ် ... ဒေါ်အေးဖြူက စစ်ဆေးပြီးစိန်တွေအတုဖြစ်ကြောင်းပြောတယ် ... မျိုး





လန့်သွားပြီး ငါ့ဆီကိုဖုန်းဆက်တယ် ... ငါကုမ္ပဏီက ကမန်းကတန်းပြန်ပြေးလာရတယ် ... ဒီရောက်တော့ ဒေါ်အေးဖြူနဲ့တွေ့ပြီး စိန်ကျွမ်းကျင်တဲ့ဒေါ်အေးဖြူက ငါ့ကိုစိန်အတုတွေပြသရှင်းလင်းပြီး အားလုံးနိုင်ငံခြားလုပ် ဓာတုဗေဒစိန်တွေလို့ပြောတယ် မင်းလုပ်ပုံကြောင့် ငါတို့အရှက်ကွဲခဲ့ရတယ်၊ တောက် ... မင်းတော်တော်ယုတ်မာတဲ့ကောင်ပဲ စနေထွန်း ..."

"ဒေါ်အေးဖြူကို တို့သိက္ခာကျမှာစိုးလို့ အတော်ကြီးကိုရှင်းပြရတယ်စနေထွန်း ... နင်ရိုးဖြောင့်တယ်ဆိုတာ ဘာလဲ"

"ကိုစနေထွန်း ... ရှင့်မျိုးရိုးမိဘဂုဏ်သိက္ခာနဲ့ ဒါမျိုးမလုပ်သင့်ဘူး ..."

"အန်ကယ်(လ်)တို့ ကျွန်တော့်ကိုဒီလိုမစွပ်စွဲပါနဲ့၊ ကျွန်တော်တစ်သက် ဒါမျိုးမလုပ်ဘူး ... ကျွန်တော် စိန်အကြောင်းလည်း နားမလည်ဘူး ... ရွှေအကြောင်းလည်းမသိဘူး ... ဒါတော့ အန်ကယ်(လ်)တို့က သက်သက်ကျွန်တော့်ကို ပေါ်တင်ကြီးစွပ်စွဲတာ ..."

စနေ့စိတ်ထဲမှာ ရှက်လည်းရှက်သည်။ မခံချင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နဂိုက စိတ်ထဲမကျေမနပ်ဖြစ်နေတော့ ပေါက်ကွဲတော့ မတတ်ဖြစ်သွား၏။

"ရှင်က ဟုတ်တာကိုနာလိုခံခက်မဖြစ်ပါနဲ့ ... "

"သင်းပျံ့ ဒါမင်းလက်ချက်ပဲဖြစ်မယ် ... မင်းပဲ ငါ့ကိုစိန်အတု တွေပေးခိုင်းသလားမသိဘူး ... ငါ့ကို တရားခံဖြစ်အောင် မလုပ်ပါနဲ့ကွာ ... "

"ဟင် ... ရှင်က ကျွန်မကိုဘာပြောတယ် ... ကျွန်မလက်ထဲ နဲ့ ရှင့်မျက်နှာနီးနေပြီနော် ... လူကို ဘာအောက်မေ့သလဲ ရှင်ကလိန်ကျတာ ကလိန်ကျတယ်ပြောပါ ... ကျွန်မ ဆွဲမထည့်နဲ့ ... "

သင်းပျံ့က ပြန်ဟောက်သည်။

"ဟေ့ကောင် ... ဟေ့ကောင် ... မင်းသူဌေးဖြစ်ချင်လို့လုပ် လာပြီးမှ ဟိုလူဒီလူဆွဲမထည့်နဲ့ ... ဘယ်မလဲ ငါ့စိန်အစ တွေ ... ပေးရင်ပေး မပေးရင် ငါ့အကြောင်းသိမယ်"

"ဒီလိုကောင်မျိုးကို နှုတ်နဲ့ပြောနေလို့မတန်ပါဘူးရှင် ... တိုင်ချက်ဖွင့်ပြီး ဂျေး (Jail) ထဲ ဆွဲထည့်လိုက်"

"သူခိုးက လူဟစ်နေတာဒက်ဒီ ... သမီးမခံနိုင်ဘူးဒက်ဒီ





စိန်အစစ်တွေပြန်မပေးရင် လုပ်သာလုပ်ပစ် ... သမီးက လည်း သမီးယောကျ်ားဆိုပြီး ညှာနေမှာမဟုတ်ဘူး ... "

မိသားစုသုံးယောက်လုံးက သူ့ကို ကျွန်စုတ်ကို သရက်စေ့နှင့်ပေါက်သလို တစ်လေသံထဲထွက်ပြီး ဝိုင်းတွယ်နေကြ ပေပြီ။

သည်ကိစ္စကို ရှုးရှုးဝါးဝါးလုပ်လို့တော့မရ။

အေးဆေးစွာဖြေရှင်းမှဖြစ်မည်ကို စနေနားလည် သည်။ လက်နှစ်ဖက်ကိုကာပြသည်။

"နေပါဦး နေပါဦးကျွန်တော်ရှင်းပြပါရစေဦးအန်ကယ်(လ်)"

"မင်းက မှန်လာဥလုပ်ဦးမလို့လား ... "

"မှန်လာဥမလုပ်ပါဘူး ... ဈေးထဲမှာ ဝယ်စားရင်ရပါတယ်၊ ကဗွန်းဥကမှန်လာဥလုပ်လို့လည်းမလွယ်ပါဘူး ... ဒီခေတ် က စားဖူးတဲ့လူချည်းပဲ ... "

"အေး ... အဲဒီထဲမှာ နင်ပါတာပဲ ... "

"အန်ကယ် ... ကျွန်တော်ရှင်းပြတာကို နားထောင်ပါဦး ... ကျွန်တော်အိမ်ကထွက်လာတယ် ... လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်တယ် ... ပစ္စည်းက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ချယ်(လ်)(SATCHEL)ထဲမှာ ... ဆက်ချယ်(လ်)…
တာ လွယ်အိတ်နော် ... မြန်မာလွယ်အိတ်မဟုတ်ဘူး …
နိုင်ငံခြားလွယ်အိတ် ... မသိရင်မှတ်ထား ... ”

သူတို့ ချမ်းသာတာ ချမ်းသာလာကြသည်။ … မတတ်ပေမတတ်တွေမို့ စနေကနှိပ်ထည့်လိုက်ခြင်းဖြစ်၏။

“ဟင် ... မင်းက ငါတို့ကို”

အဘိုးကြီးက ဒေါသနှင့်ဝုန်းပစ်တော့မလို လက်ရွယ်… ပြီးထသည်။ အဘွားကြီးက သူ့ကိုဆွဲရင်း ...

“မလုပ်နဲ့ ... မလုပ်နဲ့ ... ရှင်ခွေးကိုလက်နဲ့ရိုက်သလို … လက်နာသွားမယ် ... ဒီကောင်ကို ရဲလက်ထဲအပ်မယ်”

“အန်ကယ်(လ်)ကိုယ်ချင်းစာကြည့် ... အန်ကယ့်(လ်)… မခံချင်အောင်ပြောတော့ အန်ကယ်(လ်)ခံနိုင်မလား … ကျွန်တော့်ကိုလည်း မဟုတ်ဘဲနဲ့ မခံချင်အောင် ပြောတော့… ကျွန်တော်ဘယ်ခံနိုင်ပါ့မလဲဗျာ ... ”

“ဒက်ဒီအသာနေ ... လုပ်စရာရှိ သမီးလုပ်မယ် ... ”

သင်းပျံ့က အာဂလူစွမ်းကောင်းစကားပြော… စနေက ဂရုမစိုက်ဘဲ ...





“ကျွန်တော် အိမ်ကထွက်ချိန်မှာ ကိုးနာရီခွဲ ... လက်ဖက်ရည်ဆိုင်မှာ ဆယ်မိနစ်ကြာတယ် ... စုစုပေါင်း ဆယ်မိနစ်၊ အဲဒီကမှ ကုမ္ပဏီကားမလာလို့ တက္ကစီနဲ့လာတယ် ... လမ်းမှာ မိနစ်နှစ်ဆယ်၊ အန်ကယ်(လ်)တို့ ဒီအိမ်ကိုရောက်တော့ ဆယ်နာရီထိုးနေပြီ ... ”

“မင်းက အချိန်နဲ့တွက်ပြမနေနဲ့ ... ”

“တွက်ပြမယ်လေ ... တွက်ပြရမယ် ... ဒီအချိန်အတိုင်းအတာအတွင်းမှာ ဒီစိန်တွေကို အတုကျွန်တော်လုပ်နိုင်ပါ့မလား ... အန်ကယ်(လ်)တို့ စိန်တွေသာ နဂိုကတည်းက အတုဖြစ်မှာပေါ့ ... ”

နင့်ခနဲနေအောင် ပြောချလိုက်သည်။

သည်တစ်ခါတော့ အဘွားကြီးက အဘိုးကြီးကိုမဆွဲလိုက်နိုင်။ အဘိုးကြီးလက်သီးက စနေ့မေးအောက်သို့ ဒိုင်းခနဲဝင်သွားသည်။

စနေက အရေးမလုပ်ဘဲ ...

“အန်ကယ်(လ်)လူကြီးပီသပါ ... ကိုယ်ထိလက်ရောက်မလုပ်ပါနဲ့ ... အန်ကယ့်(လ်)ကို ကျွန်တော်အဖေအရွယ်ဖြစ်…



www.burmeseclassic.com

www.burmeseclassic.com



သလို ကျွန်တော့်ရဲ့အလုပ်ရှင် ကျွန်တော့်ရဲ့ယောကျ်ားမဖြစ်လို့ စိတ်လိုက်မာန်ပါဆုံးမလိုက်တာပဲလို့ ကျွန်တော်က လိမ္မာတဲ့ လူငယ်တစ်ယောက်အနေနဲ့ မှတ်ယူလိုက်ပါ့မယ်"

စနေက ... အေးအေးဆေးဆေးပြန်ပြောသလို မျက်နှာကလည်းမှန်မှန်ပင်။ ပထမတော့ ဦးမင်းနွယ်ကြောင်သွားသည်။ နောက် ရှက်သွေးဖြင့် မျက်နှာနီမြန်းသွားသည်။

သင်းပျံ့ပင် စနေ၏သည်းခံမှုကို အံ့အားသင့်သွားသည်။ မိုးဦးကို စနေနှံခဲ့စဉ်က သူမအမြင်။

တကယ်လို့သာ စနေသည်းမခံခဲ့သော် အဘိုးကြီးကို အက်(စ်)အက်(စ်)အိုင်အက်(စ်)မှာပဲ ဖြစ်ဖြစ်၊ ဗဟိုစည်မှာပဲဖြစ်ဖြစ်၊ သျှင်ပါကူမှာပဲဖြစ်ဖြစ် သူမတို့တွေ့ရချိမ့်မည်။

"အေးပါ ဒါအမြည်းပဲ ... "

"အမြည်းမဟုတ်ပါဘူး လက်သီးပါ ... "

စနေက လှောင်သလိုလိုပြော၍ သူ့မေးကိုပွတ်လိုက်၏။ စိတ်ထဲမှာတော့ သောက်ကျိုးနည်း အဘိုးကြီးလက်သီးက ပြင်းသားဟ နောက်တစ်ခါဆိုငါဖလက်ပြမလား မာလကီးယားမလားဟု စဉ်းစားနေသည်။ အဘွားကြီးက ...





"ကိုမင်း ... စိတ်ကိုထိန်းပါရှင် ... ဒီကောင်ကို ချွေးရိုက်မနာသွားမလုပ်စမ်းပါနဲ့ ... "

ပြီး စနေဘက်လှည့်ပြီးတော့ ...

"မင်းကလည်း မင်းပဲ ... အဘိုးကြီးစိတ်ကိုသိသားနဲ့ ... "

"ခုတော့ လက်သီးပါထိပြီမဟုတ်လား ... "

သင်းပျံ့က ဝင်နှောက်သည်။ စနေက မဲ့ပြသည်။ ဒါလောက်တော့ အရေးမလုပ်ဆိုသည့်သဘော။

"အေး ... ငါ့လက်သီးဟာ ပထမပဲ ... "

"အန်ကယ်(လ်)က ပြောသလား ... ဒါကို ကျွန်တော်က ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ဖြစ်စေလို့ ပြောလိုက်ပါ့မယ် ... စနေက ဘုရားမဟုတ်ဘူး ... ရဟန္တာမဟုတ်ဘူး၊ လူထဲကလူပါ ... "

အဘိုးကြီး သူ့ကို မျက်စောင်းထိုး၍ပြန်ထိုင်သည်။ ပြီးမှ ...

"ဒီကိစ္စကို မင်းမိဘတွေကိုလည်းအသိပေးရမယ် ... မင်းကိုလည်း အခုပဲရဲကိုအကြောင်းကြားပြီး အချုပ်ထဲထည့်မယ်"

ဒါကိုတော့ စနေလန့်သွားသည်။ ရဲကိုကြောက်လို့



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ကိုကြောက်လို့တော့ မဟုတ်ပါ။

ဖေဖေမေမေတို့ သိပြီးစိတ်မချမ်းမသာဖြစ်သွားမှာ စိုးသည်။ သူကတွေးရင်း ...

"အနက်ကယ်(လ်)တို့စိန်တွေက ဘယ်လောက်တန်ဖိုးရှိသလဲ"

"မျိုးမျိုး ... ကိုယ်မပြောချင်ဘူး ... မင်းပြောလိုက်ပါ"

အဘိုးကြီးကဆိုတော့ အဘွားကြီးက ခဏဆိုင်းနေပြီးမှ ...

"သိန်းသုံးထောင်ဖိုးနီးပါး တန်ဖိုးရှိတယ် ... အားလုံးအာဖရိက မီဘီယာစိန်တွေချည်းပဲ ..."

စနေ ပါးစပ်တွင်ရယ်မလိုလုပ်ပြီးမှ စိတ်ထဲကရယ်သည်။ ပစ္စည်းဥစ္စာနှင့်ငွေတွေသာ ချမ်းသာနေတာ နမ္မီးဘီးယား (NAMIBIA) ကိုတောင် ပီသအောင်မခေါ်နိုင်တဲ့ အမီဘီယာတဲ့ဗျား။

အဘွားကြီး အတော်ဘီယာကြိုက်ပုံရသည်။ တစ်ဘက်နိုင်ငံသာကြားလျှင် စိန်မဟုတ်ဘဲ ဘီယာနိုင်ငံထွက်ထောင်လိမ့်မည်။

"ကြားလား ..."

"ကြားပါတယ် ... ဒါပေမဲ့ ကျွန်တော်မလုပ်တော့ ကျွန်တော်





မတတ်နိုင်ဘူး ..."

"ကောင်းပြီ ... မင်းရယ် ... ငါရယ် ... ရဲရယ် ... စကားပြောမယ် ..."

အဘိုးကြီးထိုင်ရာမှထသည်။ ရဲကိုဖုန်းဆက်ခေါ်တော့မည့်စတိုင်။

စနေက အမြန်ဆုံးစဉ်းစားနေသည်။ သူဘာလုပ်၊ ဘာပြောရပါ့မလဲ။

ရုတ်တရက်တော့ ခေါင်းထဲရှုပ်နေသည်။

"ဒက်ဒီရယ် ... သူ့ကို အချိန်နည်းနည်းလောက်တော့ ပေးလိုက်ပါ ... သူပြင်ဆင်နိုင်ရင်လည်း ပြင်ဆင်နိုင်အောင်"

ဝင်ပြောသော သင်းပျံ့စကားကြောင့် အဘိုးကြီးငြိမ်သွား၏။ စဉ်းစားသလိုလုပ်နေသည်။

တခြားကိစ္စ တခြားအချိန်မှာသာဆိုလျှင် သူက သင်းပျံ့ကို မင်းပြောစရာမလိုဟု ဟောက်ကောင်းဟောက်မည်။

ယခုမူ အချိန်ကလေးပေးလိုက်ပါဟု ပြောသော သူမကို ကျေးဇူးတင်ရပေဦးမည်။

ဦးမင်းနွယ်က သူ့သမီးစကားကိုနားထောင်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့စိန်တွေက အစစ်တွေ ... သိန်းသုံးထောင်ဖိုးနီးပါးရှိတဲ့ ငါ့ပစ္စည်းတွေကို ငါအဆုံးရှုံးမခံနိုင်ဘူး ... မင်းလဲခဲ့တဲ့ စိန်အတုတွေအစား အစစ်တွေကိုသာပြန်ပေးပါ ... မင်းကို ခုချိန်ကစပြီး နှစ်ဆယ့်လေးနာရီအချိန်ပေးမယ် ... အေး... မင်းနှစ်ဆယ့်လေးနာရီပြည့်လို့မှ မင်းပြန်မပေးနိုင်ဘူးဆိုရင် မင်းထောင်ထဲယွန်းပေတော့ ... "

"ကျွန်တော်ဘာလုပ်ရမှန်းမသိသေးလို့ပါ ... တစ်ခုတော့ တောင်းပန်ပါရစေအန်ကယ်(လ်) အခုဖြစ်တဲ့ကိစ္စကျွန်တော့်မိဘတွေကို အသိမပေးပါနဲ့ ... "

"အေး ငါ့စိန်တွေသာပြန်ပေး ... "

အဘိုးကြီးက မာမာပဲ။ သူ့ကို သင်းပုံ့က အထင်သေးသောမျက်လုံးများနှင့်ကြည့်နေသည်။

ထိုမျက်လုံးကြည့်ပုံကို စနေ့ရင်ထဲ တစ်သက်လုံးမေ့နိုင်မည်မဟုတ်ပါ။

ဒေါသ၊ ခံပြင်းမှု၊ အောင့်သက်သက်ဖြစ်မှုတွေ၊ ရှက်စိတ်တွေက သူ့ကို လုံးထွေးနေသည်။ သူက ဒါတွေကို မျိုသိပ်၍ ထရပ်၏။ သင်းပုံ့ကိုခေါ်ဖို့ စိတ်ကူးသော်လည်း မခေါ်တော့ပါ။





သူက ပြန်လာတော့ ခြေနှင့်မြေထိမိသည်လို့တောင် မထင်။

နှစ်ဆယ့်လေးနာရီအတွင်း ဘယ်လိုဖြေရှင်းရပါ့မလဲ။

သူပြန်ချိန်မှာ ညနေခြောက်နာရီထိုးလုပြီ။

တိမ်တောင်တိမ်လိပ်တွေအုံ့ဆိုင်းကာ နေ့လယ်ကရွာထားသော မိုးကြောင့်လည်းကောင်း၊ နေမပွင့်သည်က တစ်ခြင်းတစ်လောကလုံး စိုထိုင်းထိုင်းနှင့်စိတ်ညစ်ညူးဖွယ်ကောင်းလှ၏။

သူက တက္ကစီတစ်စီးကိုငှားသည်။ ဈေးကိုပြောသည်။ ဂတ်(စ်)ထည့်တက္ကစီမို့ ဈေးစကားသိပ်မပြောရပါ။

တက္ကစီနှင့်အပြန် မမျှော်လင့်ဘဲ ဖြစ်တတ်သော လူတို့၏ကံကြမ္မာကိုပဲတွေးနေမိသည်။

"ဟ ... ဘာတွေဖြစ်နေတာလဲ ... "

မောင်းနေသောတက္ကစီသမားအသံကြောင့် အတွေးရှုပ်နေသော စနေ၏အတွေးတွေ ပျက်ပြယ်သွားသည်။

လမ်းပေါ်တွင် တက္ကစီကရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းမကောင်းသောကြောင့်ဖြစ်သည်။

လူတစ်ယောက်က လူတစ်ယောက်ကိုဆွဲလား ငင်လားလုပ်နေသည်။

ယောက်ျားနှင့်မိန်းမပဲ။

"ရှင်လွှတ်နော် ... လွှတ် ... အခုလွှတ် ... ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး ... "

"ဆိုင်တယ်ကွ ... မင်းဟာ ငါ့မယား ... "

"ရှင် ယုတ်ယုတ်မာမာမပြောနဲ့ ... ကျွန်မ ရှင့်မယားမဟုတ်ဘူး ... "

"ကောင်မနော် ... ငါနားရင်းတီးမိမယ် ... လာအခုလိုက်ခဲ့"

"အို ... ဘာလို့လိုက်ရမှာလဲ ... "

လမ်းပေါ်တွင် စနေတို့ကားမှလွဲပြီး လူတွေကားတွေ ပြတ်နေသည်။

"ရှုပ်တယ်ဗျာ ... နှစ်ယောက်လုံးဝှန်းပစ်လိုက်"

• လမ်းပေါ်တွင်တွန်းထိုးနေသောမိန်းမနှင့်ယောက်ျားကိုကြည့်ကာ စနေက စိတ်တိုတိုနှင့်ဆို၏။

"ဟာ ... ခင်ဗျားကလည်းဗျာ ... ဘာမှန်းမသိဘဲနဲ့ ကျူပ်ကို



BURMESE CLASSIC .com



ထောင်ကျအောင်မလုပ်စမ်းပါနဲ့ ... "

တက္ကစီသမားက ရှေ့ကိုကြည့်ကာဆို၏။

"လင်မယားရန်ဖြစ်တာပါ ... အလကားအစိပ္ပာယ်မရှိ လမ်းပေါ်မှာလာရန်ဖြစ်ရတယ်လို့ ... "

စနေကပြောစဉ် ကားသမားက တံခါးဖွင့်ဆင်း၏။

ရှက မိန်းမဘက်မှကူညီတော့မည့်ပုံ။

"ဟာပေ့လူ ... ခင်ဗျား ဘာမှသွားမလုပ်နဲ့ ... ဘာတွေမှန်းလည်းမသိဘူး ... "

"ဒါအမွေစနစ်တစ်ခုဗျ ... မတရားတာကူညီရမှာပဲ ... "

"ခင်ဗျားကလည်း သူထူးစံတို့ ခန့်စည်သူတို့ နေမျိုးအောင်တို့ကိုအားကျနေပြန်ပြီ ... လင်မယားပဲဗျာ လမ်းပေါ်လာရှုပ်နေတာ ဟောက်ထုတ်လိုက်ပြီးရော ... "

"ခင်ဗျား အသာနေစမ်းပါ ... "

ပြောပြီး တက္ကစီဒရိုင်ဘာက သူတို့နားကပ်သွားသည်။

ယောက်ျားမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိမည်။ ဆံပင်ရှည်ရှည်၊ အဝတ်အစားခပ်နွမ်းနွမ်းနှင့် မူးနေပုံ



www.burmeseclassic.com

www.burmeseclassic.com



ရ၏။

အမျိုးသမီးမှာ အဝတ်အစားခပ်လတ်လတ်ဝတ်ကာ အသက်ငယ်သည်။ ဆယ့်ရှစ်ဆယ့်ကိုးလောက်ဟု ခန့်မှန်းရသည်။

"ဘာဖြစ်ကြတာလဲ ... လင်မယားရန်ဖြစ်ချင်လည်း လင်းဘေးမှာဖြစ်ဗျာ ... လမ်းပေါ်မှာဖြစ်တော့ ကျုပ်တို့ ကားသမားတွေ ကားမောင်းရတာ ကသိကအောင့်နဲ့ ..."

"အို ... ကျွန်မတို့ လင်မယားမဟုတ်ဘူး ... ဒီလူက ကျွန်မကို အတင်းဆွဲနေတာ ရှင်အမြင်ပဲ ..."

"ကျုပ်မိန်းမဗျ ... ကျုပ်မိန်းမမို့ ကျုပ်ဆွဲတာ ဘာဖြစ်လဲ ကောင်မနော် ... နင်စကားမရှည်နဲ့ ..."

"အို ... မဟုတ်ဘူး ... ကျွန်မကို သက်သက်လာအနိုင်ကျင့်တာ ... ကျွန်မနဲ့သူ ဘာမှမဆိုင်ဘူး ..."

"မဆိုင်ရင်လည်း ကိုယ့်လူထွက်သွားဗျာ ... မိန်းကလေးတစ်ယောက်ကို ဒီလိုလုပ်တာမသင့်တော်ဘူး ..."

တက္ကစီမောင်းသူကပြောတော့ တစ်ဘက်လူက မျက်လုံးဖြဲကြည့်ပြီး ...





"အံမာ ... မင်းနဲ့ဘာဆိုင်သလဲ ... ထွက်သွားစမ်း ..."

ငတိကပြောစဉ် မိန်းမပျိုက သူမလက်ကို ငတိလက်ထဲမှလွတ်အောင် ဆောင့်ရုန်းပြီး ...

"ဦးလေး ... ကျွန်မကိုကယ်ပါဦး ..."

တက္ကစီသမားက အသက်လေးဆယ်လောက်ရှိမည်။ လူကပိန်ပိန်။ ဒါပေမဲ့ သတ္တိတော့ညံ့ပုံမပေါ်။

"ဟေ့ကောင် ငမူး ... မင်း ကောင်မလေးကို အနှောင့်အယှက်မပေးနဲ့သွားတော့ ... မသွားရင် ရဲစခန်းကိုပို့လိုက်မယ် ..."

"မင်းက ..."

ပြောလည်းပြော သူ့ခြေတံရှည်ကြီးနှင့် တက္ကစီကားသမားကို ဆောင့်ကန်ပစ်လိုက်သည်။

အမှတ်တမဲ့မို့ တက္ကစီကားသမား ခံလိုက်ရသည်။ ယောက်ျားတို့၏လျှို့ဝှက်နေရာကို ထိထိမိမိ မိသွားတာမို့ လမ်းပေါ်ခွေခနဲလဲသွားသည်။

"ဟာကွာ၊ စိတ်ညစ်ရတဲ့အထဲ ဒီကောင်ကလည်း တမှောင့်ပြဿနာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



စနေက ကားပေါ်မှထိုင်ကြည့်ရှုရင်းဆိုသည်။

"လာခဲ့ ... "

ငနဲက ကောင်မလေးလက်ကို ပိုင်စိုးပိုင်နင်းဆွဲခေါ်သည်။

သို့သော်ကောင်မလေးက ရှောင်ရှားပြီး စနေကိုမြင်သဖြင့် စနေရှိရာသို့ပြေးလာ၏။

နှုတ်မှလည်း ...

"အစ်ကိုရယ် ... ကယ်ပါဦး ... ကျွန်မ မိန်းမကောင်းပါ ... မိကောင်းဖခင်သားသမီးပါ ... "

"အင်း ... လာပြန်ပြီနောက်တစ်ယောက် ... ကျုပ်အေးအေးနေပါရစေဗျာ ... အခု သူများကိစ္စဆောင်ရွက်ပေးလို့ နာဂစ်မုန်တိုင်းထက်ဆိုးတဲ့ လေကြီးမိုးကြီးကျပြီး ကျုပ်ပြဿနာဖြစ်နေတာ ... ကျုပ်ကိုလာမရှုပ်ပါနဲ့ ... "

"ဟဲ့ကောင်မ ... လာစမ်း ... အမယ်လေး ... သူလင်ဆီသွားအကူအညီတောင်းနေလိုက်တာ ... "

အမူးသမားက လိုက်လာ၍ ကောင်မလေးဇက်ပိုးကို ဖမ်းခနဲတစ်ချက်အုပ်လိုက်သည်။





"အမယ်လေး ... "

ကောင်မလေးက အော်သည်။

စနေတွင် မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်နှိပ်စက်တာကိုထိုင်ကြည့်နေနိုင်လောက်အောင် အသည်းမခိုင်ချေ။

သူက တံခါးရွက်ကို ဆတ်ခနဲတွန်းဖွင့်ပစ်လိုက်သည်။

ဒုန်း ...

"အမယ် ... အား"

အမူးသမားကို ကားတံခါးရွက်က သွားရိုက်သည်။ ငနဲကျောကော့သွားသည်။ စနေ၏လက်ဝါးစောင်းက ငတိ၏ခေါင်းကို ဒုတ်ခနဲခုတ်ချလိုက်သည်။

ငနဲမှာ ကိုယ်ဟိုယိမ်းဒီယိမ်းနှင့် အရုပ်ကြိုးပြတ်လိုယိမ်းနွဲ့ပြီး မျက်ဖြူဆိုက်ကာခွေကျသွား၏။

"မင်းက ရေချိန်မကိုက်သေးဘဲ ရှုပ်တော့ ငါကရေချိန်ကိုက်အောင်ဖြည့်ပေးလိုက်တာပဲ ... "

အရက်နံ့တစ်ကိုယ်လုံးဟောင်နေသော ငတိကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ စနေကပြောပြီး တက္ကစီသမားကိုသွားကြည့်၏။ တက္ကစီသမားမှာ ဝေဒနာအတော်ခံစားနေရပုံနှင့် အိုးအိုးအီးအီးညည်းပြီး ကုန်းထ၏။

စနေက သွားရောက်တွဲကူရင်း ...

"ခင်ဗျားက နေမျိုးအောင်တို့ ခန့်စည်သူတို့ကို သွားအားကျတာကိုးဗျ ... သူတို့က သူတို့ ... ခင်ဗျားကခင်ဗျားပဲ ... သနားတယ်ဗျာ ... လာ ... လာ"

တွဲခေါ်လာပြီးလျှင် ငနဲကို ကားရှေ့ခန်းတွင် ထိုင်နိုင်း၏။

"ခင်ဗျားကားမမောင်းနိုင်ဘူးထင်တယ် ... ဖြစ်ရလေဗျာ ... ကျုပ်ပဲမောင်းမယ် ... မောင်းခပိုက်ဆံမပေးရပါဘူး ... ဖြစ်ရလေဗျာ ... အိမ်ရောက်မှပဲ ခင်ဗျားကြက်မကြီးကိုမောင်းပေးတော့ ... သနားတယ်ဗျာ ... "

စနေကပြောပြီး ဝင်ထိုင်စဉ် နောက်ဘက်မှ တံခါးဖွင့်သံကြား၏။

"အစ်ကို ... ကျွန်မလည်းလိုက်ပါရစေ ... "

မိန်းမပျိုလေးက ပြောပြောဆိုဆို နောက်ပိုင်းခန်း





တွင် ဝင်ထိုင်၏။

"ဟဲ့ ... ဟဲ့ ... မင်းက ဘယ်ကိုလိုက်မှာလဲ ... "

"ကျွန်မအိမ်ကို ... ကျွန်မ တက္ကစီခပေးမှာပါ ... "

"ဟာပြဿနာပဲ ... "

စနေက သူ့ခေါင်းကဆံပင်တွေကိုကုတ်ကာ ညည်းတွားသည်။

တက္ကစီမောင်းသမားက ဖျစ်ညှစ်ရသောလေသံနှင့် ...

"ညီလေး ခေါ်လိုက်ပါကွာ ... နှစ်ယောက်ဆိုတော့ အုံနာကြေး ပိုကိုက်သွားတာပေါ့ ... အီး ... "

အီးဆိုတာအောက်ကထွက်သံမဟုတ်ပါ။

ဝေဒနာကြောင့် ညည်းလိုက်ခြင်းဖြစ်သည်။

"ဩော် ... အစ်ကိုရယ် ... ဝေဒနာသာခံရတယ် ... အုံနာကြေးလေးတော့ မမေ့ဘူးနော် ... လောဘ ... လောဘ ... သနားတယ်"

ပြောပြီး စနေကားကိုမောင်းထွက်သည်။ နည်းနည်းလေးမောင်းပြီးမှ နောက်ဘက်လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မချော ... ဘယ်ကိုပို့ပေးရမှာလဲ ..."

"မြောက်ဥက္ကလာ ..."

"ဟွန်း ..."

စနေ နှာခေါင်းရှုံ့သည်။ လတ်တလော တက္ကစီသမားလတ်လတ်ဆတ်ဆတ်ကြီးက မြောက်ဥက္ကလာ နှစ်ရပ်ကွက်မှ လမ်းတစ်လမ်းသို့ ပို့ပေး၏။

တက္ကစီကားခဘယ်လောက်လဲလို့ မိန်းကလေးက မေးလျှင် ... ကားသမားက တစ်ထောင်ဟုပြောသည်။ ငနဲသားအကောင်းပကတိပြန်ဖြစ်နေချေပြီ။

ကောင်မလေးက စနေအား...

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ် ... အစ်ကိုကူညီလိုက်ပေလို့ပဲ ... နို့မို့ ကျွန်မပါသွားမှာအစ်ကိုရဲ့ ..."

"နာဂစ်နဲ့လား ..."

"အမယ်လေး ဒီနာမည်ကြီးမကြားချင်ပါဘူး ... သူ့ကြောင့် ကျွန်မအိမ်ကလေး ပြိုခဲ့ရတာ နိုင်ငံတော်နဲ့အလှူရှင်တွေကြောင့် ... ပြန်ကောင်းသွားတာ ... နာဂစ်နဲ့ပါချစ်ဆိုရင် မကြားချင်တော့ဘူး ..."





"နာဂစ်ကဟုတ်ပါပြီ ... ပါချစ်ကဘာလဲ ..."

"ပါချစ်ဆိုတာ ကျွန်မယောက်ျား ..."

"ဘာ ..."

"စောစောက အစ်ကိုအုပ်ခဲ့တဲ့ကောင်က ကျွန်မယောက်ျားလေ ..."

"မြတ်စွာဘုရား ..."

ဒုတိယအ[illegible]ဘုရားတာရေရွတ်မိသောစနေထွန်း။



www.burmeseclassic.com

www.burmeseclassic.com









## ✻ ခေတ်လမ်းခွဲ (၇) ✻

ကားပေါ်တွင် စနေရောတက္ကစီမောင်းသူပါ ဟားမိကြသည်။

တက္ကစီသမားခမျာ သူခံခဲ့ရသောဝေဒနာကိုတောင် သတိမရရှာတော့။

"အဲဒါပေါ့ဗျာ ... အချက်မသိတော့ သမက်ကိုအဖျက်သမားထင် ... ဆရာက်ကိုကြိုးထင်ဆိုတာ ... "

"ခင်ဗျားစကားကလည်း မဟုတ်လိုက်တာ ... သမက်ကိုသူခိုးထင် ... "



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ … သမက်ကိုအဖျက်သမားထင် … ငါက တက္ကစီမောင်းကျွေးနေတာတောင် … ယောက္ခမကြီးက အကောင်းမထင်ဘူး … ငါ့မိန်းမကို ပိုက်ဆံအပေးများရင် ဒီကောင်သမက်သိကြား … လက်နဲ့ငွေဖြစ်အောင်လုပ်နိုင် တယ် … ပိုက်ဆံအပေးနည်းတဲ့နေ့ကျရင် ဒီကောင်လက်နဲ့ ငွေဖြစ်အောင်လုပ်မပေးနိုင်တဲ့ တက္ကစီအဖျက်သမားလို့ဆို မြန်ရော …"

"ဟတ်ဟား … ဒါဆို ခင်ဗျားလည်း ယောက္ခမနဲ့မတည့်ဘူး ပေါ့ …"

"ဘဝဆက်တိုင်း ယောက္ခမ ရှိတဲ့သမီးကို မယူပါရစေနဲ့ ဆုတောင်းပါတယ်ကွာ …"

"ဟား … ဟား … အစ်ကိုရာ … သမီးရှိမှ ယောက္ခမရှိမှာ ပေါ့ … ယောက္ခမ မရှိရင် သမီးဘယ်ကထွက်မှာလဲ ဟီး ဟီး"

"ဟုတ်ပေ့ကွာ … မင်းပြောတာမှန်တယ်ကွ … ဒါထက် မင်းနာမည် ဘယ်သူလဲ …"

"စနေထွန်း …"





"အသရေညွန်းတဲ့စနေထွန်းပေါ့ … ငါ့နာမည်က ကျော် အောင်တဲ့ … မှတ်ထား … နောက်လမ်းတွေ့လည်းခေါ်ပေါ့ ကွာ …"

"အတော်လောင့်တဲ့ကျော်အောင်ပေါ့ …"

"မလောင်ပါဘူးကွာ … ထဲတောက်ရုံလေးပါ … ဟီး … ဟီး"

တက္ကစီသမားနှင့် သူအဖွဲ့ကျသွားသည်။ အိမ်ရောက် လို့ ခြံဝတွင်ကားဆိုက်တော့ …

"ဟာ … ငါ့ညီက ပိုက်ဆံရှိတာပဲ …"

"ဘာလဲ … ခြံနဲ့တိုက်ကိုကြည့်ပြောတာလား … မလုပ်ပါနဲ့ ဗျာ … ကျွန်တော်လည်း ယောက္ခမနဲ့မယားမျက်နှာကြည့် နေရတာပါ … အစ်ကိုနဲ့ဘဝတူပါ …"

"ဘာလဲကွ … မင်းမိန်းမက လင်မနိုင်မင်းသမီးလား"

"ဘယ်နိုင်မလဲဗျာ … သူက ဒေါ်ဂွမ်းပုံတို့လို ဝဝကြီးဗျ … ဒေါ်ဂွမ်းပုံလောက်လည်းချစ်စရာမကောင်းဘူး အဟီး"

ကိုကျော်အောင်နှင့်တွေ့မှ စနေအတော်အူမြူးနေ



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီကားခကိုထုတ်ပေးရင်း ...

"အစ်ကိုရေ အစ်ကိုခံရတဲ့ချက်ကောင်းကလေးကို အိမ်ကျရင် အစ်ကို့မဒမ်ကိုမပြောနဲ့ဦးနော် ... အမေရိကန်လိုလက်နက်ကောင်းရပြီဆိုပြီး ချက်ကောင်းတွယ်နေဦးမယ် ... "

"ဟား ... ဟား ... မှတ်ထားပါ့မယ်ကွာ ... "

တက္ကစီသမားသဘောကျထွက်သွားသည်။

စနေအိမ်ထဲဝင်လာ၏။ ဒေါ်မြက ထမင်းစားမလားမေးတော့ စားချင်စိတ်မရှိသောကြောင့် မစားတော့ဟုပြောလိုက်၏။

လင်မနိုင်မင်းသမီးဟု ကိုကျော်အောင်က နောက်ပြောင်ကင်ပွန်းတပ်ခဲ့သည့် သင်းပျံ့နွယ်က ပြန်မလာသေးပါ။

သူမသည် သူ့ကိုလက်ထပ်သာလက်ထပ်သည် လင်ယောကျ်ားအပေါ်တွင် တစ်စက်မှ ရှိသေခြင်းမရှိ၊ လင်စကားကိုလည်း နားမထောင်။

ငွေဂုဏ်၊ ပစ္စည်းဂုဏ်မောက်နေခြင်းဖြစ်၏။

မိမိကို သူမ၏ကြိုးဆွဲရုပ်ကလေးလို သဘောထားချင်သည်။





လင်ကောင်မပေါ်မှာစိုးလို့ မိမိအား ဖြတ်သန်းသွားလာရေးတံတားထိုးလိုက်တာကို တွေးမိတိုင်း ခံပြင်းဖို့ကောင်းသည်။

ညဆယ်နာရီထိ သူမပေါ်မလာပါ။

သူက ယောက္ခမအိမ်သို့ ဖုန်းဆက်သည်။ ဖုန်းကိုင်တာက အိမ်ဖော်မိန်းကလေးတစ်ယောက်ရယ်။

သူက သင်းပျံ့ကိုပြောလိုကြောင်း သွားခေါ်ပေးပါဟုဆိုသည်။

ခဏအကြာအသံထွက်လာသည်။ အိမ်ဖော် မိန်းကလေးအသံပဲဖြစ်သည်။

"မမက်ပြောတယ် ... အစ်ကိုနဲ့စကားမပြောလိုဘူးတဲ့ ... ဒီမှာပဲအိပ်မယ်တဲ့ ... "

သင်းပျံ့အတော်ကြီးကျယ်နေသည်။

သင်းကဖြူလျှင် မိမိကမည်းမည်။

သင်းက ကကြီးဆို မိမိကခကွေးဆိုမှဖြစ်မည်။

ယောကျ်ားမာနနောင်ဘဝထိတောင် မလျှော့ဘူးဟေ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါ်မြအား ဒီမှာမနေတော့ကြောင်း ပြောပြပြီး သူ့အဝတ်အစားတွေကို နိုင်ငံခြားဖြစ်အိတ်ထဲထည့်သည်။

သူတို့လင်မယား လျှာနှင့်သွားဖြစ်နေတာကိုသိသောဒေါ်မြက 'ခက်တာပဲ'ဟုသာ သုံးလုံးညည်းပြီးမတားတော့။ စကားမဆက်တော့။

သူက ဖေဖေမေမေတို့ဆီပြန်လာသည်။ ဖေဖေက အကျိုးအကြောင်းသိနှင့်နေပြီ။

ဟိုဇတိကြီးက သူ့အဖေကို တိုင်တန်းပြောဆိုခဲ့သောကြောင့်ဖြစ်သည်။

အဘိုးကြီးက ဣန္ဒြေမပျက်ပါ။

"မင်းလာလိမ့်မယ်လို့ထင်သား ... ကီးမကိုက်ကြဘူးမဟုတ်လားသား ... "

"အဖေသိပြီးလား ... "

"မင်းယောက္ခမကြီးက မနိပ်ဘူးကွ ... အစစ်ကိုအတုဖြစ်အောင် ပြောတတ်တယ် ... "

"ဖေဖေယုံသလား ... "

"ဟာကွာ ... မယုံလို့ ဒီစကားပြောနေတာပေါ့ ... ပေး...





မင်းအဝတ်အိတ် ဂရုစိုက်မနေပါနဲ့ကွာ ... "

စနေ အံ့အားသင့်သွားသည်။ သည်စကားမျိုး ဖေဖေက ပြောလိမ့်မည်ဟုမထင်ခဲ့ပါ။

"သား ... ဟိုမှာမနေချင်တော့ဘူးဖေဖေ ... ဒီကောင်မမျက်နှာကိုမြင်ရင် သတ်မိလိမ့်မယ် ... ရုပ်က ပေါင်မုန့်ရေစိမ်ဖြစ်ရတဲ့အထဲ စိတ်ကလည်းယုတ်မာသေး ... "

"အေး ... ဒါတွေဟာ တို့အပြစ်တွေပါ ... စလာတုန်းက အားလုံးအဆင်ပြေအောင် စိတ်ချမ်းသာကြရအောင်ညှိခဲ့တာပဲ ... သူတို့က ဘာစချိုးတော့ တို့ကလည်း ပြန်ချိုးရမှာပဲ၊ ငါအလုပ်ရှင်ဆိုပြီး ငုံ့ခံနေမယ်မအောက်မေ့နဲ့ ... သားသမီးထိမားကြည့်ပဲဟေ့ ... "

စနေမှာ ဖေဖေ့စကားကြောင့် အတော်အားတက်သွား၏။

ဖေဖေက အတော်သတ္တိရှိပါလား။

"ကျွန်တော် ဘာလုပ်ရမလဲဖေဖေ ... "

အိမ်ရှေ့ခန်းတွင်သူနှင့်ဖေဖေစကားပြောနေမိသည်။ စကားသံကသိပ်မကျယ်။



www.burmeseclassic.com

www.burmeseclassic.com



စနေက တစ်ခုဆက်မေးသည်။

"မေမေရော ... သက်သာတယ်မဟုတ်လား"

"မင်းအမေရောဂါက အာဂန္တုရောဂါပါ ... ပင်ပန်းလို့ပါ ... အနားယူလိုက်ရင်ကောင်းသွားပြီပဲ ... အခုအိပ်ပျော်နေတယ် မင်းဘာလုပ်မလဲ"

"သားကိုသူကနှစ်ဆယ့်လေးနာရီအချိန်ပေးထားတယ်လေ သား ဒီကိစ္စကိုမဖြေရှင်းနိုင်ရင်ရဲလက်အပ်မယ်တဲ့၊ တောက် နာတယ်ကွာ"

ဖေဖေရှေ့ပေမဲ့ ခံပြင်းမှုကြောင့် ကုလားထိုင်လက်ရမ်းကိုလက်သီးဆုပ်နှင့်ထုမိသည်။

ဖေဖေကပြုံးကြည့်နေသည်။

"မင်းနွယ် လူပါးဝတာကိုသား ဒေါကန်နေတာပေါ့လေ"

"ဟို အဘွားကြီးကော၊ ဟိုကောင်မပါ,ပါတယ် ဖေဖေ"

"စိတ်လိုက်မာန်ပါတော့ မလုပ်လိုက်ပါနဲ့ကွာ ... ဦးနောက်နဲ့လုပ်ကြတာပေါ့။ ငါ့စိတ်ထင် ဦးမင်းနွယ်က ... သူ့သမီးအတွက် မင်းကိုသက်သက်ညစ်လိုက်တာနဲ့တူတယ် ... ထက်မင်းဦးနဲ့ဖြစ်တော့ မရှုနိုင်မကယ်နိုင်ဖြစ်နေတဲ့ ... သူ့





သမီးကိုမင်းနဲ့လမ်းကြောင်းလွှဲပေးလိုက်တယ် ... မင်းကိုလည်း သမက်အဖြစ်ကြာကြာမထားချင်ဘူး ... အဓိကလမ်းကြောင်းမေဂျာပတ်(MAJ0R PARTH) က မင်းကို လင်ကောင်ဖော်ပေးလိုက်ဖို့ပဲ၊ လူသိရှင်ကြားဖော်ပေးပြီးမင်းကိုသင်းပျံ့ဆီက"ပ"ထုတ်မယ် ... တကယ်ပြဿနာဖြစ်လာရင်သူနဲ့ရတဲ့ကလေးကို မင်းနဲ့ရတဲ့ကလေးပါလို့ လူတွေထင်ကြမှာပဲ၊ သူ့သမီးအရှက်အတွက် စိုးရိမ်စရာမရှိတော့ဘူးလေ ... မင်းကို"ပ"ထုတ်ဖို့က မင်းမရိုးသားကြောင်း၊ အဲဒီအတွက်လင်မယားကွဲရကြောင်းပြောနိုင်ဖို့ပဲ၊ ဒီတော့ သူက မင်းကိုစိန်ကိစ္စနဲ့အမှုလုပ်ရုံပဲ"

"တောက်"

စနေကသူ့အဖေအပြောကို ယခုမှတွေးမိပြီးတောက်ခေါက်သံပြင်းပြင်းလုပ်မိသည်။

"အတော်ယုတ်မာပါလားဖေဖေရာ ... ဟုတ်တယ်၊ ဖေဖေ့အတွေးမှန်တယ်၊ ဒါဆိုရင် သားငြိမ်မခံနိုင်ဘူးဖေဖေ ... အခုပဲသွားရှင်းမယ်"

"မလုပ်နဲ့လေ ... သူကကောက်လို့ကိုယ်ကဖြောင့်ရင်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှလိုက်ကောက်လို့ချိတ်လို့မရဘူး ... ချိတ်တယ်ဆို
တာ သူကောကိုယ်ကောကောက်မှ ချိတ်လို့ရတာ ငါ့သား
ရဲ့"

"ဒါဆို ... ကျွန်တော်ဘာလုပ်ရမလဲ"

"မင်းနှစ်ဆယ့်လေးနာရီပြည့်ရင် အဖမ်းခံလိုက်ပေါ့ကွာ ...
ရဲဆီရောက်မှ အားလုံးကိုရှင်းမယ် ... ဒီအတွင်းဖေဖေလည်း
ရှေ့နေတစ်ယောက်ဆီသွားပြီး အကျိုးအကြောင်းပြော
တိုင်ပင်မယ်"

"ဗျာ ... ကျွန်တော်အဖမ်းခံရမယ် ... ဖြစ်ပါ့မလားဖေဖေရာ
သားတော့ တစ်ခုခုလုပ်ပစ်လိုက်ချင်တယ်"

"သဲသရာ မရှည်သင့်ဘဲ ရှည်သွားလိမ့်မယ်သား၊ အကောင်း
ကိုအဖြောင့်နဲ့လိုက်မယ်"

ဖေဖေ့စကားကိုနားထောင်ဖို့ပဲရှိပါသည်။

မိဘဆိုတာကိုယ့်ကို မွေးခဲ့တဲ့လူတွေဆိုတော့ကိုယ့်
ထက်ပိုတတ်သိနားလည်ပါသည်။

အဖေ့ထက်သားတစ်လမကြီးချင်ပါ။

စနေ သက်ပြင်းချသည်။





ငြိမ်နေလိုက်သည်။

စိတ်ထဲမှာတော့ခံပြင်းမှုလှိုင်းခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com









## ✱ စာတ်လမ်းစဉ် (၈) ✱

အမေ့အတွက်လိုအပ်သောပစ္စည်းတစ်ခုကိုရှာသည်။ ရှာရင်းပင် မနေ့ကလာခဲ့သော မြောက်ဥက္ကလာနှစ်ရပ်ကွက်ထဲရှိ "နှစ်"ဈေးသို့ရောက်သွားသည်။

အမေ့အတွက်လိုအပ်နေတာ စပါးကြီးသည်းခြေဖြစ်သည်။

ဟိုဆိုင်သည်ဆိုင်တွင်ရှိုးနိုးနှင့်လျှောက်မေးစဉ် ...

"ဟယ် ... အစ်ကို"

အသံကလေးတစ်သံကြောင့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အို ... ဟော ... မနေ့က ကောင်မလေး။

သူမလက်ထဲတွင် ကျွတ်ကျွတ်အိတ်တစ်လုံးနှင့်ဝယ်စရာထည့်ထားသည်။

"ညီမပါလား"

သူကတည်တည်ကြည်ကြည်ပဲ နှုတ်ဆက်၏။ မနေ့ညကသူတီးထည့်ခဲ့သော ပါချစ်ဆိုသည့်ငနဲကိုမမြင်။

"ဘာလာလုပ်တာလဲ အစ်ကို"

"စပါးကြီးသည်းခြေ လာရှာတာ ... "

"အမယ်လေး ... အင်မတန်ရှားတဲ့ပစ္စည်းကို အစ်ကိုကလာရှာတာကိုး ... ဘယ်ဒီမှာရှိမလဲ"

"မြောက်ဥက္ကလာဆိုတော့ မြွေတွေဘာတွေလာတတ်လို့ စပါးကြီးသည်းခြေများ ရမလားလို့"

ကောင်မလေးကပြုံးသည်။ ကောင်မလေးကပြုံးကာမှအတော်လှတာကို သတိပြုမိသည်။ မညီမညာညှပ်ထားသော အစွယ်ဆံပင်လေးတွေက သူမမျက်နှာလေးကို ပိုလှအောင် အထောက်အပံ့ပေးထားသည်။

"အစ်ကိုကလည်းဟာသပြောနေပြန်ပြီ မြောက်ဥက္ကလာမှာ





ဘယ်လိုလုပ်မြွေရှိမှာလဲ ... ရှိတောင်မိုးရိပ်ချောင်းက တက်လာမှရှိတာ"

"နောက်ပြောတာပါ ... ဝယ်ပြီးပလား"

"ပြီးပြီ ... ဒါထက်အစ်ကိုယ့်ကို အိမ်လိုက်ခဲ့အုံးလို့ ဖိတ်ရဦးမယ် ... "

"နောက်မှ"

"ဟာ ... မလုပ်နဲ့ကွာ ... အစ်ကိုယ့်ကျေးဇူးညီမမှာရှိတယ်လေ ... အိမ်မှာပြုစုပါရစေဦး"

"အထိုးခံနေရဦးမယ်"

စနေ၏အပြောကို သူမကနားလည်သလိုမျက်လုံးကလေးဝင့်၍ ...

"အိမ်မှာကိုပါချစ်မရှိဘူး ... သူနဲ့ညီမကကွဲနေပြီ ... "

"ဟင်"

"သူကအခုဘယ်လိုဖေါက်ပြန်လာတယ်မသိဘူး၊ မနေ့က အတင်း ညီမကိုဆွဲခေါ်တာ ... အစ်ကိုကယ်ပေလို့ပေါ့။ သိပ်ဆိုးတာအစ်ကိုရဲ့"

ဒီလောက်လှတဲ့မိန်းကလေးကိုပါချစ်က ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မပေါင်းသင်းပါလိမ့်။

ဘာပဲပြောပြောကောင်မလေး၏ ထပ်မံဖိတ်ခေါ် ချက်နှင့်မနေ့က မဝင်ဖြစ်ခဲ့သောအိမ်ဆီသို့ ရောက်သွား၏။

အိမ်တွင် ... သူမတစ်ယောက်တည်းပဲနေသည်။ မကြောက်ဘူးလားဟုမေးတော့ ရန်ကုန်မြို့ကြီးမှာ ဘာကြောက်စရာရှိသလဲဟု သူမက ပြန်မေးနေသည်။

အိမ်ခန်းမှာလုံးချင်းပျဉ်ထောင်အိမ်ဖြစ်သည်။ စပေါ်တင်ပြီးငှားနေကြောင်းသိရသည်။

သူမအမည်မှာ ထက်အာကာဇော်ဖြစ်ကြောင်းသိရသည်။ သည်အမည်ကိုသူကြားဖူးပါသည်ဟုထင်နေသည်။ စဉ်းစားနေသည်။

မိန်းကလေးကသူ့ကို လီမွန်တီးနှင့်လည်းကောင်း၊ ပန်းသီးစိပ်များနှင့်လည်းကောင်း၊ ကိတ်မုန့်များနှင့်လည်းကောင်း ဧည့်ခံ၏။

စနေချက်ချင်းပင်ခေါင်းထဲအမှတ်ရလာ၏။

"ညီမမှာ အစ်ကိုတစ်ယောက်ရှိတယ် မဟုတ်လား ... "

"ရှိတယ်"





"သူ့နာမည်က ထက်မိုးဦးမဟုတ်လား ... "

ထက်အာကာဇော်သည် သူ့ကိုအံ့အားသင့်သောမျက်နှာကလေးနှင့် ...

"အို ... အစ်ကိုက ကိုကို့ကိုယ်သိသလား"

"အကြောင်းကိစ္စတစ်ခုကြောင့်သိတာပါ၊ ကိုထက်မိုးဦးလို အင်မတန်ချမ်းသာတဲ့လူတစ်ယောက်က သူ့ညီမကို ဒီလိုပဲ ပစ်ပစ်ခါခါထားသလား"

"ကိုပါချစ်ကြောင့်ပါ"

"ဘယ်လို"

စနေတွင်သူမျှားအကြောင်းစပ်စုချင်သောဝါသနာမရှိသော်လည်း ထက်အာကာဇော်နှင့်ပတ်သက်ပြီးသိချင်စိတ်ရှိနေသည်။

ထက်အာကာဇော် လင်နောက်လိုက်ပြေးလို့ သူ့အစ်ကိုကပစ်ထားကြောင်းလည်းသိသည်။

ပါချစ်နှင့်သူမဘာကြောင့်ကွဲရသလဲဆိုတာပိုသိချင်သည်။

"အာကာက ပါချစ်နဲ့ကြိုက်မိချစ်မိတယ် ... ပါချစ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကတကယ်တော့ ဘာပညာမှမတတ်ဘူး၊မိဘမရှိ တစ်ကောင်ကြွက်၊ အာကာကအကြိုမူလတန်းကျောင်းဖွင့် တယ်၊ အာကာ့ကျောင်းအမည်ကမော်ဒန်လဗ်(ဗ်)လီးဘေဘီ(M0DERN LOVELY BABY) ဖြစ်တယ်၊အဲဒီကျောင်းရဲ့ ကျောင်းအုပ်ဆရာမပဲ၊ အာကာမာစတာတန်းအထိတက် ရောက်အောင်မြင်ခဲ့ပြီး ကိုကို့သဘောတူညီချက်နဲ့ ကျောင်း ဖွင့်လိုက်တယ်၊ အောင်မြင်တယ်၊ အထိုက်အလျောက်တော့ အောင်မြင်တယ်၊ပါချစ်ကအာကာရဲ့ကျောင်းမှာကျောင်းကြို ကျောင်းပို့ကားမောင်းရတယ်၊သူနဲ့အာကာကနေ့စဉ်တွေ့ရ ပြီး သူရိုးရိုးသားသားပုံနဲ့စကားကိုကျအောင်ပြောတတ်တာ ကြောင့်တစ်သက်နဲ့တစ်ကိုယ် ရည်းစားမထားဘူးတဲ့ အာကာက သူ့ကိုစိတ်ဝင်စားသွားခဲ့တယ်”

“နောက်ချစ်သွားကြရောဆိုပါတော့”

“အစ်ကိုက ပြောတတ်တယ်နော် ... ဟုတ်တယ် ... သူနဲ့ အာကာချစ်သွားကြပြီး သူ့စကားနားဝင်လို့ခိုးရာလိုက်ပြေး ခဲ့တာ ကိုကိုကစိတ်ဆိုးသွားတယ်၊ ဒီတုန်းက ကိုကိုထိုင်းမှာ ရောက်နေတယ်၊ပြန်လာမှသိရတော့အဆင့်မရှိတဲ့ကောင်ကို





ယူရမလားဆိုပြီး ယမ်းပုံမီးကျဖြစ်တော့တာပဲ၊အဲဒီမှာသူက အာကာ့ကိုညီမအဖြစ်ကစွန့်ပစ်လိုက်တယ် ... ဒါပေမယ့် အာကာကကိုပါချစ်ကို လင်မယားအဖြစ်ပေါင်းမိမှတော့ သူ့ ကိုမစွန့်ပစ်ရက်ဘူးလေ”

“ဟုတ်တာပေါ့”

“ဒါပေမဲ့ သူကမကောင်းဘူးရှင့် ... အာကာနဲ့ပေါင်းစက တော့အာကာကို ဂရုစိုက်ပါရဲ့ ... နှစ်လလောက်လည်းကြာ ရောသူ့အကျင့်သူ့စိတ်တွေသိလားရတာပဲ ... သူကအလုပ် လုပ်ချင်စိတ်မရှိဘူး၊အချိန်ရှိသရွေ့အရက်ပဲသောက်နေတယ်၊စား ဝတ်နေရေးအတွက် အာကာမှာပါလာတဲ့ပစ္စည်းတွေထုခွဲ ရောင်းချပြီး ထမင်းစားဖို့အရေးလုပ်ရတယ်၊ဒီအထဲသူက အာကာကိုမကူညီတဲ့အပြင် ရိုက်မောင်းပုတ်မောင်းလုပ်ချင် သေးတယ်၊အာကာက မိန်းကလေးပေမယ့်သတ္တိရှိပြီး ငယ် ငယ်ကလေးကတည်းက လက်မြန်တာသိလို့ထင်သလို မနှိပ်စက်ရဲဘူး၊အရက်ကိုဖြတ်နိုင်းတော့လည်း မဖြတ်ဘူး၊ ပိုဆိုးတာက အာကာက ကိုယ်လုပ်ခဲ့တဲ့ကလေးအကြိုစာ သင်ကျောင်းကလေးကိုဖွင့်မယ်ပြုတော့ ကလေးတွေအော်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တာ၊ဆော့တာ၊တာဆိုသံတွေကိုမကြားချင်ဘူး နားညည်းတယ်တဲ့လေ၊အဲဒီမှာသူနဲ့အာကာအကြီးအကျယ်စကားများကြတယ်”

“ဟာ ... အတော်ဆိုးတဲ့လူပဲ၊ ကိုယ်လည်းရှေ့ကမသွား၊ နောက်ကလည်းမလိုက်၊ဘေးတိုက်လိုက်ပြီးကပ်ဖဲ့လုပ်တဲ့လူပဲ၊အတော်ချစ်တယ်”

“အစ်ကိုရယ် ... အဲဒီမှာ သူကစပြီးကျောင်းဖွင့်ရင် မပေါင်းဘူး ကွာမယ်ဆိုလို့အာကာလည်းမာနနဲ့ပဲ ... သူနဲ့လင်မယားကွာရှင်းလိုက်ခဲ့တယ် ... နှစ်လလောက်တော့ရှိပြီ”

“ဒါဆိုမနေ့ကသူကစိတ်တစ်မျိုးပေါက်ပြီး ညီမအာကာကိုနောက်ယှက်တယ်ပေါ့”

“ဒါပေါ့အစ်ကိုရယ်၊အာကာကသူ့အပေါ်သံယောဇဉ်ဖြတ်ထားတာကြာပါပြီ ... အခုလိုဒါတွေပြောလို့ အစ်ကိုအာကာ့ကိုတစ်မျိုးမထင်နဲ့နော်”

“မထင်ပါဘူး ... သနားတယ်”

စနေလွတ်ခနဲအသံထွက်သွားသည်။ အာကာမှာမျက်နှာလေးတစ်မျိုးဖြစ်၍ ခေါင်းကလေးငုံ့သွားသည်။





“တို့ပြန်တော့မယ် ညီမရေ”

“အစ်ကိုစားဦးလေ”

“ဗိုက်ပြည့်နေပြီ ... လီမွန်တီးပဲသောက်မယ်နော်”

“အစ်ကို ... မကြာခဏလာလည်ပါ၊အစ်ကိုရယ်”

“ကျောင်းဖွင့်ဦးမလား”

“အာကာကကျောင်းဆရာမပါသနာပါတော့ တစ်နေ့နေ့တော့ဖွင့်ပြီး ဒီအလုပ်ပဲလုပ်စားရမှာ”

“ကြိုးစားပေါ့ ညီမရယ်”

စနေ့အသံကကြင်နာသံပေါက်သွားတာသူတောင်မသိ။ သိသွားတာ ထက်အာကာဇော်ရယ်။

သူမသည်နှစ်ခြိုက်စွာပြုံးလိုက်၏။

စနေကနှုတ်ဆက်၍ ပြန်ထွက်လာသည်။ စနေသွားရာကို အာကာမျက်စိတဆုံးကြည့်တာကို စနေမသိလိုက်။

သူကနှစ်ချေးထဲမှဖြတ်၍ ကားလမ်းမပေါ်ကြီးအရောက်သူနှင့်မထင်မှတ်ပဲ တွေ့ရပြန်သည်။

သူကကိုကျော်အောင်။

ဘုန်းကြီးလမ်းဘက်မှ ချိုးကွေ့ပြီးသူ့ဓမ္မာလမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းလာစဉ်လမ်းဖြတ်ကူးတော့မည့်စနေနှင့်သွားတွေ့၏။

စနေကလည်းသူ့ကိုမြင်သည်။

လက်ပြနှုတ်ဆက်လိုက်သည်။ ကိုကျော်အောင်၏ကားတွင်လူမပါချေ။

"ခင်ဗျားဘာလာလုပ်တာလဲ"

"အိမ်အတွက်ပစ္စည်းတစ်ခုလာဝယ်တာပါ"

"တက်လေ"

ကိုကျော်အောင်ကမေးငေါ့ပြ၏။ စနေကအလိုက်သိစွာ

"သွားပါဗျာ … ခင်ဗျားလူမရသေးဘူး မဟုတ်လား"

"ငါးကြောင်း ခြောက်ကြောင်းလောက်တောင်ဆွဲပေးပြီးပြီ ခင်ဗျားကားပေါ်တက်"

"အားနာတယ်အစ်ကိုရာ … ကျွန်တော့်မှာတက္ကစီခလုံးလုံးလောက်လောက်တောင် မပါခဲ့ဘူး"

"အပေါင်းအသင်းဖြစ်ထိုက်လို့ပေါင်းတာ ကျော်အောင်တို့ကငွေရေးကြေးရေး ထည့်မတွက်ဘူး"

စနေအားနာနာနှင့်ပင်တက်လိုက်လာသည်။





"လမ်းမှာလူတွေ့ရင်ခေါ်တင်ဗျာ"

စနေ၏စကားကို ကိုကျော်အောင်ကမတုန့်ပြန်ပါ။ အနည်းငယ်ကြာမှ ကားကိုမောင်းဆဲမှ

"ခင်ဗျားကြည့်ရတာ မရွှင်မလန်းနဲ့ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ခင်ဗျားတစ်ခုခုတော့ခံစားနေရပြီနဲ့တူတယ်"

"ခင်ဗျားကသိလို့လား"

"ခံစားချက်ရှိတဲ့လူတွေရဲ့မျက်နှာဟာ မျက်နှာသေပြီးညှိုးမှိုင်းနေတတ်တယ်"

"ခင်ဗျားအကဲခတ်တော်သားပဲ"

"ဒီလိုပါပဲ … ကျွန်တော့်အလုပ်ကလူရိပ်လူခြည်လည်းကြည့်ရတာဗျ … "

စနေက ကိုကျော်အောင်ကို လှည့်ကြည့်လိုက်၏။ ပြီးမှ

"ကိုကျော်အောင် … အစ်ကို … အစ်ကိုမိန်းမကအစ်ကို့ကိုရှိသေသလား"

ကိုကျော်အောင်ကသူ့ကိုအထူးအဆန်းလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့မေးတာလဲ"

"သိချင်လို့ပါ"

သည်တော့ကိုကျော်အောင်ကရယ်သည်။

"ဘာရယ်တာလဲ"

"ခင်ဗျားကျွန်တော့်ကို မိန်းမနဲ့ထင်လို့လား"

"မနေ့ကပဲအစ်ကိုက ယောက္ခမအကြောင်းပြောခဲ့ပြီး မိန်းမနဲ့ပဲပြောခဲ့တာ"

"ကျွန်တော်မနေ့ကအရူးသွားလို့ပါ ... ကျွန်တော့်မှာဘယ်မိန်းမမှမရှိဘူး ... လူပျိုသန့်သန့်လေး"

"ဟုတ်မှဟုတ်ရဲ့လား"

"ခင်ဗျားမယုံရင်ကျွန်တော့်အိမ်လိုက်ကြည့်လေ ... အခုကျွန်တော်ကထမင်းစားပြန်မှာ ... ဖါးသားကြီးနဲ့ကျွန်တော့်ညီတစ်ဦးပဲရှိတယ်၊ဒီကောင်ကကျောင်းသား၊အမေကတော့ဆုံးသွားပြီ"

"ကျွန်တော်အခုလို မေးတာစိတ်မဆိုးပါနဲ့ အစ်ကိုရာ ကျွန်တော့်ခံစားချက်ကြောင့်ပါ"

"ခင်ဗျားမိန်းမက ခင်ဗျားကိုမရှိသေတဲ့အပြင်အနိုင်ယူချင်





တယ် မဟုတ်လား"

"ဟုတ်တယ်"

စနေကမဆိုင်းမတွပဲ တုံးတိတိဖြေသည်။ ရင်ထဲမှပူလောင်သောခံစားချက်တွေကို ရင်ဖွင့်ချင်သည်။

ချော်တွင်းကုန်းဘက်ရောက်လာ၏။

"ခင်ဗျားအကြောင်းကျွန်တော်သိချင်တယ် ... ပြောပြပါလားဗျာ ... သူများအိမ်ထောင်ရေးဝင်ကူညီသင့်တယ်ထင်ရင်လည်းဝင်ကူညီရတာပေါ့ ကိုစနေထွန်းရာ"

သည်တော့ နီးစပ်ရာလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် သူတို့ထိုင်ဖြစ်ကြသည်။

စကားပြောဖြစ်ကြသည်။

စနေက သူ့အဖြစ်ကိုပြောပြသည်။ ခင်မင်သူတစ်ဦးဦးဆီမှ အကြံဉာဏ်လိုချင်သည်။

သူပြောတာတွေကို ကိုကျော်အောင်က လေးလေးစားစားပဲနားထောင်သည်။ ဦးမင်းနွယ်၏ ညစ်ပတ်မှုကိုစနေက ခရစေ့တွင်းကျကျမကချောက်ထဲကျသည်အထိ ခံပြင်းခြင်းအတိနှင့်ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက်နားထောင်ပြီးမှ

"စကားပုံအတိုင်းပြောရမယ်ဆိုရင် ခင်ဗျားအတွက်ဆုပ်ရ စားရူး နမ်းမူးဆိုတာလိုဖြစ်နေပြီပေါ့၊ခင်ဗျားမလုပ်တဲ့ဒီမိန်း တွေကိုခင်ဗျားလျော့ချင်လျော့၊မလျော့ချင်ရင်ခင်ဗျားရဲ့လက် ထဲကိုသွား ... ဥပဒေအရခင်ဗျား ဂျေးထဲကိုသွား ... မသွား ချင်ရင်ထွက်ပြေး ... ဝရမ်းပြေးတရားခံပြေးဖြစ် ... ကျွတ် ကျွတ်မလွယ်ပါလားနော်"

စုတ်သတ်ပြီးဂရုဏာသံနှင့်ပြော၏။

"တကယ်တော့သူတို့မိသားစုကသက်သက်ညစ်ပတ်တာပါ ကျွန်တော့်ကထောင်ကျမယ့်အတူတူသုံးယောက်စလုံးကို သတ်ပစ်လိုက်ချင်ပြီဗျာ"

"ဒီလိုလည်းစိတ်လိုက်မာန်ပါမလုပ်ပါနဲ့ဗျာ ... အမေးရှိရင် အဖြေရှိရမယ်၊ချည်နှောင်မှုရှိရင်ပြန်ဖြည်မှုရှိရမယ်၊ ဟောဒီ လက်ဖက်ရည်ခွက်လိုပေါ့ဗျာ ... ဒီလက်ဖက်ရည်ခွက်ဟာ လက်ဖက်ရည်ကြောင့်ပေကျံသွားပြီ ... သူ့ကိုဒီအတိုင်းထား ရင်ညစ်ပတ်သွားမယ် ... ဒီတော့ အဖြေကဆေးကြောပစ် လိုက်တာပဲ၊ အပေအကျံရှိရင် သန့်စင်ဆေးကြောသလိုခင်





ဗျားကလက်ဖက်ရည်ခွက်ပဲ"

"ဘယ်လိုလုပ်မှာလဲဗျာ ... သူတို့ကညစ်ပြီးသိန်းသုံးထောင် နီးပါးစိန်တွေကို အတုပါပြောနေတော့ ဒီသိန်းသုံးထောင်နီး ပါးကိုဒီဘဝမှာသူတို့ကို ကျွန်ုပ်ခံဆပ်ဖို့မပြောနဲ့နောက်ဘဝ တောင်ကြေမှာမဟုတ်ဘူး ... အတော်ညစ်ပတ်စုတ်ပွဲယုတ် မာတဲ့လူတွေဗျာ"

ရင်ထဲမှာရှိသော အပူသောကရောဒေါသပါ ဖြည်ချ လိုက်မိသည်။

"ပိုက်ဆံရှိတဲ့လူတိုင်းတော့ မဟုတ်ဘူးဗျ ... တချို့ကအချမ်း သာကြီးချမ်းသာတော့ မိုးမမြင်လေမမြင်ဖြစ်တတ်ကြတယ် ကောင်းကင်ကြီးကိုမော့်ကြည့်ပြီး ကောင်းကင်မှာကြယ် ဘယ်နှစ်လုံးရှိသလဲလို့လိုက်ရေတွက်နေပြီး ... မြေကြီးကို ငုံ့မကြည့်၊ကျောက်ခဲဘယ်နှစ်လုံးရှိတယ်၊သစ်ပင်ဘယ်လောက် ရှိတယ်ဆိုတာရေတွက်တတ်ကြတာ မဟုတ်ဘူး၊နောက်ဆုံး မြွေလာတာတောင်ကောင်းကင်ကိုမော်ကြည့်နေမိတော့ မြွေကိုမမြင်ဘူး ... နောက်ဆုံးမြွေကိုက်ခံရတာပဲ"

"အဲဒီအတန်းအစားတွေက ငွေအကြွေတောင်မြင်ဖူးတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေမဟုတ်ဘူး ... သူတို့အိတ်ထဲထောင်တန်နဲ့ငါးရာတန် ပဲသိတဲ့မြင်တဲ့လူစားတွေပါဗျာ"

"ကဲ ... ကိုစနေ ... ခင်ဗျားပြတ်ပြတ်သားသားတစ်ခုခု လုပ်မှဖြစ်တော့မယ်"

"ကျွန်တော်ဘာလုပ်ရမလဲ ... အကြံဉာဏ်လေးပေးစမ်းပါ အုံးဗျာ"

"ကျွန်တော့်သဘောကတော့ ခင်ဗျားရဲမှာပဲအဖမ်းခံလိုက် တော့"

"ဗျာ ... အဖမ်းခံရမယ်"

"ရဲတွေက ခင်ဗျားကိုဖမ်းပေမယ့် ဦးမင်းနွယ်စကားအတိုင်း လက်ခံမှာမဟုတ်ဘူး ... ခင်ဗျားရဲ့ထွက်ချက်နဲ့စစ်ကြဆေး ကြဦးမှာပဲကိုစနေ ... ဥပဒေဆိုတာ မျက်လှည့်ပြလို့မရဘူး လူတွေကသာ ကျောသားရင်သားခွဲခြားမယ်၊ဥပဒေက မခွဲ ခြားဘူး ဘယ်သူလိမ်သလဲဆိုတာနောက်ဆုံးပေါ်လာမှာပဲ ဖြစ်စဉ်ကအမှန်တရားပဲလေ ... သဘောပေါက်တယ် မဟုတ်လား"

"သဘောပေါက်ပါတယ်"





"ဒါဆို နှစ်ဆယ့်လေးနာရီပြည့်တဲ့အချိန်မှာမလျော့နိုင်ဘူးလို့ ပြောလိုက်ပေါ့ဗျာ"

စနေကလက်ပတ်နာရီကို ငုံ့ကြည့်သည်။ မနက် ဆယ့်တစ်နာရီခွဲနေပြီ။ အချိန်ကငါးနာရီခွဲပဲလိုတော့၏။

သူကအံကြိတ်လိုက်သည်။ ဖေဖေပြောသလို ဦးမင်း နွယ်တို့ ဉာဏ်များတာပဲ။ နွားမရှုံ့ပိတ်ခံရတာနှစ်ခါရှိပြီ။

ပထမလှည်းကျိုးထမ်းရတဲ့ဘဝ။

ဒုတိယစိန်အစစ်တွေကိုအတုပေးပါတယ်ဟု စွပ်စွဲ ခံရတဲ့ဘဝ။

သူကသက်ပြင်းချပြီးကိုကျော်အောင်ကို ကျေးဇူး တင်ကြောင်းပြောသည်။ ကိုကျော်ခိုင်တိုက်သောလက်ဖက်ရည်ကို သောက်၍လမ်းခွဲလိုက်သည်။

ကိုကျော်ခိုင်ကလိုအပ်လျှင် အကူအညီပေးပါမည်ဟု ပြောပြီးဌင်း၏လိပ်စာကိုပေးခဲ့သည်။

စနေစိတ်လေးလေးနှင့်ပြန်လာသည်။

ကျုပ်မပေးနိုင်မလျော့နိုင်ဘူးဗျာဟု ပြောပြီးတိမ်း ရှောင်နေလျှင်လည်း ဘယ်လောက်ရှောင်နိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရဲတွေနှင့်နဖူးတွေ့ဒူးတွေ့တွေ့လိုက်တာအကောင်းဆုံးပဲ။ ဖေဖေကလည်း ဒီအတိုင်းဖြစ်စေချင်သည်။

သူလျှောက်လာသည်။

ဘောင်းဘီဘေးအိတ်ထဲမှ အသံထွက်လာသည်။ သတိရလာသည်။ စကားပြောဖုန်းကိုသူ၏သူမင်္ဂလာအိမ်မှာမထားမိခဲ့ပဲမေ့လျော့ပါလာ၏။

သူ့စိတ်ထဲ သင်းပျံ့ကိုသတိရလာ၏။

တီမသူ့ကို ဘာတွေဆက်ပြီးဘာတွေပြောဦးမှာလဲ။

ဖုန်းကိုဆွဲယူလိုက်သည်။

"ဟလို"

အသံပြုလိုက်၏။

သူသည်သူများတကာတွေလို လမ်းလျှောက်စကားပြောသောအကျင့်မရှိပါ။

လမ်းလျှောက်စကားပြောလျှင်စတိုင်လုပ်သည်။ရှိုးပြသည်ဟု အထင်ခံရမှာစိုးသောကြောင့် လူမြင်ကပ်သောအလုပ်ကိုမလုပ်ချေ။





ကားမောင်းနေစဉ်လည်း လက်ကိုင်ဖုန်းမပြောတတ်ပါ။

ကားတိုက်မှာစိုးသည်။ အမြင်မကြည်ကြမှာစိုးသည်။

"ကိုစနေထွန်း ... ကျွန်တော်ပါ ... ခင်ဗျားမိတ်ဆွေတစ်ယောက်ပါ"

အသံကသင်းပျံ့ အသံမဟုတ်။

ယောက်ျားတစ်ယောက်ရဲ့အသံ။

"ဘယ်သူလဲ"

သူ့မိတ်ဆွေများထဲတွင် ထိုအသံသည်သူစိမ်းဆန်နေသောအသံမို့မေးလိုက်မိ၏။

"ကျွန်တော်ကခင်ဗျားကို ကူညီချင်သူပါ ... ကျွန်တော်ဘယ်သူလဲဆိုတာ ခင်ဗျားကျွန်တော်နဲ့ တွေ့ရင်သိမယ် ... အကြောင်းသိချင်ရင်တောင်ဒဂုံကိုလာခဲ့ပါ ... လိပ်စာကတော့"

လိပ်စာကိုအသေအချာပြောပြသည်။ စနေကအသေအချာမှတ်သည်။ ပြောပြီးအသံပျောက်သွားသည်။ တစ်ဘက်မှ...



www.burmeseclassic.com

www.burmeseclassic.com



သောဖုန်းနံပါတ်ကိုသူမကြည့်မိ။

ဖုန်းကိုအလောတကြီးပဲအိတ်ထဲထည့်သည်။ သူ့အားဖြေရှင်းပေးနိုင်သောလူဆိုတာ ဘယ်သူလဲ။

တက္ကစီကားတစ်စီးကိုတားသည်။ မေမေ့အတွက်စပါးကြီးသည်းခြေဝယ်မရသေးသဖြင့် ငွေကတော့ ကားခအတွက်လုံလောက်နေပြီ။

တောင်ဒဂုံခုနစ်ဆယ့်ခြောက်ရပ်ကွက်ကိုမောင်းခိုင်းသည်။ ထိုရပ်ကွက်သည် အစွန်အဖျားကျသလို အခြေခံလူတန်းစားများနှင့်ပျံ့ကျဲတွေနေထိုင်သောရပ်ကွက်ဖြစ်သည်။

ရောက်သည်။ မောင်းရတာနာရီဝက်လောက်တော့ကြာခဲ့သည်။

လမ်းတွေမှာကောင်းလှသည်တော့မဟုတ်။ လက်ဖက်ရည်ဆိုင်နှစ်ဆိုင်နှင့်ရပ်ထားသောယာဉ်နှစ်စီးသုံးစီးရယ်၊လူနေအိမ်တွေကိုဖြတ်လာ၏။

လူနေပါးသောနေရာတွင်ပျဉ်ထောင်အိမ်ကြီးတစ်လုံးကရှိနေ၏။

ဆောက်လုပ်ဆဲပဲ။





သွပ်တောင်မမိုးရသေး။

လူရိပ်လူခြေမတွေ့ပေ။

စိတ်ထဲကသက်ာရန့်မကောင်းဖြစ်သွား၏။

သူ့အားခေါ်တွေ့သူမှာ လူကောင်းသူကောင်းမှ ဟုတ်ပါလေစ။

ဘေးဘီကြည့်တော့လည်းသူရောက်နေရာကားလူနေအိမ်ခြေနှင့်နည်းနည်းကွားနေ၏။

မနက်ကတည်းက ယခုထိမိုးမရွာသေးသဖြင့် နေကခပ်ကျဲကျဲပဲပူနေသည်။

ဘာဘာညာညာမတွေးတော့ပဲ ဖုန်းထဲပြောခဲ့တာဒီအိမ်မို့ခပ်ဖြည်းဖြည်းဝင်လာ၏။

အထဲတွင်သစ်စသစ်နတွေပြန့်ကြဲပြီး လူမတွေ့ပါ။ မနီလာကြိုးကြီးတစ်ချောင်းသည် ထုပ်တန်းတစ်ခုပေါ်မှတွဲလောင်းကျနေသည်။

"ဘယ်သူရှိသလဲ"

စနေကအသံမြှင့်မေးလိုက်သည်။ ပတ်ဝန်းကျင်တွင်သူ့အသံပဲရှိသည်။ ကိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုဖုန်းနဲ့ခေါ်ခဲ့တဲ့လူရှိသလား"

စနေကထပ်မံမေးသည်။

"ကျုပ်ဒီမှာပါ"

အသံတစ်သံက စနေ့နောက်မှပေါ်လာသည်။





## ခတ်လမ်းစဉ် (၉)

ဖျတ်ခနဲစနေနောက်သို့ကိုယ်ကိုလှည့်ကြည့်လိုက်သည်။

လူတစ်ယောက်။

ရိုးရိုးလူတော့မဟုတ်။

သူသည်မိုးကာအင်္ကျီရှည်အနက်ရောင်ကြီးဝတ်ထားသည်။ အနားကျယ်ဦးထုပ်နက်ကြီးတစ်လုံးကိုမျက်နှာတစ်ဝက်ဖုံးမိအောင်ဆောင်းထားသည်။ သူ့အရပ်ကရှည်ရှည်ပိန်ပိန်ဟုထင်ရသော်လည်း ကျစ်လျစ်သောကိုယ်ခန္ဓာပိုင်ရှင်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဘယ်သူလဲ"

"အန္တရာယ်ရှင်"

စနေ၏အမေးကိုအဲဒီလူက အသံလေးလေးကြီးနှင့် ပြန်ဖြေသည်။ ဦးထုပ်ကိုမျက်နှာတစ်ဝက်ဖုံးအောင်ဆောင်းထားတော့ ဘယ်သူမှန်းမသိပါပေ။

"အန္တရာယ်ရှင် ... ခင်ဗျားပြောတော့ကျုပ်မိတ်ဆွေဆို"

"လူတစ်ယောက်ကိုလိမ်ခေါ်ချင်ရင် ဒီလိုပဲပြောကြတာပဲ"

သူကအသံလေးလေးကြီးနှင့်ပြောပြီး လက်ရိပ်ပြလိုက်၏။ ဘယ်ကဘယ်လိုမှန်းမသိ စောစောကလူအစအနတောင် မတွေ့ခဲ့သောနေရာများတွင် ဟိုမှဒီမှလူတွေ ပေါ်လာသည်။

အားလုံးပေါင်းလေးယောက်။

သူတို့မျက်နှာတွင်ဘီလူးရုပ်၊ကြောင်ရုပ်၊ကျားရုပ်စသောအရုပ်မျက်နှာဖုံးတွေ စွပ်ထားသည်။

လက်ထဲတွင်တံတောင်ကျော်ကျော်ရှော်ဘာတုတ်လုံးတွေကိုင်ထားသည်။ ကတ်ဂျယ်(CUDGEL) ခေါ်နိုင်ငံခြားရဲတချို့ကိုင်သောနံပါတ်တွေပင်ဖြစ်၏။

ဒါကိုထောက်လျှင် မိမိအသက်အန္တရာယ်ထက်အနာ





တရဖြစ်စေဖို့ ရည်ရွယ်ခြင်းဖြစ်သည်။

"ဟာ ... မင်းတို့ဘာကောင်တွေလဲ ... မလွန်လွန်းဘူးလား"

"ကိုစနေထွန်း ... ခင်ဗျားအေးအေးသက်သာအညှံခံလိုက်ပါ"

ဦးထုပ်နှင့်လူကဆိုသည်။

"မခံဘူး ... မင်းတို့ငါ့ကိုထိရဲထိစမ်း"

သူကပြန်ဟိန်းဟောက်စဉ် သူ့လိုလေနှင့်မပြောပဲ တုတ်နှင့်ပဲပြောတော့သည်။

တစ်ယောက်ကပါးစပ်မှအော်ပြီးဝင်ပြေးလာ၍တုတ်နှင့်ရိုက်သည်။

စနေကဘယ်ခြေကွက်ရွေ့ ညာခြေကွက်တက်ပြီး ကိုယ်ညွှတ်ရှောင်ပေးသည်။

အဲဒီလူကိုဘာမှမလုပ်နိုင်ခင်နောက်တစ်ဦးကပြေးဝင်ရိုက်သည်။

စနေကအဲဒီလူတုတ်ချက်ကျအလာမှာလက်နှစ်ဘက်နှင့်တုတ်ကိုင်လက်ကို ဖမ်းဆီးဆုပ်ကိုင်သည်။ လေးကွက်တန်းလျှောက်ခုန်၍သူ့ရိုက်အားနှင့်အတူဆွဲပစ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်၏ ဝမ်းဗိုက်ကိုခြေဆန့်၍ဘေး စောင်းကန်ထည့်ပစ်သည်။

အကယ်၍ဘေးကသာကြည့်မည့်သူရှိလျှင် အသည်း တယားယားနှင့်ရှုပ်ယှက်ခတ်သွားလိမ့်မည်။

"ချဟေ့ ... အပိုင်ချ"

ဦးထုပ်နှင့်လူကဆိုပြန်၏။

သူ့အသံကအားတက်သရောရှိသည်။

ကျန်နေသောနောက်တစ်ယောက်က စနေကို တုတ်နှင့်ဝှေ့ယမ်းလိုက်ရိုက်သည်။

စနေကနောက်ဆုတ်၍တစ်ဖုံ၊ ညွတ်၍တစ်မျိုးတိမ်း ၍တစ်သွယ်ရှောင်သည်။

အဲဒီလူကအော်ဟစ်ကြိုးဝါးပြီးတော့စလွယ်ရိုက်အချ မှာ စနေကဘယ်သို့ကိုယ်ကိုတိမ်းညွှတ်ရှောင်သည်။

ရော်ဘာတုတ်ကခေါင်းထက်မှ ဗိုခနဲအဖြတ်စနေက သူ့ခြေထောက်တစ်ဘက်နှင့်တစ်ဘက်ရန်သူ၏ခြေတွေကို ဝှေ့ယမ်း ရိုက်ဝစ်လိုက်သည်။

ခြေကထိထိမိမိကြီးကို ရိုက်မိသည်။





တစ်ဘက်လူဝုန်းခနဲ လဲပြိုသွားသည်။

စနေကထရပ်ပြီး အဲဒီလူမျက်နှာကိုဗွပ်ခနဲနင်းချပစ် လိုက်သည်။

အရုပ်မျက်နှာဖုံးမှာကွဲကြေသွားသည်။

တစ်ဘက်လူ၏နှာကျင်မှုနှင့်အော်သံကဆောက်လုပ် ပျဉ်ထောင်အိမ်ကြီးထဲမှာ လွှမ်းသွားသည်။

စောစောကလူတွေထလာသည်။

စနေကသူတို့နှင့်ဝေးစေရန်တွဲလောင်းကျနေသော ကြိုးကိုလက်နှင့်နိုစီးကိုင်ကာတစ်ဘက်သို့ လွှဲပစ်လိုက်သည်။

ခန္ဓာကိုယ်ကလေထဲအမြောက် ...

ဝုန်း

ကြိုးကောလူပါမြေပေါ်သို့ပြုတ်ကျသွားသည်။ ရန်သူ ကထောင်ချောက်ဆင်ထားခဲ့တာကိုး။

တင်ပါးနာသွားသည်။ ကျောအောင့်သွားသည်။ သူ ထမိုကြိုးစားသည်။သည်အတွင်းသူ့ခေါင်းပေါ်ရော်ဘာတုတ်တစ် ရွက်ကျလာသည်။

ခေါင်းမှာပေါက်ကွဲမတတ်နာကျင်သွားသည်။ မူးဝေ



www.burmeseclassic.com

www.burmeseclassic.com



ပြာမိုက်သွားသည်။ နောက်တစ်ချက်ကသူ့ကိုယ်ပေါ်။

နောက်ထပ်တစ်ချက်ကသူ့ခေါင်းပေါ်။

သည်တစ်ခါတော့ မှုးရုံမက မျက်လုံးထဲမှောင်သွားသည်။ ခေါင်းတစ်ခုလုံးထုံကျင်နာဆင်းသွားသည်။

သွားပြီ။ ဖလက်၊ ဖလက်။

စနေပြန်သတိရတော့ သူ့လက်နှစ်ဖက်ရောကိုယ်တိုပါကြိုးတွေနှင့်တုပ်ထားသည်။

သူသတိမေ့ခဲ့တာခဏလေးပဲ။

"မင်း အတော်စွမ်းတဲ့ကောင်ကွာ ... ချီးကျူးတယ် ..."

ဦးထုပ်နှင့်လူကပြောသည်။ သည်တစ်ချိန်တော့ အပေါ်စားနေကာမျက်မှန်နက်ကြီးတစ်လက်ကိုတပ်ထားသည်။

စနေဒေါသဖြစ်နေသည်။

သူထထိုင်သည်။ တုပ်ထားသောကြိုးတွေကြောင့် ခဲခဲယဉ်းယဉ်း ထထိုင်ရသည်။

"ခင်ဗျားတို့ ကျုပ်ကိုဘာလုပ်တာလဲ၊ ဘာအတွက်လုပ်တာလဲ"

ဒေါသနှင့်မေးလိုက်သည်။





"မင်းကိုတို့ခိုင်းစရာရှိလို့ပေါ့ ... မင်းနဲ့ဆွေးနွေးမယ်ကွာ"

"ဘာမှဆွေးနွေးစရာမလိုဘူး ... ခင်ဗျားတို့ဘယ်သူတွေလဲဆိုတာမေးဖို့မလိုဘူး ... သူခိုးဂျပိုးအဓမ္မသမားတွေနဲ့ကျုပ်ဆွေးနွေးဖို့မရှိဘူး"

သူ့ပခုံးကိုဦးထုပ်နှင့်လူကတစ်ချက်ပုတ်၍

"စနေထွန်း ... လိမ္မာလိုက်စမ်းပါ ... မင်းကပညာတတ်ပြီးငွေမရှိဘူး ... ရုပ်ကလေးရှိတယ်၊ဒီတော့ပညာတတ်ရုပ်ချောဥစ္စာပေါမဖြစ်ချင်ဘူးလား ... တို့ဆွေးနွေးတာလေးကိုနားထောင်လိုက်ပါကွာ ... သဘောတူတယ်ဆိုလည်းတူတယ်ပေါ့ ... မတူဘူးဆိုလည်းမတူဘူးပေါ့ ... "

စနေလတ်သလောဦးနှောက်ကို အလုပ်ပေးလိုက်၏။

အဖေပြောဖူး၏။

လောကတွင်ရောယိမ်းလိုက်၊ဘသားယိမ်းလိုက်သည်စိတ်အချမ်းသာဆုံးဟုဆိုသည်။

ဆန့်ကျင်ဘက်သည်ဘဝ၏အပူဆုံးသောအရာ။

"ကောင်းပြီ ... ဆွေးနွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါ"

ဦးထုပ်နှင့်လူကပြောပြီးမှ

"ဒီလိုကွ ... တို့အလုပ်တစ်ခုလုပ်ထားတယ် ... တို့နောက်ကိုရဲကလိုက်တယ် ... အဲဒီတော့ရဲကိုတို့ကလမ်းလွှဲပေးချင်တယ် ... မျက်စိလွှဲသွားအောင်ပေါ့ကွာ"

"ဘာတွေလဲ"

"တို့လုပ်ငန်းကစိန်နိုးဂိုဏ်းတစ်ခုပဲ ... ခေါင်းဆောင်ကငါပဲ၊ စာချုပ်တစ်ခုပေးမယ်၊ဝန်ခံလက်မှတ်ရေးထိုးတဲ့စာချုပ်ပါ၊ အဲဒီစာချုပ်ထဲမှာမင်းဟာ စိန်နိုးဂိုဏ်းကိုခေါင်းဆောင်အဖြစ်လုပ်ကိုင်ခဲ့ပြီးခုတော့ နောင်တတရားရခဲ့တာမို့ အေးချမ်းစွာနဲ့ဒီတိုင်းပြည်ကထွက်ခွာသွားတဲ့အကြောင်းပေါ့"

"စာချုပ်မှာ ဘာလုပ်ပေးရမလဲ"

"စာချုပ်မှာမင်းဖြောင့်ချက်ဝန်ခံချက်ပေးတဲ့အကြောင်းနဲ့ အဲဒီအောက်မှာမင်းလက်မှတ်၊မင်းနာမည်၊ မင်းမှတ်ပုံတင် မင်းလိပ်စာထည့်ပေးရုံပဲ"

"ကြောက်စရာကြီးပါလား ... ကျုပ်ကိုဘလိုင်းကြီးလွှဲချတဲ့တာပဲ ... ကောင်းပြီ ... အဲဒီမှာကျုပ်ကဘာမဆိုင်ညာမဆိုင်





လက်မှတ်ထိုးပြီးဆိုပါတော့ ... ကျုပ်အတွက်ဘာအကျိုးဘ ရားရှိမလဲ"

"ဒီစာရွက်ကိုရဲလက်ထဲရောက်သွားချိန်မှာ မင်းသိန်းငါးရာနဲ့ညီမျှတဲ့နိုင်ငံခြားငွေရမယ် ... မင်းလည်းဒီကတိမ်းရှောင်ထွက်ပြေးပြီးနိုင်ငံခြားမှာ သွားနေလိုက်ရုံပဲ၊ ပညာတတ်ဖြစ်တဲ့မင်းအတွက် အလုပ်အကိုင်ရမှာပါ"

"ဘယ်ကိုသွားရမှာလဲ"

ပြည်ပနိုင်ငံနှစ်ခုသုံးခုကို ကိုဦးထုပ်ကရွေးတော်ပြသည်။ အမည်မသိတော့ ကိုဦးထုပ်လို့ပဲခေါ်ပါရစေတော့။

"ဆိုးတော့မဆိုးလှဘူး၊ပြည်ပကိုခင်ဗျားတို့ပို့ပေးမလား"

"ပို့ပေးမယ်"

"ပေး စာချုပ်"

"ဟာ ... မင်းအတော်ဦးနှောက်ပြေးတာပဲ၊အဲဒီလိုမှပေါ့၊ တော်တယ်ကွာ ... ပေးစမ်းပေါ့စာချုပ်"

ကိုဦးထုပ်ကဝမ်းသာအားရပြောသည်။ လူတစ်ယောက်ကစာချုပ်ကိုယူလာပေးသည်။ စာချုပ်ထဲတွင် ကွန်ပြူတာစာလုံးများနှင့်ကိုဦးထုပ်ပြောသလိုပင် ဝန်ခံစာလုံးတွေရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

စနေကထိုးပေးသော စာရွက်တစ်ရွက်မှစာတွေကို ဖတ်ကာ

"ခင်ဗျားတို့ သိန်းငါးရာနဲ့ညီတဲ့နိုင်ငံခြားငွေပေးမယ်နော် ... ပြီးတော့ကျုပ်ကိုပြည်ပနိုင်ငံတစ်ခုကိုအန္တရာယ်မရှိအောင်ပို့ပေးမယ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ကွ ... မလိမ်ပါဘူး"

"ကောင်းပြီကျုပ်လက်မှတ်အပြည့်အစုံထိုးပေးမယ် ... ဒါပေမဲ့ ဒီလိုကြိုးတုပ်ခံရတာကြီးကိုကျုပ်ဘယ်လိုလက်မှတ်ထိုးပေးရမှာလဲ"

"ဩော် ... ဩော် ... ဟုတ်ပါရဲ့ ... ဟေ့တစ်ယောက်လာပြီးကြိုးဖြေပေးလိုက်ကွာ"

ကိုဦးထုပ်၏အပြောကြောင့်တစ်ယောက်ကကိုယ်နှင့်လက်ကိုတုပ်ထားသောကြိုးများကိုလာဖြေပေးသည်။

"ကဲ ... ပေး ... ဘော(လ်)ပင် ... ခင်ဗျားတို့ကတိတည်စေနော် ... သိန်းငါးရာနဲ့ညီမျှတဲ့နိုင်ငံခြားငွေဆိုတော့လည်း မနည်းပါဘူး"





အားရကျေနပ်သံနှင့်စနေကဆိုပြီးသော် ကိုဦးထုပ်ပေးလိုက်သော အပေါ်စားဘော(လ်)ပင်ကို လှမ်းယူသည်။

စာကိုသေသေချာချာဖတ်ကြည့်ပြီးနောက်တစ်ချက်အသံထွက်အောင်ရယ်လိုက်သည်။

အဲဒီနောက်တော့လက်တွင်ကိုင်ထားသော ဝန်ခံစာရွက်ကိုဆတ်ခနဲ ဆတ်ခနဲအစိပ်စိပ်အမွှာမွှာဆုတ်ဖြဲပစ်လိုက်၏။

"ဟာ ... မင်းအတော်လူပါးဝပါလား"

"ကျုပ်ကိုအရူးမအောက်မေ့နဲ့ ... ခင်ဗျားတို့ကသာလူပါးဝတာ ... ကျုပ်ကိုဘာမသိညာမသိနဲ့လူရိုးကသူခိုးဖြစ်အောင်လုပ်နိုင်းတဲ့ ... လူတွေ ... ကဲ ... လာကြစမ်း"

ဘော(လ်)ပင်ကိုလက်နက်တစ်ခုလိုပဲ အားကိုးအားထားဆုပ်ကိုင်သည်။ စိန်ခေါ်သည်။

ထိုအခိုက်မှာပင် မထင်မှတ်တာဝင်လာ၏။

ဖျောင်းခနဲဒုတ်ခနဲအသံတွေကြားသည်။

"အား"

"အမလေး"

ညည်းသံအော်သံတွေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

စနေအသံထွက်သွားသည်။ မိန်းကလေးတစ်ဦးသည် ဘော့(စ်)ဘောရိုက်တံကြီးတစ်ခုကို စုံကိုင်ပြီးတွေ့ရာလူကို အားပါးတရရိုက်နှက်နေသောကြောင့်ဖြစ်သည်။

သူမသည်စနေ့တစ်သက်ဘယ်လိုမှ မစဉ်းစားမထင်မှတ်ခဲ့သော ထက်အာကာဇော်ပင်။

ထက်အာကာဇော်သည် ဆံပင်များကိုနောက်တွင်စုစည်းထားသည်။ စပို့ရှပ်နှင့်တက်ထရက်(စ်)အပျော့စားဘောင်းဘီစကတ်ကိုဝတ်ထားသည်။

အဝေးကကြည့်လျှင် စကတ်နှင့်တူပြီး အနီးကပ်ကြည့်မှဘောင်းဘီဖြစ်နေသည့်ဘောင်းဘီစကတ်ပဲ။

လူသုံးယောက်လဲကျသွားသည်။

စနေကစိတ်တိုတိုနှင့်မိုးကာဝတ်ကိုဦးထုပ်ကို လက်တွင်းရှိဘော(လ်)ပင်နှင့် တအားဆောင့်ထိုးလိုက်သည်။

"အမယ်လေး ... အား"

မိုးကာအင်္ကျီကိုဖေါက်ပြီးဘော(လ်)ပင်အသွားကအဲဒီလူ၏လက်မောင်းထဲနစ်ဝင်သွားသည်။ ကိုဦးထုပ်မှာအသံကျန်





အော်လိုက်ပြီးထွက်ပြေးတော့သည်။

သူနောက်သို့ဘယ်သူမှမလိုက်မိပါ။

"အစ်ကို ... အစ်ကိုဘာဖြစ်သွားသေးလဲ"

စိုးရိမ်မကင်းလေသံလေးနှင့် ထက်အာကာဇော်ကမေးသည်။

စနေကသူ့ခေါင်းကိုစမ်းသည်။

ငုံးဥသာသာလောက်ရှိသော အဖုနှစ်ခုကိုခေါင်းတွင်စမ်းမိ၏။

"ဒီကောင်တွေတီးထည့်ခဲ့တာလေ ... ဒါထက်ညီမအာကာကဘယ်လိုရောက်လာတာလဲ"

"အာကာလည်း စုံထောက်တစ်ပိုင်းဖြစ်နေပြီ အစ်ကို့ကိုလုပ်ကြံမယ်ဆိုတာသိလို့လိုက်လာတာ ..."

ပြောပြီးလဲနေသူတွေကိုကြည့်၍

"ဒီကောင်တွေဘယ်သူတွေလဲ မသိဘူး ... ကဲ အစ်ကိုရေပြေးကြစို့ ... ဟိုပြေးသွားတဲ့ကောင်ကသူ့လူတွေခေါ်ပြီးလာရင်"

စနေကအာကာလက်ကလေးကို ဆွဲကာအပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။အာကာကိုကျေးရူးတင်မဆုံးပါ။

အပြင်တွင်သူတို့နှစ်ယောက်သည် ရပ်ကွက်ဦးစီးလူကြီးများနှင့်တုတ်ခါးကိုင်ထားသောရပ်ကွက်သားတွေကို ရင်ဆိုင်လိုက်ရသည်။

သူတို့ကမေးမြန်းသည်။

သူတို့အထဲတွင် ကိုကျော်အောင်ကိုလည်းပါရှိ၏။

"ကိုကျော်အောင်က ကျွန်မနဲ့လမ်းမှာတွေ့လို့ သူ့ကိုအကျိုးအကြောင်းပြခေါ်လာတာ"

ထက်အာကာဇော်က စနေကိုပြောပြ၏။

ရပ်ကွက်လူတွေမေးတာကို စနေရောထက်အာကာဇော်ကပါ တိုကိုတုတ်တုတ်ဖြေကြသည်။

စနေကို ရန်ပြုသူများအား ရပ်ကွက်ကဖမ်းဆီးစဉ် ထက်အာကာဇော်တို့က ကိုကျော်အောင်ကိုလက်ရိပ်ပြသည်။

သူတို့ကတက္ကစီကားနှင့်ပင်ပြန်သည်။

ရန်ကုန်ထဲရောက်သော်ညနေသုံးနာရီထိုးနေပြီ လမ်းတွင်စကားမပြောကြ။

မြောက်ဥက္ကလာရှိထက်အာကာနေသောအိမ်သို့ ဦး





စွာပို့သည်။ ထက်အာကာကတက္ကစီခပေါင်းကိုပေးတော့ ကိုကျော်အောင်က ငြင်းပယ်သည်။

ကူညီတာပါပဲဟုဆို၏။

စနေက ထက်အာကာဇော်နှင့်အတူသူမ၏အိမ်ရှေ့မှာပဲဆင်းသည်။

သူ့အားဝင်ရောက်ကယ်ဆယ်သောထက်အာကာဇော်ကိုကျေးရူးစကားတွေထပ်မံပြောပြီး

"တို့တော့ညီမကိုဘယ်လိုကျေးရူးဆပ်ရမှန်းတောင်မသိတော့ဘူးကွာ"

"သူတို့ကိုအစ်ကိုမှတ်မိလား"

"သုံးယောက်ကမျက်နှာဖုံးရပ်တွေစွပ်ထားတယ် သူတို့ကိုခေါင်းဆောင်တဲ့လူကမိုးကာကြီးချုံခြုံပြီးမျက်နှာတစ်ဝက်ကိုဦးထုပ်ဆောင်းထားတဲ့ပြင်မျက်မှန်နက်ကြီးတပ်ထားလိုက်သေးတယ် ... တို့ကဘယ်လိုလုပ်မှတ်မိမှာလဲ"

"အစ်ကိုမမှတ်မိပေမယ့် အဲဒီမိုးကာနဲ့ဦးထုပ်နဲ့လူကိုထက်အာကာဇော်ကသိတယ်"

"သိတယ် ... ဟုတ်လား ... ဘယ်လိုသိတာလဲ"



www.burmeseclassic.com

"သူကအာကာရဲ့ကျွာရှင်းထားတဲ့လင်ယောက်ျားဟောင်း
ကိုပါချစ်လေ"





## ဘတ်လမ်းစဉ် (၁၀)

စနေသည်သူမကိုအံ့သြသောမျက်နှာနှင့်ကြည့်သည်။ မချောလေးကအိမ်ဘက်သို့လျှောက်သွားသည်။ အိမ်တံခါးကိုသော့ဖွင့်နေစဉ် စနေကသူမကိုအမီလိုက်သွား၍

"တစ်ပိုင်းတစနဲ့စကားမဖြတ်နဲ့လေ ... သိချင်တာလေးတွေ ပြောဦးမှပေါ့"

"ဘာသိချင်သလဲ"

သော့ကိုဖွင့်ရာမှရပ်တန့်၍ လှည့်ပြီးမျက်ခုံးနက်နက်ကလေးကိုချီကာမေးသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဒီပါချစ်ဆိုတဲ့ကောင်ကို ဘယ်လိုသိတာလဲ"

"ဒီမနက်ပိုင်းမှာအရက်တွေမူးပြီးရောက်လာ အဟဲ ... သူ အလုပ်ရပြီတဲ့ ...

သူ့ကိုပြန်ပေါင်းပါဆိုပြီးငွေတွေထုတ်ပြတယ်၊ အာကာက သူ့ကိုယုံတာမဟုတ်ဘူး ... သူ့ကိုအစ်အောက်မေးတော့ လူတစ်ယောက်ကသူ့ကို ကြိုတင်ငွေတွေပေးပြီး စနေထွန်းဆိုတဲ့ လူကိုဖမ်းပါ၊စာချုပ်တစ်ခုဒါမှမဟုတ် စာရွက်တစ်ခုမှာ သူတို့လိုချင်တဲ့လက်မှတ်ထိုးခိုင်းပါ၊ မရရင်ရတဲ့နည်းနဲ့လုပ်ပေးပါပြောလို့ သူ လက်ခံလိုက်ရတာတဲ့"

"ဒါနဲ့အာကာကသူ့နောက်နောက်ယောင်ခံလိုက်တယ်ဆိုပါတော့"

"ဟုတ်တယ်"

"ရှင်းပါတယ်"

ပြောပြီးသူ့အားပါချစ်က အခမ္ဘလက်မှတ်ထိုးခိုင်းပုံတွေပြောပြသည်။ ထက်အာကာဇော်ကနားထောင်၍

"ဒါဟာ ရဲပိုင်တဲ့မှုခင်းပဲ၊ရဲကိုတိုင်ရမယ်"

"ဒါဆို အာကာ့ယောက်ျားပါချစ်ကိုဖမ်းတော့မှာပေါ့"





အာကာ၏အမည်ကိုပဲသုံးသည်။ ညီမဆိုသောနာမ်စားကိုမသုံးပါတော့။

"အာကာကသူ့ကိုမှ သံယောဇဉ်မရှိပဲ"

"သံယောဇဉ်မရှိပေမယ့် ချစ်တော့ချစ်တယ်မဟုတ်လား အာကာ"

"ဩော် အစ်ကိုရယ် ... သံယောဇဉ်မရှိပါဘူးဆိုမှဘယ်လိုလုပ်ချစ်တော့မှာလဲ ... မကြားချင်ဘူးအစ်ကိုရာ"

ပြောပြီးသော့ခလောက်ကိုဖြုတ်၊မျောက်လက်ကိုဆွဲဖယ်ကာ အိမ်ထဲဝင်သွားသည်။ နှုတ်မှလည်းလှည့်မကြည့်ပဲ

"အစ်ကို ... အိမ်ထဲဝင် ... တစ်ခုခုတိုက်မယ်"

"မဝင်တော့ဘူး ... မေမေတို့ဆီသွားမယ် ... စပါးကြီးသည်းခြေမရတော့တဲ့အကြောင်းသွားပြောမယ်"

ဘတ်(စ်)ကားပဲစီးရသည်။

မေမေတို့အိမ်ရောက်တော့ ရင်ထဲထိတ်သွားသည်။ ဖေဖေနှင့်ဦးမင်းနွယ်စကားများနေသည်။

"အခြေအမြစ်မရှိတဲ့အလုပ်တစ်ခုကိုကလိန်လို့စွပ်စွဲတာတော့သိပ်မကောင်းဘူးဦးမင်းနွယ် ... မဟုတ်ရင်စနေက



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကိုဂုဏ်သရေထိခိုက်မှုနဲ့ ပြန်တရားစွဲမှာဗျ ... နော်"

"စွဲလည်းကျုပ်ဂရုမစိုက်ဘူး ... ခင်ဗျားကိုလည်း အလုပ်ဖြုတ်လိုက်ပြီ"

"ဖြုတ်ချင်လည်းဖြုတ်ဗျာ ... ကျုပ်အဖေအလုပ်ပြုတ်လည်း ကျုပ်ရှာကျွေးနိုင်ပါတယ်"

စနေကဦးမင်းနွယ်နှင့်မျက်နှာချင်းဆိုင်ရပ်ပြီးသော်

"ကျုပ်ခင်ဗျားစိန်တွေကိုပြန်မလျှော်နိုင်ဘူး၊ကလိန်ကျတာက ခင်ဗျားသမီးကိုစိန်အတုတွေအစကတည်းကဆင်ပေးထားခဲ့ပြီးကျုပ်ကပြန်ပေးမှအတုကြွေလို့ပြောတဲ့ကလိန်ခြိုကြီး ... ခင်ဗျားစိန်တွေကိုပြန်မပေးလို့အမှုဖွင့်ချင်ဖွင့် ... ကျုပ်ရဲ့ရင်ဆိုင်ဖို့အဆင်သင့်ပဲ ဦးမင်းနွယ်"

"ဒါဆိုရင်မင်းရဲလက်ထဲအပ်မယ်"

"ခင်ဗျားအပ်ဖို့တောင်မလိုဘူး ... ကျုပ်ကိုကျုပ်အပ်မယ် ခင်ဗျားနဲ့အတူရဲစခန်းသွားမယ်"

သည်လိုနှင့်နီးရာရဲစခန်းသို့ သူတို့ရောက်သွား၏။ ဖေဖေပါပါသည်။ မေမေကတော့ငိုကျန်ရစ်ခဲ့သည်။

စနေကိုစိန်အတုလုပ်မှုနှင့်ဦးမင်းနွယ်ကတိုင်ချက်ဖွင့်





သည်။ သူနှင့်သင်းပွဲ့မင်္ဂလာဆောင်ပုံ၊ မင်္ဂလာဆောင်တွင် ဦးမင်းနွယ်တို့လင်မယားကစိန်ထည်များကို သူတို့သမီးအားဆင်မြန်းပေးပုံ၊ သုံးပါတ်လောက်ကြာပြီးမှ ထိုစိန်ထည်များကို သင်းပွဲ့ကအပ်နိုင်း၍ မိမိကသွားအပ်ရာ မနက်အပ်ပြီးညနေကျမှစိန်အတုတွေပါဟု ဦးမင်းနွယ်တို့က ပြောပုံများကိုပြန်ပြောအစစ်ခံသည်။

စခန်းမှူးကစနေပြောတာတွေကိုလိုက်ရေးသည်။

ဦးမင်းနွယ်ကိုမေးစရာရှိဆက်မေးသည်။ ပုဒ်မတပ်သည်။ ပစ္စည်းအလွဲသုံးစားလုပ်မှုပုဒ်မ။

ထိုသည်နောက်စနေကို အချုပ်ခန်းထဲသွင်းလိုက်ကြ၏။ အချုပ်ခန်းထဲတွင်စနေတစ်ယောက်ပဲရှိနေသည်။

စနေကဦးမင်းနွယ်ကိုပဲကျိန်ဆဲနေသည်။

ဖေဖေကစနေအားအားမငယ်ဖို့နှင့်သူရှေ့နေသို့သွားမည်။ အာမခံနှင့်ရအောင်ထုတ်မည်ဟု အားပေးစကားပြောကြားသည်။

စနေစိတ်အားငယ်ခြင်းနတ္ထိ။

အသွားရှိလျှင်အပြန်ရှိသည်။ အရှုပ်ရှိလျှင်အရှင်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုကိစ္စသည် ဥပဒေအတိုင်းရှင်းလျှင်အမှန်ကိုသိရချိမ့်မည်။ မိမိဘက်မှရှင်းရှင်းကလေးနှင့်မှန်နေတာပဲ။

စနေကဥပဒေကိုပဲအားကိုးသည်။

သင်းပျံ့ကလာရောက်တွေ့ဆုံခြင်းမရှိပါ။ သူလာတာကိုလည်းစနေကအလိုမရှိပါ။

အားလုံးကိစ္စတွေပြီးလျှင်တော့ အပြီးအပိုင်ကွာရှင်းပေတော့မည်ဟု စနေကဆုံးဖြတ်ထားသည်။

အပြင်တွင်မိုးရွာသည်။ မိုးရွာသံတို့ကိုစခန်းထဲရှိအချုပ်ခန်းထဲမှ စနေကြားနေရသည်။

မိုးတိတ်သွားသည်။

ညို့မှိုင်းသောမိုးတိမ်သံတို့ကြောင့် စနေတို့ရဲစခန်းတွင်းသို့ အလင်းအားကညို့ညို့မှိုင်းမှိုင်းပဲ ရှိနေ၏။

အချုပ်ခန်းထဲတွင် ဒူးထောင်ပြီးနံရံကိုမှီကာစဉ်းစားချင်ရာစဉ်းစားနေသော စနေသည် သူ့အမည်ကိုခေါ်သံကြားမှစဉ်းစားခြင်းကိုရပ်တန့်လိုက်၏။

မော်ကြည့်လိုက်သည်။

အံ့အားသင့်သွားသည်။





အံ့သြတွေဝေစွာသူ့မျက်လုံးတွေကို မယုံနိုင်သကဲ့သို့တစ်နေရာတွင်စိုက်ကြည့်နေသည်။

သူကြည့်ရာက အချုပ်ခန်းရှေ့တွင်ပင်ဖြစ်ပြီး လူနှစ်ယောက်ရပ်နေသည်။ တစ်ယောက်ကကိုကျော်အောင်။ နောက်တစ်ယောက်ကထဂ်အာကာဇော်။

ကိုကျော်အောင်သည်ရဲအုပ်အဆင့်ရာထူးနှင့် ယူနီဖောင်းအပြည့်ဝတ်ထားသည်။ မျက်နှာကစနေထွန်းကိုပြုံးကြည့်နေသည်။

အိပ်မက်မက်နေသူပမာ စနေကကိုကျော်အောင်ကိုမျက်လုံးတွေပြံရဲ့ကြည့်ရင်းက

"ဟာ ... အစ်ကို"

"ပျော်နေသလား ကိုစနေထွန်း"

"ဟာ ... အစ်ကိုကလည်းဗျာ ... ကြံ့ကြံ့ဖန်ဖန်"

"ခင်ဗျားစိတ်ညစ်သွားလိမ့်မယ် ... ဆောရီးပဲ၊ ကျွန်တော်နည်းနည်းနောက်ကျသွားတယ်ဗျ ... ဒီထက်အာကာဇော်ကိုဝင်ခေါ်နေလို့"

"ကျွန်တော်အဖြစ်ကတော့ အစ်ကိုမြင်တဲ့အတိုင်းပဲ၊ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကကျွန်တော်ဒီမှာရှိမှန်းဘယ်လိုလုပ်သိတာလဲ ... ပြီးတော့ အစ်ကို ခုလို"

"ကျွန်တော့်ဗျာနဆီ ဒီရဲစခန်းကစခန်းမှူးကဖုန်းဆက်တယ်ဗျ ... ခင်ဗျားတစ်နေ့ဒီစခန်းကိုရောက်လာမယ်ဆိုတာကို တွေးထားမိလို့ ဒီကစခန်းမှူးကိုကြိုတင်ပြောထားနှင့်တယ်"

"ဘာတွေလဲအစ်ကိုရာ ... အစ်ကိုကရဲအရာရှိကိုး"

"ကျွန်တော်ကမှုခင်းရဲတပ်ဖွဲ့က ရဲအုပ်ကျော်အောင်ပါဗျ ... ကဲ ... ခင်ဗျားအပြင်ထွက်လာအုံး"

ရဲတစ်ဦးကအချုပ်ခန်းတံခါးကိုဖွင့်ပေးသည်။

"အစ်ကို"

"ညီမ ... အာကာ"

ထွက်လာသောစနေကို ထက်အာကာဇော်ကကြင်နာမှုလေသံ၊ကရုဏာမျက်နှာလေးနှင့်ကြည့်ပြီး လက်မောင်းတွေကို ပြေးကိုင်သည်။

စနေကထက်အာကာဇော်၏လက်မောင်းပြည့်ပြည့်ကလေးတွေကိုစုံကိုင်ကာ

"အာကာလိုက်လာတယ် ... ဝမ်းသာလိုက်တာညီမရယ် ...





တို့အဖြစ်တော့ညီမမြင်တဲ့အတိုင်းပဲ"

"စိတ်မကောင်းပါဘူးအစ်ကိုရယ် ... ဒီကကိုအောင်ကျော်အစ်ကိုက အာကာ့ဆီလိုက်လာတယ်၊အစ်ကိုဒီအချိန်ဘယ်မှာရှိမလဲပေါ့၊ အာကာလည်းပါချစ်ပြောစကားတွေကြောင့် ကြံရာမရဖြစ်နေတုန်းအစ်ကို အဲ ... ဆရာကျော်အောင်ရောက်လာတော့အကျိုးအကြောင်းပြောပြပြီး ဟိုအိမ်ပျက်ကြီးမှာလာကယ်တာအစ်ကိုရဲ့"

သူတို့စခန်းထဲက အမှုလက်ခံစားပွဲတွင်ထိုင်မိကြ၏။ စီးကရက်သောက်နေသော စခန်းမှူးကိုကျော်အောင်က အလေးပြု၏။

စခန်းမှူးကပြန်ပြုပြီး ...

"ကဲ ... ဆရာကျော်အောင်အမှုကို လိပ်ပတ်လည်အောင်ပြောပေတော့"

ဆရာကျော်အောင်က စနေတို့နားလည်အောင်ရှင်းပြသည်။

"ဒီအမှုမှာ တရားခံကကိုစနေထွန်းမဟုတ်ပါဘူး၊တကယ့်တရားခံအစစ်ဖြစ်မယ့်လူတွေက ဦးမင်းနွယ်နဲ့ကိုထက်မိုးဦး၊ပါ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကကမ္ဘာ့စိန်တုဂိုဏ်းတစ်ခုနဲ့ ပေါင်းပြီးနိုင်ငံခြားကစိန်တုတွေကိုတစ်ဘက်နိုင်ငံတစ်ခုကနေပြီး ကျွန်တော်ကို့နိုင်ငံထဲခိုးသွင်းတယ်၊ အဲဒါကိုခံရတဲ့ကျွန်တော်တို့ဆီက ကျောက်မျက်ရတနာကုန်သည်တစ်ဦးက ကျွန်တော်တို့ကိုတိုင်တယ် ကိုစနေထွန်း”

“ဒီအမှုကိုကျွန်တော်တို့ကလျှို့ဝှက်ကိုင်ရတယ်။ အမှုတွဲကိုကိုင်ရတာ ကျွန်တော်ပဲ၊ ဒါကြောင့်ကျွန်တော်ကဦးမင်းနွယ်ရဲ့လှုပ်ရှားမှုတွေကိုစောင့်ကြည့်နေဆဲမှာ သူ့သမီးကထက်မိုးဦးနဲ့ငြိတွယ်ပြီး လူမှုရေးကိစ္စတစ်ခုဖြစ်တယ်၊ ထက်မိုးဦးကတစ်ဘက်နိုင်ငံမှာသူ့မိန်းမရှိနေတော့ သင်းပျံ့ကိုမယူရဲဘူး၊ စိန်တုတွေကိုဒီနိုင်ငံထဲအဆက် အသွယ်လုပ်ကိုင်ပေးနေတဲ့ ထက်မိုးဦးကိုလည်း ဦးမင်းနွယ်ကကလန်ကဆန်မလုပ်ရဲဘူး၊ သူ့မှာကောသူ့မိသားစုတွေထက်မိုးဦးကြောင့် ချမ်းသာနေကြတာကိုး၊ ဒီအတွင်းသူတို့ကိုကျွန်တော်တို့ရဲအဖွဲ့က ခြေရာခံမိပြီဆိုတာ ရိပ်မိတယ်ထက်မိုးဦးကအကြံဉာဏ်ပေးပုံရတယ်၊ ကြားခါးစာခံတရားခံရှာဖို့ဒီတော့ရိုးသားတဲ့မိသားစုကို ဦးမင်းနွယ်ကသူ့သမီး





ရဲ့လူမှုရေးကောစိန်တုဂိုဏ်းခေါင်းဆောင်လုပ်ဖို့အတွက်ပါ သွေးဆောင်ဖြားယောင်းပြီး နားလှဲ့ပါးလှဲ့လုပ်ခဲ့တယ်လေ”

သူကခဏလောက်နားသည်။

တအံ့တသြမျက်နှာနှင့်နားထောင်နေသောစနေက

“ကျွန်တော်အဲဒီလို ဖြစ်မယ်လို့တောင်မထင်မိဘူးဗျာ၊ဆက်ပြောပါအုံး ...”

“စဉ်းစားရင်တော့ခင်ဗျားက သူ့လက်အောက်ကလူဆိုတော့အသုံးချခံပေါ့ဗျာ ... မအာကာဇော်၊ခင်ဗျားအစ်ကိုအကြောင်းခင်ဗျားရှေ့မှာ ပြောရတာတော့မျက်နှာပူတယ်၊ တကယ်တော့ခင်ဗျားအစ်ကိုကော ဦးမင်းနွယ်ပါ မကောင်းဘူးဗျ”

“ကျွန်မလည်းမျက်နှာပူပါတယ်ဆရာရယ် ... ဒီအကြောင်းတွေကျွန်မမသိခဲ့ရိုးအမှန်ပါ ... ကျွန်မကမူကြိုကျောင်းလေးဖွင့်ပြီးကလေးတွေကိုပဲ အာရုံစိုက်ခဲ့တာပါ”

“ကျွန်တော်သိပါတယ် ... ဦးမင်းနွယ်နဲ့ကိုထက်မိုးဦးကလုလည်လုပ်ပြီးသင်းပျံ့နွယ်ကို ပြောင်ပြောင်ပြောပြီး စနေထွန်းနဲ့ပေးစားခဲ့တယ်၊ မိဘတွေကကိုစနေထွန်းနဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



တူခဲ့တော့လည်း ကိုစနေထွန်းကသားလိမ္မာအဖြစ် သင်းပုံ့ ကိုလက်ထပ်ခဲ့တယ်၊ အဲဒီမှာ အဘိုးကြီးနဲ့ထက်မိုးဦးအတွက် ပိုအကွက်ဝင်သွားခဲ့တယ်၊ဒါကြောင့်နဂိုရ်ကတည်းက အတု ဖြစ်နေတဲ့စိန်တွေကို သူကအတုပါဆိုပြီး ကိုစနေထွန်းကို ရိုက်စားလုပ်ခဲ့တာပဲ၊ ကျွန်တော်ကလည်းခင်ဗျားနဲ့ဆုံခဲ့ တယ်၊ နောက်ခင်ဗျားရှင်းပြတာတွေနားထောင်ပြီး ခင်ဗျား တော့မလွယ်တော့ဘူးဆိုတာသိလို့ ခင်ဗျားကိုရဲ အဖမ်းခံ နိုင်းခဲ့ဟာ၊ ဒီအတွင်းခင်ဗျားကို သူတို့ကစိန်အတု ဂိုဏ်းခေါင်း ဆောင်အဖြစ်နားလည်ပါးလည်နဲ့စာရွက်မှာ လက်မှတ် ထိုးနိုင်းတယ်၊ ခင်ဗျားကိုသတ်ပဲသတ်မလား၊ တကယ်ဝဲ နိုင်ငံခြားပို့မလားဆိုတာတော့ သူတို့ဘာသာသူတို့ သိမယ်"

"ဒါဆိုဘာလို့မဖမ်းသေးလဲ"

"ဖမ်းတယ်ဆိုတာလွယ်တယ်၊ကျွန်တော်တို့ရဲ့မှာမသက်သေ နဲ့ဖမ်းနိုင်တယ်၊အဲဒီမသက်သေတာထက်တကယ်ပြစ်မှုကျူးလွန် သူကို လက်ဆုပ်လက်ကိုင်သက်သေသက္ကာယနဲ့ဖမ်းတာက ပိုပိုင်တယ်"

"သူတို့ကို ဖမ်းဖို့သက်သေသက်ကာယက ကျွန်တော်ရှိလေ





ဆရာကျော်အောင်ရဲ့"

လေးစားမှုဖြင့် စနေကဆရာလို့ထည့်သုံးသည်။



www.burmeseclassic.com

www.burmeseclassic.com









## ဇာတ်လမ်းစဉ် (၁၁)

"ခင်ဗျားကစိန်အတုကိုဏ်းခေါင်းဆောင်ဟာ ဦးမင်းနွယ်နဲ့ ကိုထက်မိုးဦးပါလို့ ဘယ်လိုသက်သေပြမလဲ"

သည်စကားကြောင့်စနေငိုင်သွားသည်။ ဘေးမှနားထောင်နေသူ စခန်းမှူးကလည်းခေါင်းညိတ်၏။ ထိုစဉ် စနေ့ခေါင်းထဲအဲအတွေးဝင်လာ၏။

"တစ်ခုတော့ပြောချင်တယ်"

"ဘာလဲ ကိုစနေထွန်း"

"ဒီလိုပါ ... ဆရာကျော်အောင် ... ကျွန်တော့်ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဒဂုံဘက်မှာဖမ်းပြီးတွေ့တဲ့လူတွေထဲမှာ သုံးယောက်ကိုဖမ်းမိတယ်မဟုတ်လား ... အဲဒီလူဆိုးသုံးကောင်ကိုစစ်လိုက်ရင် သူတို့ကိုခိုင်းတဲ့လူဟာ ဘယ်သူဆိုတာသိလာမှာပဲ၊ဒီတော့ ဒီလူကိုဖမ်းလိုက်ရင်ပွဲပြီးပြီပေါ့ဗျာ"

"ကျွန်တော်စဉ်းစားမိခဲ့ပါတယ်ကိုစနေထွန်း ... အဲဒီသုံးဦးလုံးကိုသူတို့ကိုဖမ်းထားတဲ့စခန်းမှာ ကျွန်တော်ကိုယ်တိုင်သွားတွေ့ပြီးစစ်ဆေးချက်ယူခဲ့တယ် ... သူတို့ကလည်းပြောပါတယ်"

"ဘယ်လိုပြောသလဲ"

"သူတို့ကိုခိုင်းတဲ့လူဟာ ဘယ်သူဆိုတာအတိအကျမပြောနိုင်ဘူးတဲ့ ... ခင်ဗျားတွေ့ခဲ့သလိုပဲ အဲဒီလူကဦးထုပ်ကိုမျက်နှာတစ်ဝက်မမြင်အောင်ခပ်စိုက်စိုက်ဆောင်းထားတယ်၊ နေကာမျက်မှန်နက်ကြီးလည်းတပ်ထားတယ်တဲ့၊ သူတို့ကိုတွေ့ဆုံခိုင်းတာတောင် မီးရထားခုံးကြီးတစ်ခုရဲ့အောက်မှာတွေ့ဆုံခိုင်းတာတဲ့ ... ဘယ်သူဆိုတာသူတို့မသိကြဘူး ... ဒီလိုခိုင်းတဲ့အတွက်တစ်ယောက်ကိုငါးထောင်စီရတယ်တဲ့၊ လက်ငင်းတော့စရံတဝက်ဆီပဲရသေးတယ်တဲ့ဗျာ"





"အင်း ... စိတ်ပျက်စရာကြီး ... ဟာ ဟုတ်ပြီ ... ကြည့်စမ်း၊အဓိကအချက်ကိုမေ့နေပြီ ... ယောက်မခါးကိုထိုးရှာသလိုဖြစ်နေပြီ ... "

"ဆိုပါဦး"

ပြောသည့်သူ့ကို ကိုကျော်အောင်က အကဲခတ်သည်။

စနေကဘေးတွင်တစ်လုံးမှဝင်မပြောပဲနားထောင်နေသူထက်အာကာဇော်ကို အားနာသောအကြည့်နှင့်ကြည့်သည်။

ထက်အာကာဇော်က ထိုအကြည့်ကိုနားလည်သည်။ သူမကသက်ပြင်းချ၍

"ဆရာ ... ကိုစနေထွန်းပြောတာ ကျွန်မရိပ်မိပါတယ်၊ ကျွန်မလည်းပြောမလို့ပါပဲ ... တကယ်တော့ကိုစနေထွန်းကိုဖမ်းတဲ့လူ ... အဲ ... ခေါင်းဆောင်တဲ့လူဟာ ကိုပါချစ်ပဲ"

ထိုစကားသည် ကိုကျော်အောင်ကိုအံ့အားသင့်သွားစေသောစကားဖြစ်သည်။

"ဘယ်လိုဗျ ... ခင်ဗျားယောကျ်ား ... ဟုတ်လား"

"ဆရာနဲ့ကိုစနေထွန်းကို ကယ်ဖို့ပြောစဉ်က ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုထည့်မပြောခဲ့ဘူး ... ကျွန်မကလည်းသူ့ကိုဒုက္ခမရောက်စေချင်လို့လူတစ်ဦးဆိုတာပဲပြောခဲ့တယ် ... တကယ်တော့ ကိုပါချစ်က ကျွန်မကိုပြောခဲ့လို့ ကျွန်မကဆရာ့ကိုပြောပြီးကိုစနေထွန်းကိုကယ်နိုင်ခဲ့တာပါ၊အဲဒီကယ်တင်ရာမှာ ကျွန်မကိုသူတွေ့တော့ခုခံတိုက်ခိုက်ခြင်းမရှိပဲတစ်ခါတည်းထွက်ပြေးသွားတယ်၊ တခြားလူဆိုရင်ကျွန်မကိုတိုက်ခိုက်မှာပေါ့"

"သေချာရဲ့လား မအာကာ"

"သေချာပါတယ်ရှင်"

"ဘာကြောင့်ခင်ဗျားထုတ်ပြောတာလဲ"

"ဆရာတို့ပြောထားတယ်မဟုတ်လား ... ရာဇဝတ်မှုခင်းမှာလျှို့ဝှက်မထားကောင်းဘူး ... လျှို့ဝှက်ရင်ရာဇဝတ်မှုအားပေးရာရောက်ပြီး ရဲကအဲဒီလူကိုတရားစွဲဆိုနိုင်တယ်လို့ဆရာတို့ပြောထားတာတွေရှိတယ် ... မှုခင်းဝတ္ထုတွေစုံထောက်ဝတ္ထုတွေ၊လျှို့ဝှက်ရင်ခုန်ဝတ္ထုတွေမှာလည်း ဖတ်သူကိုပညာပေးအဖြစ်ရေးထားတာ ကျွန်မဖတ်ဖူးသိဖူးလို့ပဲ၊ ပြီးတော့ ကျွန်မကမဟာဝိဇ္ဇာတန်းသူဆိုတော့ ရဲကိုဘယ်လိုကူညီရမလဲဆိုတာသိတယ်"





"အားပါး ... ကိုယ့်ညီမလေးကတယ်အပြောပါတာပါပဲလား ကောင်းတယ် ... ကောင်းတယ် ... အခုလိုသိရတော့သဲလွန်စရသွားပြီ"

"ကြိုက်တယ်ဗျာ"

ကိုကျော်အောင်စကားအဆုံးစနေကပါဝင်ထောက်တော့ သူ့စကားကိုထက်အာကာကတစ်မျိုးတွေးမိဟန်နှင့် မျက်နှာကလေးမထားတတ်အောင်ဖြစ်သွားသည်။

"ဒါဆိုဒီကောင်ကို ဖမ်းပေါ့"

စခန်းမှူးကစိတ်အားထက်သန်စွာ ပြောပြီးတဆက်တည်းပင်

"နယ်မြေမှူးကိုကျွန်တော်အစီရင်ခံလိုက်မယ် ... ကျွန်တော့်ဆီကရဲဝန်ထမ်းတွေကို လိုသလောက်ခေါ်သွား ... နယ်မြေမှူးကလည်းခွင့်ပြုမှာပါပဲ"

"ဒီလိုဆိုပါချစ်ကို ဖမ်းရလိမ့်မယ်"

ကိုကျော်အောင်က အာကာဘက်ခေါင်းလှည့်၍

"မအာကာကျွန်တော်တို့ကိုကူညီပါ ... ပါချစ်ဘယ်မှာနေတယ်ဆိုတာ ခင်ဗျားသိမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထက်အာကာဇော်သက်ပြင်းချသည်။

"ခင်ဗျားပြောသလို ပါချစ်ကခေါင်းဆောင်ဆိုတော့ သူ့ကို ဖမ်းမိရင်စိန်တုဂိုဏ်းခေါင်းဆောင်တွေကိုလည်း ဖမ်းမိမှာပဲ"

"ဟုတ်တယ်အာကာ ... ဒါလေးတစ်ချက်ကတော့ ကိုယ်တို့ကိုကူညီလိုက်ပါကွာ"

စနေကပါဝင်ပြော၏။

သူမ၏ပယောဂပါမလားဟု ချိန်ဆနေသော ထက်အာကာဇော်သည်ကွဲကွာပြီးသော သူမ၏လင်နေထိုင်ရာကိုပြောပြသည်။

စနေကထရပ်သည်။

"ကိုစနေထွန်း ဘယ်လဲ"

"ကျွန်တော့်ကိစ္စလေးရှိလို့ဗျာ ... ပြီးရင်ကျွန်တော်ပြန်လာမှာပါ"

"ခင်ဗျားကိုဘယ်သူကလွှတ်လို့လဲ"

စခန်းမှူးကခပ်တည်တည်ဆိုတော့ စနေထွန်းရှက်သွား၏။

"ကျွန်တော်သွားခွင့်မရှိဘူးလား"





"ဟာ ... ခင်ဗျားကိုလွှတ်မယ်လို့ ဘယ်သူကပြောလို့လဲ"

"ကျွန်တော်အခုရာဇဝတ်ကောင်မဟုတ်တော့ဘူးလေ ... ဆရာကျေဉ်အောင်ကြည့်လုပ်ပါအုံးဗျာ"

"ဟုတ်ပါတယ်ဆရာတို့ရယ် ... ဆရာတို့ဘယ်သူဘယ်ဝါဆိုတာတပ်အပ်သိနေမှတော့ ကိုစနေထွန်းကိုလွှတ်သင့်ပါပြီ"

"ကျွန်တော်တို့ကတရားလိုရဲ့ တိုင်ချက်နဲ့ ဥပဒေအရချုပ်ထားရတာပါမအာကာ၊တရားလိုကတရားခံဖြစ်လာရင်တော့ ကိုစနေထွန်းကိုမှားယွင်းချုပ်နှောင်မှုတရားခံအဖြစ်ပြန်လွှတ်မှာပါ မအာကာ"

စခန်းမှူးကပြန်ရှင်းသည်။

"ဆရာထွန်း ... ဆရာအက်(ဖ်)အိုင်အာ(ရ်)မှာအမှုဖွင့်ထားသလား"

"အက်(ဖ်)အိုင်အာ(ရ်)မှာမရေးရသေးဘူး ... ဒီလူကြီးဦးမင်းနွယ်ကိုလည်း မသင်္ကာလို့အကြမ်းပဲအမှုကိုရေးထားတာ"

"အမှုမှန်မဟုတ်သေးတော့ အမှုတွဲမှာအမှုဖွင့်မရေးရသေးရင်လွှတ်လိုက်ပေါ့ဗျာ"

"အာမခံတော့စောင့်လိုက်ပါအုံးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးဆရာထွန်းကတိကျသူဖြစ်သည်။

အမှုကိုသဘောပေါက်သော်လည်း ဗေကယ့်တရားခံ မမိသေးတော့ စနေကိုပြန်လွှတ်ပေးဖို့ရန် ငန်လေးနေသည်။

"ကိုစနေထွန်း ... ဒီလိုလုပ်ခင်ဗျားအိမ်လိပ်စာပေးဗျာ"

ကိုကျော်အောင်သည်အချိန်ကုန်ခံတတ်သူမဟုတ်ပါ။ မီးထွန်းချိန်လောက်တွင် သူသည်ထက်အာကာဇော် မပါတော့ပဲ ဦးဘသိုက်ထွန်းနှင့်အတူပြန်ရောက်လာသည်။

သူနှင့်အတူမွှန်ရည်သော လူရွယ်တစ်ဦးပါလာသည်။

"အဲဒါရွှေနေဦးမြတ်သိန်းထွန်းပဲ၊ သူကကျွန်တော့်သား အတွက်အာမခံပေးဖို့လိုက်လာတာပါ"

ဦးဘသိုက်ထွန်းက စခန်းမှူးဂျူတီမပြောင်းခင် တွေ့ရသည်နှင့်အမောတကောပြောသည်။

"ကဲ ... ဆရာရေ ... ဝတ္တရားရှိသလိုသာလုပ်ပေးလိုက်ပါ ဒီအမှုမှာ ပါချစ်ကိုဖမ်းရာမှာ ကိုစနေထွန်းကမျက်မြင်ကိုယ် တွေ့ခံစားရတဲ့လူမို့ပါ"

ဘေးမှရဲအုပ်ကိုကျော်အောင်ကပါပြောသည်။ ရွှေနေ ဦးမြတ်သိန်းထွန်းကလည်း သူသည်တရားရုံးချုပ်ရွှေနေဖြစ်





ကြောင်းသိစေရန်သူ့ရွှေနေမှတ်ပုံတင်ကိုပါ ထုတ်ပြသည်။

စခန်းမှူးဆရာထွန်းခေါ်ရဲအုပ်သိန်းထွန်းသည် ဝတ္တရားအတိုင်းသာလုပ်ရသည်၊ကတ်ကတ်သပ်သပ်လူမဟုတ်ပေ။

မရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ခုကိုနှစ်သိန်းတန် အဖြစ်အာမခံပေးပြီး စနေကိုအာမခံနှင့်ထုတ်ရန်ရွှေနေကစီစဉ်ပေးသည်။ ထိုသို့ဖြင့် စနေသည်အာမခံဖြင့်လွှတ်လာသည်။

"ကိုစနေ ... ခင်ဗျားအကူအညီလိုတယ်ဗျာ ... ပါချစ်ကို ဖမ်းဖို့ခင်ဗျားကို ကျွန်တော်တို့အယောင်ပြလွှတ်လိုက်မယ် ကျွန်တော်တို့ကခင်ဗျားနောက်ကအရပ်ဝတ်နဲ့နောက်ယောင် ခံလိုက်ခဲ့မယ် ... ဟုတ်လား"

ကိုကျော်အောင်က စနေကိုပြောပြီးရဲအုပ်စခန်းမှူး ကိုသန်းထွန်းကိုအကူအညီပေးပါရန်တောင်းခံသဖြင့် နယ်ထိန်းရဲ တပ်ကြပ်တစ်ယောက်နှင့်ရဲအမှုထမ်းသုံးယောက်ကို လက်နက်ကိုင် စေကာကိုကျော်အောင်နှင့်လိုက်ခိုင်းလိုက်သည်။

ထက်အာကာဇော်ပြောသောနေရာက ကမာရွတ် ကျွဲကုန်းလမ်းဖြစ်သည်။ သူတို့ကကျွဲကုန်းလမ်းထိပ်တွင်ငှားလာ သောပတ်ဗလစ်တာ ကားကိုရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စနေထွန်းကမယောင်မလည်နှင့်လမ်းထဲဝင်သွား၏။ အိမ်နံပါတ်တွေကိုလိုက်ကြည့်သည်။ လမ်းထဲတွေ သွပ်မိုးပျဉ်ထောင် အိမ်တချို့ရှိနေသလို သားနားသောအလွှာမြင့်မြင့်တိုက်အိမ်ရာတွေကလည်းရှိနေ၏။

သူ့တွင် လက်ကိုင်ဖုန်းပါရာ ထိုလက်ကိုင်ဖုန်းနှင့်ပင် သူရှာနေသောအိမ်နံပါတ်နှင့်အိမ်ကိုတွေ့နေပြီဖြစ်ကြောင်း ကိုကျော်အောင်ဆီ သတင်းပို့သည်။

ပြီးတော့ သူကကိုကျော်အောင်၏ပြောကြားချက်အရပျဉ်ထောင်အိမ်ငယ်ကလေးတစ်ခုရှိရာသို့ ချဉ်းကပ်သွားသည်။

မိန်းမကြီးတစ်ယောက်ကအိမ်ရှေ့ကပျဉ်နားရှိရေစည်ပိုင်းတခုအနီးတွင် တစ်စုံတစ်ခုဆေးကြောနေသည်။

လမ်းမီးရောင်ဖြင့်လည်းကောင်း၊အိမ်မီးရောင်ဖြင့်လည်းကောင်း စနေထွန်းဝင်လာတာကိုမြင်တော့

"ဘာကိစ္စလဲဟေ့"

သူမအသံကခပ်မာမာ။

"ကျွန်တော်ပါချစ်နဲ့တွေ့ချင်လို့ပါ ဒေါ်လေး"

"ဘာလဲဟဲ့ … အရက်သောက်ဖို့လာခေါ်တာလား ငါ့သား





ဟာမင်းတို့နဲ့ပေါင်းနေသရွေ့တစ်ခွက်တစ်ဖလားမဟုတ်ဘူး တစ်ပုံးတစ်စည်ပိုင်းတောင်ဖြစ်နေပြီ"

သူမသည် ပါချစ်၏မိခင်ဖြစ်ကြောင်းစကားတွင်ပေါ်ပြနေသည်။

"ဒေါ်လေးရယ် … ကျွန်တော်သူ့မိတ်ဆွေဆိုပေမယ့် ကျွန်တော်ကအရက်သောက်တဲ့လူမဟုတ်ပါဘူး … သူ့ကို ကျွန်တော်ကတွေ့ရင်အရက်မသောက်ဖို့ဆုံးမတဲ့လူပါ"

စနေ၏လေသံ၊စနေ၏ပုံပန်း၊စနေ၏ရုပ်ရည်သည် အရက်မသောက် လူဆိုးရုပ်မပေါက်သူဖြစ်ကြောင်းမိန်းမကြီးကတမုဟုတ်ချင်းအကဲခတ်မိသွားသည်။

သူမက ထရပ်၍စနေနှင့်မျက်နှာချင်းဆိုင်လိုက်၏။

"မသိပါဘူးကွယ်၊ငါကပါချစ်နဲ့သောက်ဖော်သောက်ဖက်တွေလားလို့ မင်းကိုလည်းမမြင်ဖူးပါလား"

"သောက်တတ်သူနဲ့မသောက်တတ်သူတွဲမှ မတွဲမိကြပဲ … ဘယ်မြင်ဖူးပါ့မလဲ … ကျွန်တော်ပါချစ်နဲ့တွေ့ချင်တယ် … အိမ်ထဲမှာသူဘာလုပ်နေသလဲ … ဒီကောင်အရက်မူးပြီးအိပ်ပျော်နေသလား … ကျွန်တော်နဲ့သူငွေရမယ့်အလုပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

"ဟုတ်လား ... ဒီကောင်အရက်ပဲသောက်ပြီးအလုပ်လုပ်ချင်တဲ့ကောင်မဟုတ်ဘူး ... မိန်းမမယူပါနဲ့ဆိုတော့လည်း မိန်းမယူတယ်၊ချမ်းသာတဲ့မိန်းမကိုယူရင်ထိုင်စားရအောင်တဲ့၊ခုတော့ဟိုကကန်ထုတ်လိုက်ပြီလေ ... အရက်ကလည်း လျှော့မှမလျှော့ပဲ ... စိတ်ညစ်ပါတယ်ကွယ်"

"ကျွန်တော်အခုအလုပ်လုပ်လို့ ငွေရရင်ကြည့်ပြောပါ့မယ် ... သူအခုအထဲမှာဘာလုပ်နေသလဲ"

"ပါချစ်မရှိဘူးကွယ့်"

"ဘယ်ကိုသွားလဲ"

"မနက်ကတည်းက ထွက်သွားလိုက်တာပြန်ကိုမလာသေးပါဘူးသူငယ်ရယ်"

"ဟာ ... တယ်ခက်တာပဲ ... သူပဲချိန်းထားပြီး"

စနေကစိတ်ညစ်သွားသလိုဟန်နှင့်ပန်နှင့် ညည်းပြောကလေးပြောရာငွေရမည့်အလုပ်ဆိုကတည်းက စိတ်ဝင်စားနေသောမိန်းမကြီးက

"ဒီကောင်ခုလောက်ဆို အရက်ဆိုင်မှာရောက်နေရော့မယ်





ဟိုကောင်ကျွဲနီကဆွဲထားသလားမသိဘူး ... ကျွဲနီဆိုတာ သူနဲ့ပုလင်းတူဖူးဆို့ ကောင်လေ ... ပါချစ်လိုပဲအရက်သောက်လွန်းလို့ဖင်ကယိုကျမှာတောင်စိုးရတယ် ... မဖြစ်ပါဘူး ဒီကျွဲနီဆိုတဲ့ကောင်နဲ့တွဲနေသရွေ့အရက်ဖြတ်မှာမဟုတ်ပါဘူး"

"ကျွဲနီကိုကျွန်တော်ကောက်ရိုးပြမောင်းထုတ်လိုက်ပါ့မယ်"

"ဒီကောင်ကပါချစ်လိုမိုက်ကန်းကန်းနဲ့မင်းခံနေရဦးမယ်"

"အရက်ဆိုင်ကိုပဲပြောပါဒေါ်လေး ... ကျွန်တော်ဒီညလုပ်မယ့်အလုပ်ကလက်လွှတ်ခံလို့မဖြစ်ဘူး"

"ရိုးရိုးသားသားအလုပ်မှ ဟုတ်ရဲ့လား"

"ကျွန်တော်ကကားမောင်းသမားပါ၊ပါချစ်ကသူ့အသိဆီကားအော်ဒါမောင်းပေးဖို့လူလိုတယ်ဆိုလို့ ... တစ်ညတာကားမောင်းခရရင်သူ့ကို ကျွန်တော်ကခွဲပေးရမှာမို့ ..."

ပါးစပ်ထဲမှ ရောက်တတ်ရာရာစကားများသည် သူ့စိတ်ကူးများသာဖြစ်သည်။

ငွေရမှာကိုမျှော်မှန်းပြီးဘယ်အရက်ဆိုင်မှာပါချစ်ရှိတတ်သည်ကို မိန်းမကြီးက စနေကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



စနေကမှတ်သားထားကာ ပါချစ်ကိုစိတ်ထဲမှကျိန်ဆဲဆဲဆိုပြီး ပြန်ထွက်လာသည်။

ပါချစ်ကိုမတွေ့သောကြောင့် ဖြစ်သည်။





## ဇာတ်လမ်းစဉ် (၁၂)

အရက်ဆိုင်က ဘူတာရုံလမ်းဘက်မှာ။

မိုးကလေးတစိုနှစ်စိုရွာသည်။

မိုးသဲထဲတွင်ပင်အရက်ဆိုင်သို့ ရောက်သည်။

"ခင်ဗျား နေ ... ကျွန်တော်သွားစုံစမ်းမယ်"

ကိုကျော်အောင်ကပြောပြီးအရပ်ဝတ်ယားသောသူသည်ကားပေါ်တွင် စနေကိုလက်ရိပ်ပြခဲ့၏။

စနေကမလိုက်ပါ။

အနည်းငယ်ကြာသည့်တိုင်အောင်ပေါ်မလာသဖြင့်အတူပါလာသောနယ်ထိန်းအား



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လိုက်သွားဦးမယ်ဗျာ"

"ဖြစ်ပါ့မလား … ဆရာကခင်ဗျားကိုမလိုက်ဖို့ပြောခဲ့တာ"

"ဖြစ်ပါတယ်၊ကျွဲနီဆိုတာ ဘယ်လိုကောင်မျိုးဆိုတာ ကျွန်တော်မြင်ချင်သိချင်တယ်"

အရက်ဆိုင်ထဲမှ အော်သံဟစ်သံဆူညံသံတွေပေါ် နေသည်။

ရန်ဖြစ်ကြသောအသံတွေမဟုတ်ပါ။

အားပေးနေသောအသံတွေ။

အကြောင်းသိချင်တာကြောင့် စနေကခပ်မြန်မြန် လျှောက်သည်။

ဆိုင်ထဲသို့ဝင်သည်။

အရက်ဆိုင်ထဲတွင် လူတစ်စုသည်စားပွဲတစ်ခုခွဲစုရုံး အော်ဟစ်နေ၏။

"ကျွဲနီကွ … ကျွဲနီ … လျှော့မပေးနဲ့"

"ယောက်ျားပဲတောင့်ထားကွ"

"ယောက်ျားမဟုတ်ဘူးဟေ့ … အရက်သမား … အရက် သမား"





"အရက်သောက်ပြီးအားရှိတာကွ … တခြားလူတွေလိုရေ သောက်ပြီးအားရှိတာ မဟုတ်ဘူး"

"ကျွဲနီကွ … နဖါးကြိုးပြတ်အောင်ရုန်းပြလိုက်စမ်း"

အသံမျိုးစုံ၏အလယ်တွင်စားပွဲတစ်လုံးရှိသည်။စား ပွဲ၏တစ်ဘက်တစ်ချက်တွင် လူနှစ်ယောက်ထိုင်နေ၏။ တစ် ယောက်ကမည်းပြောင်နေသော အသားကမီးသွေးရောင်ထနေ သောထောင်ထောင်မောင်းမောင်းလူတစ်ယောက်။

သူတစ်ကိုယ်လုံးတွင်အပေါ်ပိုင်းကမည်းသဲနေသော ဗိုက်ရှုရှုကိုယ်လုံးနှင့်အောက်ဘက်တွင် ဖိဟိုဒီတို ခေါ်ကာကီ ဘောင်းဘီကိုဝတ်ထား၏။

နောက်တစ်ယောက်က ကိုကျော်အောင်။

သူတို့နှစ်ယောက်လက်လှဲနေကြသည်။ လက်လှဲရာ လက်ချောင်းများ၏တစ်ဘက်တစ်ချက်တွင် ဖယောင်းတိုင်မီးတစ် တိုင်စီထွန်းထားသည်။

ရှုံးသည့်လက်ကဖယောင်းတိုင်မီးပေါ်ကျပြီး အပူခံ ကြေးပါပဲ။

လူနှစ်ယောက်၏လက်နှစ်ဘက်သည်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုတစ်ယောက်အုပ်ကိုင်ထားကြသောလက်တွေဖြစ်ပြီး ယင်းလက်နှစ်ဘက်အနက်တစ်ဘက်ကမီးတိုင်ရှိရာသို့ရှုံးနိမ့်ကျသွားလိုက်တစတစပြန်ထောင်လာလိုက်ရှိကာ အခြားတစ်ဘက်သို့လက်တစ်ဘက်ကပြန်နိမ့်သွားသည်။

အားစိုက်မှုကြောင့်ပြန်တည့်မတ်လာ၏။

လက်ရှန်းလှဲနေကြသော လူနှစ်ယောက်၏အားစိုက်မှုကယင်းလက်များတွင်ရှိကြ၏။

မျက်နှာနှစ်ချက်ခြားနား၏။

ကျွဲနီ၏မည်းသဲအရုပ်ဆိုးသောမျက်နှာကြီးမှာ ပြုံးပြုံးပြီပြီရှိသလိုနားထင်ကြောနဖူးကြောကြီးများထောင်ထနေသည်။

ကိုကျော်အောင့်မျက်နှာကမသိမသာတင်းနေလျက်မျက်လုံးတွေက တည်ငြိမ်စွာပင်သူတို့၏သုပ်ကိုင်ထားသောလက်တွေပေါ်ရောက်နေသည်။

ကိုကျော်အောင်သည်လက်ကောက်ဝတ်တွင်စိတ်အင်အားရော ကိုယ်ခန္ဓာစွမ်းအားပါ ပို့လွှတ်ပြီးတောင့်ထားရာမှ ကျွဲနီ၏လက်ကိုဖိချနေသည်။





"ကိုကျော်အောင်တဲ့ဟေ့ ... အားစိုက်ထည့် ... [illegible]ဘသားအစွမ်းပြလိုက်စမ်း"

ရုတ်တရက်စနေက အသံပေးကာတခြားလူ[illegible]ထက်ကျယ်လောင်စွာ အော်ဟစ်အားပေးလိုက်သည်။

တကယ်တော့အသံနှင့်ပရိယာယ်ဆင်လိုက်ခြင်းဖြစ်တော့သည်။

ထိရောက်ပါသည်။

ထူးခြားသောအသံကြောင့် ကျွဲနီမှာစိတ်အာရုံပြောင်းကာ စနေဘက်သို့ရောက်၍ စနေကိုကြည့်လိုက်မိ၏။

အဲဒါတပန်းရှုံးခြင်းပဲ။

အာရုံပြောင်းတော့ လက်တွင်အားလျော့သွားသည်

အဲဒီမှာကိုကျော်အောင်ကထိုလက်ကိုတအားဖိချချိန်နှင့်ဆုံသွားရာ ကျွဲနီလက်မှာဖယောင်းတိုင်မီးပေါ်ထိုးကျသွား၏။

"အား ... ဟား"

ပူလောင်မှုဒဏ်ကြောင့် ကျွဲနီကအော်လိုက်၏။ အော်ဟစ်အားပေးသံသည်တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွဲနီ ... ဘာဖြစ်တာလဲ ... မင်းကလက်လှဲဝိဇ္ဇာ လက်လှဲဗိုလ်ဆို ... ခုတော့မင်းကိုနိုင်တဲ့လူပေါ်သွားပလား"

တစ်ယောက်၏မေးသံ။

ကျွဲနီကသူ့မီးလောင်သွားသောလက်ဖမိုးမှဒဏ်ရာကို ငုံ့ကြည့်၍

"ဟိုခွေးမသားလေးအော်ပြောသံကြောင့် ငါ့စိတ်တစ်မျိုးဖြစ်သွားလို့ကွ ... အမြဲတန်းဘယ်မိုးရွာနိုင်မလဲကွာ ... နေသာတဲ့အချိန်လည်းရှိမှာပေါ့"

စနေထွန်းမှာ သူ့ကိုဆဲလိုက်တာကြောင့် မခံချည့်မခံသာဖြစ်သွား၏။

ဒါသူ့အပိုင်းမဟုတ်။

ကိုကျော်အောင်မလိုက်ပါနဲ့ဟုပြောထားလက်ရိပ်ပြထားလျှက်နှင့် မိမိကလိုက်လာပြီးသည်မှာပြဿနာဖြစ်လျှင် သူ့အပြစ်ဖြစ်ပေတော့မည်။

ပြီးတော့ဘာကြောင့်ကျွဲနီနှင့်လက်လှဲကြသည်ကို သိချင်၏။

"ကဲ ... ကိုကျွဲနီ ... ခင်ဗျားပြောပေတော့ ... သူဘယ်မှာ





နေတယ်ဆိုတာပြောပါ"

ကိုကျော်အောင်ကအေးအေးသက်သာပြောသည်။ ကျွဲနီကထသည်။ သူ့ကိုယ်ကြီးမှာကျွဲနှင့်တူသည်။ ကျွဲနီမခေါ်ပဲကျွဲမည်းခေါ်ကပိုမှန်ပါလိမ့်မည်။

"ကျုပ်ကတိအတိုင်းပြောမယ် ... ဒီကောင်လှိုင်သာယာကမီးခွက်ဈေးရပ်ကွက်ထဲမှာနေတယ် ... "

ပြောပြီး ပါချစ်ကိုတွေ့နိုင်သောလမ်းအမည်ကိုပြောသည်။

လမ်းသို့ရောက်သောအခါ ကိုကျော်အောင်က

"ပါချစ်ဆိုတဲ့ကောင်ရှောင်နေတာပဲ"

"အဲဒီကိုသွားမလား"

"ဟာ ... ကိုစနေထွန်းသွားမှာပေါ့ ... ခင်ဗျားဘာလို့လိုက်လာရတာလဲ"

"ခင်ဗျားနည်းနည်းကြာတော့စိတ်မချလို့ပါ ... ဟိုလူကျွဲနီကခင်ဗျားကိုရဲမှန်းသိသွားလား"

"မသိဘူး ... ပါချစ်ကိုအလုပ်ကိစ္စတစ်ခုပြီးသွားလို့ငွေပေးစရာရှိတယ်ပြောတယ် ... ဒီတော့ သူကပါချစ်မရှိဘူးပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ပါချစ်ဘယ်မှာမေးတော့သူကသူ့လက်ရုံးကိုဆောင်ပြတယ်၊လက်လှဲချင်တယ်တဲ့၊သူ့ကိုလက်လှဲနိုင်ရင်ပါချစ်နေရာပြောမယ်လို့ပြောတာနဲ့ ကျွန်တော်ကလည်း လက်လှဲဝါသနာပါတော့ ဝင်လှဲတာဗျ"

"ကျွန်တော်ကသူ့အာရုံပြောင်းပေးလိုက်အောင်လုပ်ပေးလိုက်တာ ... ဒါကြောင့်ခင်ဗျားနိုင်တာ"

"သိတယ် ... အတော်သန်တဲ့ကောင်ဗျာ ... တကယ်နိုင်းကျွဲကြီးပဲ"

ပြောရင်းကားဆီရောက်လာကြသည်။

ဘာဘာညာညာဆက်မပြောကြတော့ပါ။

ဘုရင့်နောင်ကိုဖြတ်၊မြစ်ဖြတ်တံတားကြီးကိုကျော်လှိုင်သာယာထဲရောက်။

မီးခွက်ရပ်ကွက်ထဲရောက်ချိန်တွင်မိုးကသဲသဲမဲမဲရွာချတော့သည်။

"လှိုင်သာယာမိုးကောင်းတယ်နော်"

ပတ်ဗလစ်ကာကားကိုမောင်းနေသော ကားမောင်းသမားကပြောသည်။





"နာဂစ်တုန်းက အတော်ခံလိုက်ရတာ"

တစ်ယောက်ကဆိုတော့ ကျန်တစ်ယောက်က[illegible]ကုန်သံနှင့်

"နာဂစ်အကြောင်းပြောမနေစမ်းပါနဲ့တော့ကွ[illegible]အတော်မုန်းတယ်"

စနေကမနေနိုင်ပဲ

"ဘာဖြစ်လို့လဲ"

ပထမပြောသူက

"သူ့နှမပေါ့၊နာဂစ်မုန်တိုင်းကြောင့်သစ်ပင်တွေလဲ၊ဓါတ်တိုင်တွေလဲ၊မီးကြိုးတွေပြတ်ပြီး မီးမလာနိုင်လို့မှောင်ကျနေတဲ့ညမှာ အဲဒီအမှောင်ကိုအားကိုးပြီး သူ့ကောင်နဲ့ချိန်းတွေ့ပြီးတော့လိုက်ပြေးကြရော"

"ဟုတ်လား ... ဒါဆိုသူတို့နှစ်ယောက်ကမွေးတဲ့ကလေးကိုမိန်းကလေးဆိုနာဂစ်လို့နာမည်ပေးရမယ် ... နာဂစ်ကိုတို့မြန်မာလို"ပန်း"လို့ခေါ်တယ်လို့တချို့ကပြောကြတယ် ... ဩော် ... ဒါကြောင့်နာဂစ်ကြောင့်ကိုစိန်မြင့်နာကစ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်အောင်ကပြောတော့ အားလုံးဝိုင်းရယ်ကြ၏။

အမိုးလုံသော်လည်းဘေးနှစ်ဘက်မှမိုးရေပက်မှုကြောင့် ကျောပိုင်းတွေမိုးရည်ရွှဲကြသည်။

ဒရိုင်ဘာကားမောင်းခန်းနှင့်နောက်ပိုင်းလူစီးခန်းကိုခြားထားသောမှန်မရှိပါ။

ရှေ့နှင့်နောက်တိုးယိုပေါက်ဖြစ်နေသောကြောင့်ရှေ့နောက်စကားပြောလို့ရကြခြင်းဖြစ်သည်။

မိုးရေစဲသွားသည်။ လှိုင်သာယာတွင်လျှပ်စစ်မီးကသိပ်တော့လင်းလင်းပြပြမရှိ။

ဒါပေမဲ့ အိမ်တွေမှာတော့ မီးလင်းနေကြသည်။

လမ်းတစ်လမ်းထိပ်တွင် ကားကိုရပ်လိုက်၏။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိ၏။ ဆိုင်ထဲတွင်လူအသင့်အတင့်ရှိနေသည်။

"မိုးအေးတုန်းလက်ဖက်ရည်ပူပူလေးသောက်ရရင်သိပ်ကောင်းမှာပဲ ... ဘယ်သူတွေအလိုက်သိကြမလဲ မသိဘူး"

နယ်ထိန်းတပ်ကြပ်ကဆိုတော့ ကိုကျော်အောင်က





နယ်ထိန်းအား

"အောင်မာ ... အားလုံးအတူတူနဲ့အနူနူချည်းပဲ ... သောက်ချင်ရင်ကိုယ့်ဟာကိုယ်ဝယ်သောက်ကြ ... ဒါပေမယ့်အလုပ်ကိစ္စပြီးမှသောက်ကြရမယ် ... လက်ဖက်ရည်ထက်အလုပ်တာဝန်ကအရေးကြီးတယ်ကွ ... တစ်ခုခုမှားလို့လွဲချော်လို့ကတော့သံသရာရှည်သွားမယ်"

"ဟုတ်ပါတယ်ဆရာရယ်"

"ကဲ ... ဒါဖြင့် မင်းပဲလမ်းကိုသွားမေးချည်"

"ကျွန်တော်တော့ ထိပေါက်တာပဲ"

ရယ်ရယ်မောမောပြောပြီးနယ်ထိန်းဆင်းသွားသည်။ ခဏလေးအကြာပြန်လာသည်။ သူပြောသောလမ်းကို ထိုလမ်းမှရှေ့သို့ဆက်တိုက်မောင်းသည်။

သုံးလေးလမ်းကျော်လျှင်လမ်းဘေးထိုးရပ်သည်။ ကောင်းကင်ထက်တွင်မိုးသားတို့ ပန်းနုရောင်သန်းနေသည်။ ထိုမိုးသားတို့ကို ကိုကျော်အောင်ကမော်ကြည့်ပြီး

"မိုးများဆက်ရွာမလားမသိဘူး ... ကိုင်းကိုစနေထွန်းရေ လက်ဖက်ရည်ဆိုင်က အပြောဆိုရင်ဒီလမ်းအမှန်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကိုကူညီမယ်ဆိုရင်ခင်ဗျားသွားစုံစမ်းပေးပါ၊ ပါချစ်ကိုတွေ့ရင်ပါချစ်မသိအောင်ဖုန်းနဲ့အကြောင်းကြားပေးပါ၊ ကျွန်တော်တို့တစ်ခါတည်းတရားခံကိုဝင်ဖမ်းမယ် ... ”

စနေကဘာမှပြန်မပြောပဲ ကားပေါ်မှဆင်းသည်။ သူ့ခြေထောက်တွေကဗွက်တွေကိုနင်းမိသည်။

ကားကိုကျော်ခိုင်းပြီး ရွှံ့ဗိုနပ်နှင့်ဗွက်တွေထဲတစွပ်စွပ်ကျော်ဖြတ်လာသည်။

လျှပ်စီးလက်လိုက်သည်။

လူသွားလမ်းတလျှောက်သွားနိုင်သောသစ်သားတံတားရှည်ကလေးတွေ့ရ၏။

ထိုတံတားရှည်ပေါ်တက်လျှောက်လာ၏။

အားလုံးမည်းမှောင်မနေပါ။

မိုးထက်မှမိုးသားတို့၏တုန့်ပြန်အလင်းရောင်၊နေအိမ်တွေမှလျှံထွက်နေသောလျှပ်စစ်မီးရောင်တို့ကြောင့် မသဲမကွဲမြင်နေရသည်။

လျှပ်စီးတစ်ခါလက်လိုက်သည်။

လက်ျာဘက်တွင်လမ်းမြှောင်ကလေးရှိ၏။





မြေသားတို့သည် မြေစာဖြစ်ကြောင်းတံတားပေါ်မှ ထိုလမ်းကလေးကိုနင်းမိသည်နှင့် သိလိုက်၏။

ကိုကျော်အောင်ပြောကြားချက်အရလမ်း[illegible] သိရပြီ။

လူတစ်ယောက်ကထီးဆောင်းပြီးမှောင်ထဲတွင် လျှောက်လာတာကိုမြင်ရသည်။

စနေကထိုလူအားတွေ့ဆုံပြီးကိုမြင့်ဆွေအိမ်ကိုစုံစမ်းသည်။ ထီးနှင့်လူကယခင်အိမ်တန်းများအဆုံးညာဘက်တွင်ရှိသောအစွန်ဆုံးကျသောအိမ်သည်ကိုမြင့်ဆွေဆိုသူ၏အိမ်ဖြစ်ကြောင်းနှင့် ထိုအိမ်ရှေ့တွင် ကုက္ကိုပင်ကြီးတစ်ပင်သည်တစ်ချိန်ကတိုက်ခတ်သွားသောနာဂစ်မုန်တိုင်းဒဏ်ကြောင့် ကျိုးကျခဲ့သောကုက္ကိုပင်ကြီးဖြစ်ကြောင်းဆိုသည်။

ဒါကအမှတ်အသားအဖြစ်ပြောလိုက်တာပဲ။

အိမ်တအိမ်၏အိမ်မှ ရုပ်မြင်သံကြား သတင်းပြောကြားချက်အကြို့တီးလုံးသံကြားရသည်။

အင်း ... ရှစ်နာရီထိုးပြီပဲ။

သူကလက်နှိပ်ဓါတ်မီးတစ်လက်ကို ယခုအချိန်ရှင်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကောင်းမှာပဲဟု မတောင့်တစဖူးတောင့်တမိသည်။

မသဲမကွဲမြင်နေရတာကိုလက်နှိပ်ဓါတ်မီးသာရှိလျှင် လမ်းကိုသွက်သွက်လျှောက်နိုင်သည်။

သူစမ်းတဝါးဝါးနှင့်လျှောက်လာ၏။

အိမ်တန်းတွေဆုံးသွား၏။

လျှပ်စီးလက်လိုက်ပြန်သည်။

အပင်တစ်ပင်၏ထိပ်နှင့်အရင်းတွင်အကိုင်းများမရှိပဲ ကျိုးနေသောသစ်ပင်တစ်ပင်ကို လက်ခနဲအလင်းရောင်နှင့်မြင်လိုက်ရ၏။

ဒါကုက္ကိုပင်။

ထိုအပင်ကြီး၏မလှမ်းမကမ်းတွင်မီးရောင်ရှိနေသော အိမ်တစ်လုံးသည်သူ့အားကိုမြင့်ဆွ၏အိမ်ဒီအိမ်ပါပဲဟုဖေါ်ပြနေသည်။

လျှပ်စစ်မီးသည်ပြင်ပသို့အနည်းငယ်ထိုးထွက်နေပြီ စနေလျှောက်ခဲ့သောအိမ်များ၏အစွန်တွင်ယင်းအိမ်ရှိသည်။

ရှိခဲ့သောအိမ်များနှင့်အနည်းငယ်အလှမ်းကွာသည် ခြံဝင်းမရှိပဲလမ်းဘေးတွင်ဆောက်ထားခဲ့သော ပျဉ်





ထောင့်အိမ်ပဲဖြစ်သည်။

စနေသည်လမ်းဆီမှထိုအိမ်ဆီသို့ ခြေလှမ်းတွေကို ဖွဲ့ဆင်းလိုက်သည်။

အိမ်ဆီမှ စကားပြောသံတွေကြားရသည်။

အနီးကပ်လာတော့ ဆဲဆိုကြိမ်းမောင်းသံများ ပင်ဖြစ်သည်။

လျှပ်စီးတစ်ခါလက်သွားပြန်သည်။

ဝင်ပေါက်ထွက်ပေါက်တံခါးနှင့်ပိတ်ထားသောပြတင်းတံခါးများကိုပါ မြင်လိုက်ရသည်။

စနေရင်ခုန်သွားသည်၊ ဆဲဆိုကြိမ်းမောင်းသံများနှင့် စကားသံအချို့ကြားရသောကြောင့်ဖြစ်၏။

"မင်းကိုယောက်ဖရယ်လို့ ယုံကြည်လို့ခိုင်းလိုက်တာပဲကွ ... ခုတော့ဘာတစ်ခုမှ ဖြစ်မလာတာအဆိုးဆုံးပဲ"

ကျွန်တော်ကြိုးစားပါတယ်ကိုထက်ရယ် ... ဒါပေမယ့် ဒီစနေထွန်းဆိုတဲ့ကောင်ကလျင်တယ်ဗျ ... ပြီးတော့ခင်ဗျား ညီမကလည်း ကိုယ့်နေရာကိုယ်မနေပဲ မိန်းကလေးတန်မဲ့ ဝင်ရှုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ … သူဟာမင်းမိန်းမပဲမဟုတ်လားမင်းကတစ်ချက်တီးလိုက်ရင်ပြီးသွားတာပဲ"

"ကျွန်တော်သူနဲ့ကွဲနေပေမယ့် စိတ်ထဲကတော့ချစ်နေတုန်းပဲဗျာ … ဒါကြောင့်"

"တော်တော့ … ငါ့ရှေ့မှာမင်းဒါတွေလာပြောမနေနဲ့ နားခါးတယ်"

"အဟီးဟီး"

"ဟော့ကောင်အရက်ကြောင်ကြောင်ပြီးရယ်မနေနဲ့၊အလုပ်မဖြစ်တဲ့အတွက် မင်းကိုတစ်နေရာပို့ပေးရမယ်"

သူတို့ပြောတာတွေက မသဲမကွဲဖြစ်သော်လည်း နားပါးသည့်စနေကတော့ ဘယ်သူတွေဆိုတာကိုသိလိုက်သည်။

အိမ်တံခါးဆီသို့ပြေးသွား၏။

ဖိနပ်ချွတ်သည် နှစ်ပေနီးပါးရှိ၏။ အုတ်လှေကားသုံးလေးထစ်ပဲရှိ၏။

သူကအသံမကြားအောင်တက်၍ ဖိနပ်ချွတ်ကပျဉ်ရှတံခါးဝနားကပ်သွား၏။

မီးရောင်ထိုးနေသည်။





စေ့ကားသောတံခါးရွက်ကြားမှ မီးရောင်အားဖြင့် သူကအတွင်းသို့ ချောင်းကြည့်၏။

ထင်သည့်အတိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com









## ဇာတ်လမ်းစဉ် (၁၃)

လူနှစ်ယောက်မျက်နှာချင်းဆိုင်ရပ်နေ၏။

တစ်ယောက်က ရွပ်ကျယ်ချိုင်းပြတ်နှင့်ဖိတ်ိုဒီတို စကောဘောင်းဘီတိုဝတ်ထားသောပါချစ်၊၊

သူ့ရှေ့မှလူက စပို့ရှပ်အကျီနှင့်ရိုက်ဒါဝတ်ထားသော ထက်မိုးဦး။

"ခင်ဗျား ဘာလုပ်မလို့လဲ"

ပါချစ်၏တုန်တုန်လှုပ်လှုပ်မေးလိုက်သံ။

"မင်းကို တမလွန်ပို့ရမယ် ... မင်းကအလုပ်ကိုအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



အောင်မလုပ်ခဲ့ဘူး … မင်းလူတွေလည်းခုလောက်ဆိုရဲ လက်ထဲရောက်နေပြီ … မင်းအသက်ရှင်နေရင်လည်း ငါ့အတွက်မလုံခြုံဘူး"

"ကိုထက် … ခင်ဗျားမဟုတ်တာတွေမလုပ်နဲ့နော် … ကျုပ်ငြိမ်ခံမနေဘူး"

စနေသည် သူ့လက်ကိုင်ဖုန်းကိုထုတ်သည်။ ခေါ်သည်။

တစ်ဘက်မှအသံ ပြန်မလာ။

ဟာ … ပြသနာပဲ။

တစ်ဘက်ဖုန်းကဘက်ထရီပဲကုန်သလား။ သူ့ဆီကပဲဘက်ထရီပဲ ကုန်ပြီလား။

ထိုအတွင်းအထဲမှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေပေါ်လာသည်။ အကြောင်းသိချင်သော စနေကတံခါးကိုတွန်းဖွင့်လိုက်သည်။

ဝပ်ခြောက်ဆယ်အားမီးလုံးရောင်အောက်တွင်လူနှစ်ယောက်သည်တစ်ယောက်နှင့်တစ်ယောက်သတ်ပုတ်နေကြသည်။





တစ်ယောက်ကခါးဖြင့်လိုက်ထိုးတာကိုတစ်ယောက်ကရှောင်သည်။

လက်သီးနှင့်ပြန်ထိုးသည်။

ခါးဖြင့်ထိုးသူကထက်မိုးဦး။

လက်ချည်းသက်သက်ပြန်လည်ခုခံသူက ပါချစ်။

စနေသည် သူတို့နှစ်ယောက်ပွဲတွင်ဝင်မပါလိုသဖြင့် တံခါးရွက်နှစ်ရွက်ကိုကိုင်၍ တံခါးဝမှာပဲမတ်တတ်ရပ်ကြည့်နေ၏။

လတ်တလောအားဖြင့် ကိုကျော်အောင်တို့ကိုမေ့သွားခဲ့ချေပြီ။

ပါချစ်သည်အခန်းတစ်နေရာတွင်ပြေးသွားသည်။ ယိုနေရာတွင်အဝတ်လျှော်သစ်သားဘုတ်လုံးတစ်လုံးကိုထောင်ထားသည်။

ပါချစ်ကယင်းဘုတ်ကိုဆွဲယူသည်။ ဘုတ်ကိုရှေ့ဆန့်ထုတ်ကာ ပါးစပ်မှဒေါသကြောင့်ဖြစ်ပေါ်လာသော ဗလုံးဗထွေးအသံကြီးနှင့်

"လာလေ … လာပါ … ကျုပ်ကိုအမူးကောင်ဆိုပြီးသယ်မယ်မကြံနဲ့ … ကျုပ်မှာလည်းလက်နဲ့ခြေနဲ့ပဲပြန်ပြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com



မယ် ... ဘာမှတ်လဲ"

သည်တော့ထက်မိုးဦးက ဓါးမြှောင်ကိုင်ကာ ငြိမ်သက်ပြီးကြောင်ကကြွက်ကိုချောင်းသလို အရိပ်အခြေကြည့်ချောင်းသည်။

"မင်းကတုတ် ... ငါကဓါး ... မင်းသေမှာပေါ့ ပါချစ်ရာ"

"လာစမ်းပါ ... လာစမ်းပါ ... ကျုပ်တုတ်ကလည်းခင်ဗျားကိုထိရင်သေမင်းခေါ်သွားမယ်မှတ်"

စနေကိုသတိမမူမိကြပဲကလေးတွေစကားနိုင်လုသလိုပြောနေကြရာမှ ပါချစ်ကတုတ်နှင့်ထက်မိုးဦးကို ပြေးဝင်ရိုက်သည်။

ထက်မိုးဦးသည် တုတ်ချက်ကိုနောက်ဆုတ်ခုန်ရှောင်သည်။

သူ့ဖိနပ်တွင်သည်တစ်ချိန်မှာတော့ စပရိန်တပ်မထားခဲ့ပါ။

အခုန်အဆုတ်ကြောင့် တုတ်ချက်လွတ်သွားသည်။ ပါချစ်ကပါးနပ်သည်။ သူ့တုတ်ချက်ကို တအားကုန်ရိုက်သည်မဟုတ်။





လွဲသွားသောတုတ်ကိုပြန်ထိန်းပြီး လက်ပြန်ဆော်ထည့်လိုက်သည်။

ထက်မိုးဦးကလည်းအေးဆေးသည်။ သတ်ပုတ်နေတာကိုလေ့ကျင့်ခန်းယူသလိုပဲ သဘောထားသည်။

သူ့ကိုယ်ကြီးကို ဆတ်ခနဲတက်လိုက်သည်။

ကိုယ်နှင့်အတူသူ့ဓါးကပါ ပါချစ်နှင့်ကပ်သွား၏။

"အား"

ပါချစ်ဆီမှအသံသည်အံ့အားသင့်မှုနှင့်နာကျင်သံပင်ဖြစ်တော့သည်။

၎င်း၏လက်တွင်ကိုင်ထားသောတုတ်ကြီးကိုကိုင်ကာသွေးတွေစွန်းပေနေသောဓါးကိုကိုင်လျက်တွေတွေကြီးကြည့်နေသော ထက်မိုးဦးကိုအံ့ကြိတ်ပြသည်။

မာန်ကိုတင်းသည်။

တုတ်ကိုမြှောက်သည်။

နံဘေးတစ်ဘက်ကိုလက်ဖြင့်ကြပ်ကြပ်ပိတ်သည်။

ရှေ့သို့ခြေတစ်လှမ်းလှမ်းသည်။

ထက်မိုးဦးကိုရိုက်ရန်ကော။



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ပါ။

စိတ်နောက်ကိုယ်မလိုက်နိုင်တော့ပဲ ပျော့ခွေလဲကျသွားတော့သည်။

ထက်မိုးဦးကခါးကိုကိုင်ကာ ပါချစ်၏အသက်ကိုအဆုံးသတ်ပေးရန်အနားကပ်သွားသည်။

"မင်းငါ့ကို အနိုင်ယူလည်း မင်းပဲခံရမှာပဲ ပါချစ်၊ထက်မိုးဦး ဆိုတဲ့ကောင်ဟာ ဒါမျိုးတွေဖြတ်ခဲ့တာများပြီလေ ... ကိုင်းနောက်ဘဝကိုမင်းမျက်နှာမူပေတော့"

ပြောပြီးသည်အဆုံးခါးမြှောင်ကိုမြှောက်လိုက်သည်။ ပါချစ်ကကြောက်လန့်စွာဒဏ်ရာကိုဖိထားသောလက်နှင့်မဟုတ်ပဲ တခြားလွတ်နေသောလက်တစ်ဘက်နှင့်ကာ၏။

"သိပ်လည်းမလုပ်လိုက်ပါနဲ့အုံးလေ ... လူတစ်ယောက်ကို မသေမချင်းသတ်တယ်ဆိုတာတော်တော်အပြစ်ကြီးတယ် ထက်မိုးဦးရဲ့"

စနေထွန်း၏ပြောစကားက ထက်မိုးဦးအားခါးမြှောက်လျက်တန်းလန်းမှ တန့်သွားစေသည်။

ခါးမြှောက်လျက်တန်းလန်းနှင့် စနေဘက်ချာခနဲ





လှည့်ကြည့်လိုက်သည်။

"စနေထွန်း"

"ဟုတ်ပါတယ်ငါပါ ... ပါချစ်ကိုမင်းခါးနဲ့ထိုးခဲ့တာ ငါ့မျက်မြင်ကိုယ်တွေ့ပဲ ထက်မိုးဦး"

"မင်းကွာ"

စကားတောင်အဆုံးမသတ်။

လက်ထဲရှိမိုးခါးနှင့်စနေကိုပြေးထိုးသည်။

စနေကလည်းရဲရဲဝန့်ဝန့်ရင်ဆိုင်သည်။ သူ့ဘယ်ခြေကိုဘယ်ရှေ့တက်သည်။ ခါးကိုင်ထားသောလက်ကောက်ဝတ်ကိုဘယ်လက်နှင့်တားဆီးသည်။ ညာလက်သီးကနဲသား၏ ပါးချိတ်ကိုဖျတ်ခနဲဝိုက်ထိုးလိုက်၏။

ဗွပ်ခနဲအသံ။

တေိနောက်ကိုယိုင်ဆင်းသွားသည်။

စနေကဆက်မတိုးပဲ ခြေကိုအသာပြန်နောက်ဆုတ်ပေးလိုက်သည်။

"ကျုပ်လတ်သီးကို ရွှေလက်သီး၊ ငွေလက်သီး၊စိန်လက်သီး မအောက်မေ့လိုက်နဲ့၊ထိရင်ကွဲတဲ့မိုးကြိုးလက်သီး"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

တောက်ခေါက်သံပေးသည်။ စနေကိုအသေသတ်ဖို့ ဓါးနှင့်ဝှေ့ယမ်းလိုက်ထိုးသည်။ စနေကထိုဓါးချက်တွေမှလွတ်အောင်ခုန်ရှောင်ရင်း အလစ်တွင်ဆတ်ခနဲခုန်တက်သည်။

ဘယ်လက်သီးနှင့်ဖြတ်လက်သီးပေးသည်။

တစ်ဘက်လူ၏နှာခေါင်းကိုထိသွားသည်။

"အဲဒါဒဏ်ရာဟောင်းကိုပြန်ဆွပေးလိုက်တာပဲ ထက်မိုးဦး မင်းရည်းစားဟောင်းသင်းပုံ့က အဲဒီဒဏ်ရာကိုကုပေးလိမ့်မယ်"

ပြောစဉ်မှာပင် ပါချစ်၏ကျနေသောတုတ်ကို ကောက်ယူလိုက်သည်။ တုတ်မှာ ငြုတ်ကျည်ပွေ့ပုံစံရှည်ရှည်လုံးလုံးဖြစ်ပြီးအတက်ဘက်ကြီးအောက်ဘက်သွယ်သည်။

ရိုက်အားရှိ၏။

သည်စဉ်ခိုက် ထက်မိုးဦး၏ဝှေ့ထိုးသောဝိုက်ဓါးက သူ့ဘယ်နံစောင်းထဲဝင်လာသည်။ လှစ်ခနဲဝင်အလာစနေကလည်း လှစ်ခနဲညာခြေဘက်တက်ပေးသည်။

ညာလက်မှာရှိသောတုတ်နှင့်ဝင်လာသောဓါးကိုင်





လက်ကိုဆတ်ခနဲအပေါ်စည်းဖြင့်ဆော်ထည့်ဝစ်လိုက်သည်။

"အမယ်လေးဗျာ"

လက်တွင်မခံမရပ်နိုင်သော ဝေဒနာတစ်ထွက်ထိုးခံစားလိုက်မိလေဟန်ဖြင့် ထက်မိုးဦးကအော်လိုက်စဉ်နောက်ထပ် ထပ်ဆင့်လိုက်သောတုတ်ချက်ကမျက်နှာဆီသို့ ဝင်သွား၏။

"အား"

နှုတ်မှအော်သံပေးသည်။ မျက်နှာကိုလက်နှစ်ဘက်ဖြင့်အုပ်လိုက်သည်။

သွေးရူးသွေးတန်း ဂမူးရူးထိုးနှင့်အဝင်အထွက်တံခါးပေါက်သို့ထွက်ပြေးတော့သည်။

စနေထွန်းကမလိုက်တော့ဘဲ ညည်းညူနေသော ပါချစ်နားသို့ဒူးနှစ်ဘက်စုံထောက်၍ထိုင်လိုက်သည်။

"ခင်ဗျားကိုဆေးရုံပို့ပေးမယ်"

စနေကညင်သာစွာပြောလိုက်သည်။

"ဘယ် ... ဘယ်သူလဲ"

ဝေဒနာကြားမှညည်းညူသံပေးနေသူ ပါချစ်ကစနေထွန်းကိုဖျစ်ညစ်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ စနေထွန်း"

"စနေထွန်း ... ဟုတ်လား"

"ဟုတ်တယ် ... မင်းငါ့ကိုဖမ်းပြီးသတ်ဖို့ ကြိုးစားခဲ့တဲ့လူ"

"ငါ ... ငါ့ကိုမသတ် ... မသတ်ပါနဲ့ကွာ"

"မသတ်ပါဘူး ... မင်း ... မင်းကို ... ဆေး ... ဆေးရုံပို့ပေးမယ်"

စနေက ပါချုစ်ကိုနောက်ပြောင်စကားပြောသည်။ ဒဏ်ရာကိုကြည့်သည်။ ဝဲဘက်နံဘေးတွင် ဓါးချက်ဝင်သွားပြီးသွေးတွေရွှဲနေသည်။

သည်စဉ်မှာ အပြင်မှ ခြေသံတွေကြားရသည်။ ရဲအုပ်ကျော်အောင်တို့လူစုဖြစ်ပါလိမ့်မည်။

ထင်သည့်အတိုင်းသူတို့ပဲ။

သူတို့သာမက မျက်နှာတွင်သွေးအလူးလူးနှင့် ထက်မိုးဦးအပြင်ရပ်ကွက်ဆိုင်ရာလူကြီးတွေပါပါလာသည်။

"ကိုစနေထွန်း ခင်ဗျားဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်ပါဘူး ဆရာကျော်အောင် ... ဖြစ်တာကဒီက ပါချုစ်ပါ"





"ကိုထက်မိုးဦးက ထွက်ပြေးလာတယ် ... ခင်ဗျားဆီက ဘာမှအကြောင်းမပြန်လို့စိုးရိမ်ပြီး လိုက်လာတာလမ်းမှာ ဒဏ်ရာနဲ့ကိုထက်မိုးဦးကိုတွေ့တယ်၊ ကျွန်တော်တို့က ပါချုစ် ထင်ပြီးဖမ်းလိုက်တာ ကိုထက်မိုးဦးဖြစ်နေတယ်ဗျ"

"ကျွန်တော့်လက်ကိုင်ဖုန်းကဘက်ထရီကုန်သွားလို့ဆက်မရဘူးဖြစ်သွားတယ်ဆရာကျော်အောင် ... ထက်မိုးဦးက ကျွန်တော့်ရှေ့မှာပဲ ပါချုစ်ကိုဓါးနဲ့ထိုးသွားတယ်၊ ကျွန်တော် မျက်မြင်သက်သေပဲ၊ အခုပါချုစ်ကိုဆေးရုံပို့ရမယ်"

အကြာကြီးစကားများနေကြလို့မဖြစ်ပါ။

သူတို့ကားနှင့်ပဲရပ်ကွက်လူကြီးတွေကိုသက်သေထားကာ အကျိုးအကြောင်းပြောကာနီးစပ်ရာ ဆေးရုံဖြစ်သောနာမည်ကြီးဆေးရုံကြီးတစ်ခုသို့ပို့လိုက်ကြ၏။

ထက်မိုးဦးကိုဖမ်းသည်။

ပထမတော့ သည်လူကငြင်းနေသေး၏။ ပါးနပ်သောကိုကျော်အောင်တို့ရဲအဖွဲ့၏ ဟိုမေးသည်မေးလှည့်ပတ်မေးခွန်းတွေကိုမခံနိုင်တော့ဘဲ နိုင်ငံခြားစိန်တုဂိုဏ်းတစ်ဂိုဏ်းနှင့်ဆက်သွယ်ပြီးစိန်တုတွေမှောင်ခိုသွင်းခဲ့ပုံကို ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် သူနှင့်ဦးမင်းနွယ်ခေါင်းဆောင်ဖြစ်ကြောင်းနှင့်စနေထွန်းကိုစိန်တုခေါင်းဆောင်ဖြစ်စေရန်လွှဲချဖို့ ပါချစ်ကိုငွေကြေးပေး၍ယောက်ဖကိုသွေးဆောင်ခိုင်းစေခဲ့ကြောင်းပါဖွင့်ဆိုသည်။

အဲဒီညမှာပဲ ရဲများကဦးမင်းနွယ်ကိုသွားရောက်ဖမ်းဆီးလိုက်ကြသည်။

တကယ်ဖမ်းခံရသောကြောင့် ဦးမင်းနွယ်မှာ မျက်နှာငယ်ကလေးနှင့် ရဲစခန်းကိုပါသွားသည်။

အမှုလုံးကြွပြီးယှက်ကြီးမရဖြစ်ခဲ့ကြရတာက ဒေါ်လှစိန်နှင့် သင်းပျံ့နွယ်ပါ။

မာန်မာနဟူသည်အတက်အကျရှိစမြဲ။

စည်းစိမ်ဥစ္စာဟူသည်အတက်အကျရှိစမြဲ။

စနေကဖေဖေတို့ဆီပြန်သည်။ ညဦးနက်မှပြန်လာသောသားကိုဦးစွာအရက်နံ့ခံသည်။ အရက်သောက်မလာကြောင်းသိရတော့မှ ဖေဖေစိတ်သက်သာရာရသည်။

အိမ်ထောင်ရေးမပြေလည်သော၊စီးပွားရေးမပြေလည်သောယောကျ်ားတိုင်းသည်အရက်သောက်ကြစမြဲ ဟု ဖေဖေယူဆ





သည်။ ထိုနည်းအတူ စနေကို အဲဒီလိုဖြစ်သွားမှာစိုးသည်။

"ဖေဖေရာ ... သားသတိရှိပါတယ် ... တချို့ယောကျ်ားတွေစိတ်မခိုင်လို့ရူးတိုင်းသားမရူးပါဘူး ... သားဘီယာပဲသောက်တယ်၊ဒါတောင်အပေါင်းအသင်းတွေ့မှပါ

စနေကရယ်ကာပြောသည်။ ပြီးတော့မှအဖြစ်အပျက်တွေကိုပြောပြ၏။

ဖေဖေရော မေမေပါနားထောင်သည်။

မေမေကရင်တမမဖြစ်ရသည်။

"ဒါဆိုဦးမင်းနွယ်ရော ထက်မိုးဦးပါကြောင်သူတော်ကြွက်သူခိုးကြီးပေါ့"

"ဒါပေါ့ဖေဖေရာ ... လောဘကြီးပြီးဝိသမလောဘကိုထိပ်တန်းတင်ပြီး မဟုတ်မတရားရှာတာကိုး"

"ဖေဖေကတော့ သားအတွက်ဂုဏ်ယူတယ်၊ကိုယ့်နိုင်ငံရဲ့ စီးပွားရေးဟာ သမ္မာအာဇီဝစီးပွားရေးပဲဖြစ်ရမယ်၊ဝိသမလောဘတက်ပြီး ကိုယ့်နိုင်ငံရဲ့ဂုဏ်၊ကိုယ့်ပြည်သူရဲ့ဂုဏ်၊ကိုယ့်နိုင်ငံရဲ့စီးပွားရေးကို ထိခိုက်အောင်လုပ်ရင်တော့ ဒီလိုပဲပြိုပျက်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဟုတ်ပါရဲ့ … ရှင့်အယူအဆနဲ့ရှင့်ကိုး … သားကလေးရဲ့ဂုဏ်တက်တာဟုတ်ပေမယ့် သူ့အိမ်ထောင်ရေးကိုကော မစဉ်းစားတော့ဘူးလား … သားကလေးတက်လမ်းရှိပါစေဆိုပြီး မျက်စိမှိတ်လုပ်လိုက်တဲ့ အလုပ်ဟာသားလေးကိုစိတ်ညစ်စရာဖြစ်နေပြီ … သင်းပျံ့နွယ်နဲ့ဒီလိုပဲဆက်သွားတော့မှာလား … သင်းပျံ့နွယ်ဟာ မျိုးရိုးမသန့်တော့ဘူး … သူ့အဖေကထောင်ကျ၊သူကထောင်ကျရဲ့သမီး … အင်း … တရားရစရာပဲ … လူကိုလူမထင်ပဲမာနကြီးဝင့်ကြွားလာတဲ့သူတွေထိပ်ခေါက်ခံရမှ နာမှန်းသိမယ်"

"သားကတော့ သင်းပျံ့နွယ်ကိုစိတ်မဝင်းစားတော့ဘူးမေမေ၊ လင်ဆုံးမတာကို မနာခံဘဲထင်ရာလုပ်တဲ့လင်မနိုင်မင်းသမီးကိုသားဆက်မပေါင်းနိုင်တော့ဘူး … သူကလည်းသားကိုမပေါင်းချင်ဘူးပြောခဲ့တော့ မနက်ဖြန်ကစပြီးသတင်းစာထဲထည့်အပြတ်ကွာရှင်းလိုက်မယ်"

"ကောင်းတယ်၊ မင်းသဘောပဲ၊ ရှေ့နေနဲ့တော့တိုင်ပင်လိုက်ဦးပေါ့"

ဦးဘသိုက်ထွန်းက ကျေနပ်စွာပြောမိ၏။





အိမ်ထောင်ရေးတွင် သားကလေးဆန္ဒရှိရာပြုပါစေတော့ရယ်လို့။

"ခုချိန်ဆို မလှစိန်ရောသင်းပျံ့နွယ်ပါ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေကြမှာပဲ"

"မာန်မာနဟာ အပူမီးဆိုတာသူတို့သိပြီပေါ့ မျိုးမျိုးရာ"

"ကဲ … သားအိပ်တော့"

စနေသည် သူ့ကိုယ်လက်မျက်နှာပါးစပ်တွေကို သနပ်ခါးအချိန်ကိုကြည့်တော့ နှစ်နာရီကိုးတော့မည်။

ထုံးစံအတိုင်းဘုရားကန်[illegible]ပြုသည်။ မိဘတွေကိုဝတ်ပြုသည်။

ပြီးတော့သူလှုပ်ဖို့တုန်းက အိပ်ခဲ့သောအတွင်းခန်းက အိပ်ရာပေါ်လှဲချသည်။

မေမေသည်သူအိမ်ထောင်ကျခဲ့သည့်တိုင်အောင် ထိုခုတင်ထိုအိပ်ရာကိုသားကလေးရှိသည့်ပမာ ရှင်းစမြဲ။

သူ့ကိုယ်ကိုလှုပ်ဖို့လို့ပဲပြန်လည်အောက်မေ့လိုက်သည်။ တကယ်လည်းလှုပ်ဖို့ပါပဲ။ သင်းပျံ့နှင့်သူညားခဲ့သည့်တိုင် သင်းပျံ့အလိုကျတစ်ခန်းစီအိပ်ခဲ့ကြတော့ လှုပ်ဖို့ရည်မပျက်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲမှာက ထက်အာကာဇော်ဆိုသည့် မိန်းကလေး၏ပုံလွှာပဲပေါ်နေသည်။ ထက်အာကာဇော်သည်သူ့အပေါ် ချစ်နေသည်ဟုထင်သည်။

သူမလည်းအိမ်ထောင်ပျက်၊သူလည်းအိမ်ထောင်ပျက်။ ခေတ်စကားနှင့်ဆိုပုလင်းတူဗူးဆို့လို့ခေါ်မလား။

တကယ်တော့ ဝိန်မသာလိန်မသာပါပဲလေ။

ဆုံကြည်းမယ်ကွယ်
**ဓာညို**
၂၃-၅-၂၀၀၈



BURMESE CLASSIC .com

www.burmeseclassic.com